# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၇ ခုနှစ်၊ တပို့တွဲလကွယ်၊ တနင်္ဂနွေနေ့။ Sunday, 15 February 2026 ၁၂၀၉၄


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## မြန်မာနှင့်တရုတ် နိုင်ငံနှစ်ခုလုံး၏ ပြည်သူလူထုအကျိုးစီးပွားအတွက် ယခုထက်ပိုမိုပြီး တိုးတက်မှု၊ အောင်မြင်မှုများရရှိအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပမည့်နေရာသို့ ရောက်ရှိကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ★




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်ရိုးရာခြင်္သေ့အရုပ်အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးစဉ်။

**ယနေ့ ဖတ်စရာ**


မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း — စာမျက်နှာ » ၃

လေးမျက်နှာမှသည် နေပြည်တော် (တပ်ကုန်း) MRTV သို့ လေ့လာရေးခရီး ... — ဆောင်းပါး စာမျက်နှာ » ၆

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ — စာမျက်နှာ » ၈





ကြေးမုံ

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ယုံကြည် ဥပဒေဘောင်အတွင်းဝင်ရောက်

နိုင်ငံတော်အစိုးရအနေဖြင့် PDF အမည်ခံများအပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့များအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာရန် အစဉ်အမြဲဖိတ်ခေါ်လျက်ရှိသည်။ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့ဝင်များအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံနားလည်သဘောပေါက်ပြီး ဥပဒေဘောင်အတွင်းသို့ တဖွဲဖွဲဝင်ရောက်လျက်ရှိရာ လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရနှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၅၀ တို့သည် ဖေဖော်ဝါရီ ၁၃ ရက်နေ့က မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမတွင် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား တာဝန်ရှိသူများက ကြိုဆိုလက်ခံပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ပြည်သူများအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိသည်။

ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အတူ အကျပ်ကိုင်၍ အတင်းအဓမ္မ လူသစ်စုဆောင်းခံရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်းများ၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ အဓမ္မကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းစွာနေထိုင်ရခြင်းတို့ဖြင့် ကြုံတွေ့ခဲ့ကြရသည်။

ထိုအချိန်တွင် နိုင်ငံတော်အစိုးရနှင့်တပ်မတော်က ဖိတ်ခေါ်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံနားလည်လာကြပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုကြခြင်းဖြစ်ပေါ်လာကြသည်။ ၎င်းတို့၏ အကြမ်းဖက်အဖွဲ့များကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအား ပြန်လည်ပေးဆပ်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို အပြီးတိုင်စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း၌ ငြိမ်းချမ်းစွာနေထိုင်လုပ်ကိုင်နိုင်ရန် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများမှာ အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး သုံးဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီးနှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသားခုနစ်ဦး၊ ငါန်းဇွန်မြို့နယ်မှ အမျိုးသားတစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား ၁၂ ဦး၊ နွားထိုးကြီးမြို့နယ်မှ အမျိုးသားငါးဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၂၈ ဦး၊ အမျိုးသမီးတစ်ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသားတစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၃၈ ဦး၊ အမျိုးသမီး သုံးဦး၊ တောင်သာမြို့နယ်မှ အမျိုးသားနှစ်ဦး၊ ချောက်မြို့နယ်မှ အမျိုးသားလေးဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသားခုနစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသားနှစ်ဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသားလေးဦး၊ အောင်လံမြို့ နယ်မှ အမျိုးသားတစ်ဦး၊ သရက်မြို့နယ်မှ အမျိုးသားတစ်ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသားသုံးဦး စုစုပေါင်း အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီးကိုးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များထံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိခဲ့ကြသော လူငယ်လူရွယ်များတွင် အတင်းအဓမ္မလူသစ်စုဆောင်းခြင်းခံရပြီး အသက်မပြည့်သေးသော လူငယ်လူရွယ်များလည်းပါဝင်သည်ကို တွေ့ရသည်။ အတင်းအဓမ္မနှင့် စည်းရုံးသိမ်းသွင်းမှုကြောင့် လမ်းမှားသို့ရောက်ခဲ့သော လူငယ်လူရွယ်များအနေဖြင့် အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်များနှင့် တပ်မတော်၏ ပြည်သူများအပေါ်ထားရှိသည့် သဘောထားခံယူချက်နှင့် လုပ်ဆောင်မှုများကို သိရှိနားလည်သဘောပေါက်လာကြသဖြင့် ဥပဒေဘောင်အတွင်းသို့ ထပ်မံ၍ဝင်ရောက်လိုသူများရှိနေသည်ဟုသိရသည်။ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့်ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများနှင့် လက်နက်ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိပါကြောင်း။ ။

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅ –၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁၈ –၂ –၂၀၂၆ ရက်မှ ၂၇ –၃–၂၀၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော အသက်(၁၄)နှစ်အထက် မူလတန်းပညာအောင်မြင်ပြီးသူ သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်–

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်–၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း– ၀၉–၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်–၁၆၉၊ ၈၃ လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း– ၀၂–၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း– ၀၅၇–၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်–၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း – ၀၄၂– ၂၅၃၇၃၊ ၀၄၂–၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း–၀၅၄–၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း– ၀၇၄–၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ–ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း– ၀၉–၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း– ၀၄၃– ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှာငံ)**
  အမှတ်–၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာငံမြို့၊ ဖုန်း–၀၈၁–၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း– ၀၅၉–၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်–

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း၊
(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း၊
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# ၁၄ - ၂ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | – | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | – | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | – | အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | – | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | – | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | – | ဇင်မာဝင့် |
| | | | **စာပြင်** | – | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | – | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | – | စိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၂၅
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၆ / ၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) လိုအပ်ပါက နာယကအဖွဲ့သည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်တစ်ဦးဦးကို သတ်မှတ်သက်တမ်းထက်ပို၍ တာဝန်ပေးအပ်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

---

★ **ရွှေဖုံးမှ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဦးဉာဏ်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ဒုတိယဥက္ကဋ္ဌ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာ-တရုတ် ဗုဒ္ဓဘာသာနှင့်ယဉ်ကျေးမှု နှီးနှောဖလှယ်ရေးအဖွဲ့ နာယကနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့အား ခြင်္သေ့ရှစ်ကောင်က မင်္ဂလာဂါရဝပြုကြိုဆိုကြပြီး တရုတ်ရိုးရာ နှစ်သစ်ကူး အထိမ်းအမှတ် ပဝါများဖြင့် ဂါရဝပြုသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က နှစ်သစ်ကူး ပွဲတော် အခမ်းအနားကို မင်္ဂလာမောင်းအား သုံးကြိမ် တီးခတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာပြည် တရုတ်ဗုဒ္ဓဘာသာ ရဟန်းတော်များအဖွဲ့ဥက္ကဋ္ဌ ကွမ်ရင်စီကျောင်းတိုက် ဆရာတော်နှင့် ဘုန်းတော်ကြီးများက တရုတ်-မြန်မာ နှစ်ဘာသာဖြင့် နှစ်သစ်ကူး ဆုတောင်းစကား ဆုတောင်းမေတ္တာများပို့သကြပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့က ကွမ်ရင်ကျောင်း ဆရာတော်ထံ သစ်သီးခြင်းအား ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဘာသာရေးဆိုင်ရာ နှစ်သစ်ကူး အမှတ်တရ မင်္ဂလာလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား ရန်ကုန်မြို့ရှိ တရုတ် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အထက်မြန်မာပြည်၊ အောက်မြန်မာပြည် တရုတ်အသင်းအဖွဲ့များ၊ မြန်မာ တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေးအသင်း(MCITP)မှ ကိုယ်စားလှယ်များက ရိုးရာ လက်ဆောင်မွန်များ ဂါရဝပြု ပေးအပ်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက်ဖျော်ဖြေရေးအဖွဲ့များ၏ တစ်ဖွဲ့ချင်းစီအလိုက် ဂါရဝပြုကပြ ဖျော်ဖြေမှုအား ကြည့်ရှုအားပေးပြီး နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့က နှစ်သစ်ကူး လက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တရုတ်အသင်းအဖွဲ့များနှင့် အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် ခြင်္သေ့ထိုင်အက၊ တရုတ်ရိုးရာ ကြက်တောင်ရိုက်ခြင်းနှင့် မြန်မာ့ရိုးရာတစ်ပင်တိုင် ခြင်းလုံးခတ် သရုပ်ပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး နှစ်သစ်ကူးလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တရုတ်ရိုးရာယဉ်ကျေးမှု ပြခန်းများ၊ လက်မှုပညာပြခန်းများ၊ တိုင်းရင်းဆေးဝါးပြခန်းများ၊ တရုတ်ရိုးရာ အစားအစာပြခန်းများနှင့် စီးပွားရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုကြရာ ပြခန်းတာဝန်ခံများက လိုက်လံရှင်းလင်း တင်ပြကြသည်။

ယင်းနောက် မြင်းနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ညစာစားပွဲ အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာတရုတ်ရိုးရာ ခြင်္သေ့အရုပ်အား ဆေးခြယ်အသက်သွင်းခြင်း မင်္ဂလာအခမ်းအနားကို ပြုလုပ်ခဲ့ပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က တရုတ်ရိုးရာ ခြင်္သေ့အရုပ်အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးသည်။ ယင်းနောက် တရုတ်ရိုးရာ ခြင်္သေ့အကအဖွဲ့က ဂါရဝပြု ကပြကြရာ နှစ်သစ်ကူးလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။

စာမျက်နှာ ၄ သို့ ★



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဦးဉာဏ်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ဒုတိယဥက္ကဋ္ဌ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာ-တရုတ် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှု နှီးနှောဖလှယ်ရေးအဖွဲ့နာယကနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ် နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားစဉ်။

★ စာမျက်နှာ ၃ မှ

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌက တရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကားပြောကြားရာတွင် တရုတ်နိုင်ငံ၏ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ကျော်ကတည်းက တည်ရှိခဲ့သည့် ယဉ်ကျေးမှုသမိုင်းတွင် တရုတ်ရိုးရာ ရာသီခွင် ၁၂ ပါးရှိပြီး ယခု ၂၀၂၆ ခုနှစ်သည် မြင်းနှစ်ဖြစ်သည်ကို သိရှိရကြောင်း၊ မြင်းနှစ်၏ အဓိပ္ပာယ်သည် လုပ်ငန်းဆောင်တာများကို အရှိန်အဟုန်နှင့် စွမ်းအားအပြည့် ဆောင်ရွက်နိုင်ခြင်း၊ စိန်ခေါ်မှုများကို ဉာဏ်ပညာ၊ ကျွမ်းကျင်မှုများနှင့် အောင်မြင်စွာကျော်ဖြတ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိပိုင်ဆိုင်ခြင်းဆိုသည့် ကောင်းမွန်သော အဓိပ္ပာယ်များရှိသည်ဟု မှတ်သားရပါကြောင်း၊ ထို့ကြောင့် ယခုနှစ်သစ်တွင် တရုတ်နိုင်ငံအနေဖြင့် သာမက မြန်မာနှင့်တရုတ် နိုင်ငံနှစ်ခုလုံး၏ ပြည်သူလူထု အကျိုးစီးပွားအတွက် ယခုထက် ပိုမိုပြီး တိုးတက်မှု၊ အောင်မြင်မှုများ ရရှိအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ ထူးခြားသည့် ၂၀၂၆ ခုနှစ်အတွင်းတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မိတ်ဆွေကောင်း၊ အိမ်နီးချင်းကောင်းပီပီ စိတ်ကောင်းစေတနာအပြည့်နှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်နှင့် တိုးချဲ့သွားနိုင်မည်ဟုလည်း အပြည့်အဝ ယုံကြည်ပါကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန် ပေးအပ်ကြစဉ်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် ရေမြေတောတောင်ချင်း ထိစပ်နေသည့် ရွေးချယ်စရာမရှိသော အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံပြည်သူများအကြားတွင်လည်း အေဒီ ၉၀၀ ကျော် ပျူခေတ်ကာလကတည်းက ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်ဆံခဲ့ကြခြင်းကြောင့် ချစ်ကြည်ရင်းနှီးမှုသည် ယခုအခါ နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ထိုသို့ သမိုင်းကြောင်း ကြာမြင့်ပြီဖြစ်သည့် နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ရှည်လျားသည့် နယ်နိမိတ်ချင်း ထိစပ်နေမှုများကြောင့် နှစ်နိုင်ငံအကြား နားလည်မှု၊ ယုံကြည်မှုများကို တိုးမြှင့်ပြီး "ဆွေမျိုးပေါက်ဖော်" ဆက်ဆံရေးကို အခိုင်အမာ ထူထောင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

"ဆွေမျိုးပေါက်ဖော်" ညီအစ်ကို ရင်းချာစိတ်ဓာတ်ကို အခြေခံပြီး နှစ်နိုင်ငံဆက်ဆံရေးကို ကဏ္ဍစုံတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ၂၀၁၁ ခုနှစ်တွင် "ဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး" အဆင့်အထိ တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၂၀ ပြည့်နှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ မြန်မာနိုင်ငံ ခရီးစဉ်အတွင်းတွင် "မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်း" ကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးအတွက် သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုကို အခြေခံပြီး ကဏ္ဍစုံတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးကို ပိုမိုကျယ်ပြန့် နက်ရှိုင်းအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တရုတ်နိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍများတွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်း၊ မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း စီမံကိန်းတို့ကို ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း၊ မူဆယ်-မန္တလေး မီးရထားလမ်းသစ်ဖောက်လုပ်ရေး စီမံကိန်းနှင့် မန္တလေး-ကျောက်ဖြူ မီးရထားလမ်း စီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မူဆယ်-မန္တလေး ရထားလမ်းသည် ကျောက်ဖြူ-ကူမင်း မီးရထားလမ်း စီမံကိန်းကို အကောင်အထည် ဖော်ခြင်း၏ ပထမခြေလှမ်းဖြစ်ပြီး ကျောက်ဖြူ-ကူမင်း မီးရထားလမ်းစီမံကိန်း၏ အဓိကကျသည့် အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ကြောင်း၊ မန္တလေး-ကျောက်ဖြူ ရထားလမ်းစီမံကိန်းသည် တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်အဖြစ် ပုံပေါ်လာနိုင်မည့် အလားအလာရှိသော အခွင့်အလမ်းကောင်းများ ဖြစ်ကြောင်း။

## နှစ်နိုင်ငံလုံးအတွက် များစွာအကျိုးဖြစ်ထွန်း

ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်း ထိစပ်တည်ရှိနေပြီး တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံဆည်းရာနေရာတွင် ပထဝီအနေအထားအရ အချက်အချာကျကျ တည်ရှိနေခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန် အကျိုးရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံက အလေးထားပါကြောင်း၊ လမ်းပန်းဆက်သွယ်မှု အနေဖြင့် လမ်းဆုံနေရာတွင် တည်ရှိနေပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် တရုတ်နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် အတွက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်းက တရုတ်နိုင်ငံခရီးစဉ်တွင် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ရင်းနှီးမြှုပ်နှံနိုင်ပါက နှစ်နိုင်ငံလုံးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ယနေ့ထက်တိုင် လက်ခံကျင့်သုံးနေသကဲ့သို့ စစ်မှန်သော မိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန်ယုံကြည်မှုနှင့် ရိုးရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှု အရှိန်အဟုန်မြှင့်တင်ရေးနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေး ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ပါကြောင်း။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ကူညီပေးခဲ့မှု၊ မန္တလေးငလျင်အတွက် အစောဆုံး အကူအညီ စေလွှတ်ခဲ့မှုတို့အပေါ် အစဉ်အမှတ်ရပါကြောင်းနှင့် ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအတွက် အကူအညီများ ပေးအပ်မှုအပေါ် များစွာကျေးဇူးတင်ရှိကြောင်း၊ ဒေသတွင်းတွင်သာမက နိုင်ငံတကာ အသိုက်အဝန်းများတွင် စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့်အားပေးထောက်ခံမှုများ အတွက်လည်း များစွာတန်ဖိုးထားကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်အောင်မြင်မြင်ဖြင့် ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ကြောင်း၊ မကြာခင်တွင် ရွေးကောက်တင်မြှောက်ခံကိုယ်စားလှယ်များ ဦးဆောင်ပြီး လွှတ်တော်အစည်းအဝေးများကို ခေါ်ယူကျင်းပနိုင်တော့မည်ဖြစ်ကြောင်း၊ လွှတ်တော်မှတစ်ဆင့် ဒီမိုကရေစီ နည်းလမ်းတကျ ရွေးကောက်တင်မြှောက်သည့် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အစိုးရအဖွဲ့တစ်ရပ်သည်လည်း လာမည့် ဧပြီလဆန်းပိုင်းတွင် ပေါ်ပေါက်လာတော့မည် ဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ယခုထက်ပိုသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ကြောင်း။

တရုတ်ရိုးရာ ရာသီခွင်များထဲက "မြင်း" ဆိုသည်မှာ အောင်မြင်မှု၊ ကံကောင်းခြင်းနှင့်လည်း ဆက်စပ်နေကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို အခြေခံသည့် အိမ်နီးချင်းချစ်ကြည်ရေး ထာဝရတည်တံ့စေရန်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သာယာဝပြောစေရန်နှင့် ယနေ့ ကြွရောက်လာသည့် ဂုဏ်သရေရှိ လူကြီးမင်းများအားလုံး ကျန်းမာရွှင်လန်းပြီး အောင်မြင်ခြင်း၊ ကံကောင်းခြင်းများ ပိုင်ဆိုင်ကာ ပျော်ရွှင်ချမ်းမြေ့ ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

## လက်ဆောင်များ အပြန်အလှန်ပေးအပ်

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ် လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးက နှစ်သစ်ဆုတောင်းစကား ပြောကြားရာတွင် ယနေ့ညတွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံရှိ တရုတ်နွယ်ဖွားများ၏ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အခမ်းအနားကို တက်ရောက်ပြီး အတူတကွ မြင်းနှစ်သစ်ကို ကြိုဆိုခွင့်ရခြင်းအတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ တရုတ်နှစ်သစ်ကူးပွဲတော်သည် မိသားစုစည်းလုံးစုစည်းခြင်း စိတ်ခံစားမှု၊ နှစ်ဟောင်းကို နှုတ်ဆက်ပြီး နှစ်သစ်ကိုကြိုဆိုခြင်း တောင်းဆုမွန်များဖြင့် နှစ်သစ်၏ အနှစ်သာရ ပေါ်လွင်နေပါကြောင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း သဟဇာတဖြစ်စွာ ဆက်ဆံပြုမူခြင်း တို့ကိုလည်း ထင်ဟပ်စေပါကြောင်း၊ ဤအချက်များသည် အရှေ့တိုင်း၏ တူညီသော တန်ဖိုးထားမှုများဖြစ်ပါကြောင်း။

စာမျက်နှာ ၅ သို့ ★

★ စာမျက်နှာ ၄ မှ

၂၀၂၄ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံအစိုးရက တရုတ်ရိုးရာလပြက္ခဒိန် နှစ်သစ်ကူးနေ့ကို အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ကြေညာခဲ့ကြောင်း၊ ယခုနှစ် တရုတ်နှစ်သစ်ကူး ပွဲတော်သည် မြန်မာနိုင်ငံ၏ ပြည်ထောင်စုနေ့နှင့် နီးနေသဖြင့် နှစ်နိုင်ငံပြည်သူများ အတူတကွ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ခြင်းသည် ဤပွဲတော်နှစ်ခုလုံး၏ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်းနှင့် စည်းလုံးခြင်းစိတ်ဓာတ်ကို ထင်ရှားစေပါကြောင်း။

၂၀၂၅ ခုနှစ်သည် တရုတ်-မြန်မာ ဆက်ဆံရေးအတွက် အရေးပါသည့် နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးသည် ထိပ်သီးခေါင်းဆောင်များ၏ လမ်းညွှန်မှုအောက်တွင် အဆင့်သစ်တစ်ခုသို့ တက်လှမ်းခဲ့ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ပြီး ဂုဏ်ပြုစာလွှာများ အပြန်အလှန် ပေးပို့ခဲ့ကြကာ သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့်ခြင်းကို အခွင့်အခါကောင်းယူ၍ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်နှင့် တရုတ်-မြန်မာ အေးအတူပူအမျှ ကံကြမ္မာတူညီရေး တည်ဆောက်ရေးကို အရှိန်မြှင့်ဆောင်ရွက်ရန် တွန်းအားပေးခဲ့ကြောင်း၊ ယင်းသည် နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းညွှန်မှုနှင့် အင်အားကို ပေါ်လွင်စေခဲ့ကြောင်း၊ တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် တိုးတက်မှုအသစ်များရရှိခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ ၁၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ တရုတ်နိုင်ငံ၏မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုမှာ ၂၃၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး နှစ်နိုင်ငံပြည်သူများအတွက် မြင်သာထင်သာသော



မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှစ်သစ်ဆုတောင်းစကား ပြောကြားစဉ်။

အကျိုးကျေးဇူးများ ဖြစ်ထွန်းစေခဲ့ကြောင်း၊ နှစ်နိုင်ငံလူထုအကြား ယဉ်ကျေးမှုဖလှယ်ရေးတွင်လည်း စုံလင်လှကြောင်း၊ ကျဲ့ကျန်း အော်ပရာအဖွဲ့နှင့် တရုတ်ရုပ်ရှင်ရက်သတ္တပတ်တို့သည် မြန်မာပြည်သူများကို တရုတ်နိုင်ငံအား လက်တွေ့ကျကျ ရုပ်လုံးကြွစွာ ခံစားသိရှိ စေခဲ့ပါကြောင်း၊ ယမန်နှစ်က မြန်မာနိုင်ငံသို့ လာရောက်သည့် တရုတ်ခရီးသွားဧည့်သည်ဦးရေသည် ၂၅၀၀၀၀ ကျော်ရှိခဲ့ပြီး မြန်မာနိုင်ငံ၏ အကြီးဆုံး ခရီးသွားအရင်းအမြစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိခဲ့ကြောင်း၊ တရုတ်-မြန်မာ အစိုးရအရာရှိများ၊ ဘာသာရေးခေါင်းဆောင်များ၊ ပညာရှင်များ၊ အနုပညာရှင်များ၊ လူငယ်နှင့် အားကစားသမားများ အပြန်အလှန် လေ့လာရေးခရီးစဉ်များသည် ပြည်သူနှစ်ရပ်အကြား နားလည်မှုနှင့် ချစ်ကြည်မှုတိုးပွားစေခဲ့ပါကြောင်း၊ ယခုနှစ်အတွင်း နှစ်နိုင်ငံ၏ "ပေါက်ဖော်ချစ်ကြည်ရေး" ဆက်ဆံရေးသည် ပိုမိုမြင့်မားလာခဲ့ပြီး ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်အပြီး အသက်ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ခြင်းများသည် ကြီးမားသောမေတ္တာတရားဖြင့် တရုတ်-မြန်မာ ချစ်ကြည်ရေးကို ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်အစိုးရမှ လူအား၊ ပစ္စည်းအားနှင့် ငွေကြေးထောက်ပံ့မှုများ ပေးအပ်ခဲ့သကဲ့သို့ မြန်မာနိုင်ငံရှိ တရုတ်နွယ်ဖွား အသိုင်းအဝိုင်းကလည်း အမြန်ဆုံးတုံ့ပြန်ကာ အလှူငွေများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့ကြကြောင်း၊ မြန်မာပြည်ဖွား တရုတ်လူငယ်စေတနာ့ ဝန်ထမ်းများသည် သဘာဝဘေးဒဏ် အခြေအနေအချက်အလက်များ စုဆောင်းပေးခြင်း၊ ထိခိုက်ဒဏ်ရာရသူများကို ကူညီ ပြောင်းရွှေ့ပေးခြင်းနှင့် လိုအပ်သော အထောက်အပံ့များ ပေးအပ်ခြင်းတို့ဖြင့် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြကြောင်း၊ ဤကဲ့သို့ တစ်ဦးဒုက္ခရောက်လျှင် အားလုံးဝိုင်းဝန်းကူညီခြင်းသည် တစ်လှေတည်းစီး၊ တစ်ခရီးတည်း သွားခြင်းနှင့် တရုတ်-မြန်မာ အေးအတူပူအမျှ ကံကြမ္မာတူ အသိုက်အဝန်း၏ စည်းလုံးညီညွတ်သော စိတ်ဓာတ်ကို ကွက်ကွက်ကွင်းကွင်း ထင်ဟပ်စေပါကြောင်း။

**ခရီးစဉ်သစ်တစ်ခု စတင်**

၂၀၂၆ ခုနှစ်သည် တက်ကြွမှုနှင့် အားမာန်အပြည့်ရှိသော မြင်းနှစ်သစ်ကို မိမိတို့ ကြိုဆိုဂုဏ်ပြုကြမည့်နှစ် ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် (၁၅)ကြိမ်မြောက်ငါးနှစ်စီမံကိန်းကိုစတင်အကောင်အထည်ဖော်တော့မည်ဖြစ်ပြီး မြန်မာနိုင်ငံသည်လည်း ခရီးစဉ်သစ်တစ်ခုကို စတင်တော့မည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီထားသော အရေးကြီးသော အချက်အလက်များကို မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကံကြမ္မာတူ အသိုက်အဝန်း တည်ဆောက်ရေးကို လက်တွဲခိုင်မာစေကာ နှစ်နိုင်ငံကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရေးဆက်ဆံမှု သမိုင်းသစ်ကိုလည်း အတူတကွ ရေးဖွဲ့သွားမည် ဖြစ်ကြောင်း၊ မြင်းသည် ရဲစွမ်းသတ္တိနှင့် ဖွဲလုံ့လကို ကိုယ်စားပြုသည့် သင်္ကေတဖြစ်ပြီး ယင်းသည် မြန်မာနိုင်ငံတွင် ရာစုနှစ်ချီ၍ အခြေချနေထိုင်ကာ ဝီရိယရှိရှိ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော မြန်မာပြည်ဖွား တရုတ်ညီအစ်ကို မောင်နှမများ၏ စိတ်ဓာတ်နှင့် အလွန်ကိုက်ညီလှကြောင်း၊ မြင်းနှစ်၏ ရဲရင့်အားမာန်ကို အသုံးချကာ တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ နှစ်နိုင်ငံလူထုအကြား စိတ်ချင်းနီးစပ်မှု ပိုမိုတိုးပွားစေရန်၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ခေတ်သစ်တွင် ရောင်ခြည်အသစ်ဖြင့် ထွန်းလင်းတောက်ပစေရန် မြန်မာပြည်ဖွား တရုတ်ညီအစ်ကိုမောင်နှမအားလုံးက တရုတ်-မြန်မာအကြား တံတား၊ ယဉ်ကျေးမှု သံတမန်များအဖြစ် ဆက်လက် ဆောင်ရွက်ကြပါရန် မျှော်လင့်ပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံစလုံး ထွန်းကားတိုးတက်ပါစေ၊ နိုင်ငံနှင့် ပြည်သူ အေးချမ်းသာယာပါစေ၊ အားလုံး ဆန္ဒတိုင်းပြည့်ဝပြီး ကောင်းခြင်းမင်္ဂလာ ခံစားရရှိကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့သည်အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ တရုတ်ရိုးရာနှစ်သစ်ကူး အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင် နေစဉ်အတွင်း တရုတ်နိုင်ငံမှ လာရောက်ဖျော်ဖြေသည့် ချုံချင့်ရိုးရာအကအဖွဲ့၊ မိရာမိုရ်(ဂီတကဗျာ)အကအဖွဲ့၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာရှင်များက အဆိုအကများ၊ တေးသရုပ်ဖော်များ၊ တရုတ်-မြန်မာ ချစ်ကြည်ရေး တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ တရုတ်ယဉ်ကျေးမှုအဖွဲ့များက တရုတ်ရိုးရာ တေးသီချင်းများ၊ တူရိယာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေခြင်းများ၊ ပြင်ပအနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းများ ဆောင်ရွက်ကြသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် ၂၀၂၆ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ဘတ်စကက်ဘော ပြိုင်ပွဲတွင် ဆုရရှိကြသော အားကစားသမားများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ဖျော် ဖြေတင် ဆက် ခဲ့ ကြ သည့် တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာရှင်များအား အမှတ်တရ လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာ့အနုပညာရှင်များနှင့် ကြွရောက်လာကြသည့် ဧည့်သည်တော်များသည် တရုတ်-မြန်မာချစ်ကြည်ရေး Theme Song ဖြစ်သည့် **"ပန်းတိုင်းပွင့်စေ"** သီချင်းကို စုပေါင်းသီဆိုခဲ့ကြကြောင်းနှင့် အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**

**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကိုဖြေကြားပေး"**

**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

# လေးမျက်နှာမှသည် နေပြည်တော် (တပ်ကုန်း) MRTV သို့ လေ့လာရေးခရီး ...

မြင့်စိုး(နတလ)

**လေ့လာရေးခရီးစဉ်၏ နိဒါန်းအစ**

ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၂၆ မြို့နယ်ရှိသည့်အနက် ကျွန်တော်တို့ လေးမျက်နှာမြို့နယ်သည် ဧရိယာအကျယ်အဝန်းအရ အသေးကွေးဆုံး၊ ဖွံ့ဖြိုးတိုးတက်မှုအရလည်း အနေးကွေးဆုံးဖြစ်နေမည်မှာ မြေကြီးလက်ခတ်မလွဲပါ။ သို့သော်ငြားလည်း အနီမြို့ငယ်လေးမှာ မြို့နယ်အတွင်း၌ လေးမျက်နှာသားတို့အတွက် ဂုဏ်ယူဝင့်ကြွားစရာ အကြောင်းခြင်းရာတို့က အနမတဂ္ဂပင်။ ဘာသာသာသနာဘက်မှစ၍ ပြောစေချင်ပါသလား၊ ဘိုးတော်ဘုရားလက်ထက် မိဖုရားခေါင်ကြီး ရတနာဒေဝီကိုးကွယ်သော ပထမထွတ်ခေါင်ဆရာတော်ကြီး၊ ဘကြီးတော်မင်းလက်ထက် မိဖုရားရှင်မင်းနု(ခ)မယ်နု ကိုးကွယ်သော ဒုတိယထွတ်ခေါင်ဆရာတော်ကြီး၊ ထိုမှ တိုင်းသိပြည်ကျော် ရွှေဟင်္သာဆရာတော်ကြီးနှင့် အောင်ဆန်းဆရာတော်ကြီးတို့သည် လေးမျက်နှာဇာတိဖွားများ ဖြစ်ကြပါသည်။ နိုင်ငံရေးလောကတွင် ဝိစုရသခင်ချစ်မောင်၊ မန္တလေးရဟန်းပျိုများသမဂ္ဂတွင် စတင်ပါဝင်ပြီး နယ်ချဲ့အင်္ဂလိပ်တို့အား ဆန့်ကျင်တော်လှန်ခဲ့သော သခင်ပညာလောက (ခ) လေးမျက်နှာပရဟိတကျောင်းဆရာတော် ဦးပညာလောက၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)ချီးမြှင့်ခြင်းခံရသည့် ဗိုလ်အောင်ဖေ၊ ဆင်ပျံတပ်ဖွဲ့ကို ဖွဲ့စည်းပြီး ဂျပန်ကိုတော်လှန်ခဲ့သောကြောင့် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)ချီးမြှင့်ခြင်းခံရသည့် ဆင်ဖိုးထွန်း (ခ) ဦးဖိုးထွန်းတို့ ရှိနေပါသည်။

ရုပ်ရှင်၊ ဂီတနှင့် သဘင်တို့ပါဝင်သည့် အနုပညာကဏ္ဍတွင်လည်း လေးမျက်နှာသည် မျက်နှာမငယ်ခဲ့ပါ။ လာလုလုငေးရုပ်ရှင်ဇာတ်ကားတွင်ပါဝင်သရုပ်ဆောင်ထားသည့် မင်းသား မြင့်စိုး၊ လုံမင်းသား စံတင်၊ ဇာတ်ညွှန်း လေးမျက်နှာသန်းဦး၊ အကယ်ဒမီမေ့စ်တို့သည်လည်းကောင်း၊ သဘင်လောကတွင် မြေဝိုင်းဇာတ်သဘင်မှ စင်ပေါ်သို့ ကူးပြောင်းစကာလ၌ ဇာတ်မင်းသားကြီး ဦးဘသော်၊ မင်းသမီးကြီး အကယ်ဒမီဒေါ်ကြည်ကြည်ငွေနှင့် တွဲကခဲ့သော အောင်ချင်းဗိုလ် အောင်ချင်းမဇာတ်မှ မင်းသား အောင်ဝိဇ္ဇာဦးခင်မောင်၊ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ ဆိုဗီယက်ပြည်ထောင်စု၌ ဆပ်ကပ်ဒီပလိုမာရခဲ့သည့် အာဇာနည်စန်းစန်းတို့သည်လည်းကောင်း၊ ဂီတ၌ အလင်္ကာကျော်စွာ ဟင်္သာတဦးမြင့်ငွေ၊ စန္ဒရားလူမော်တို့သည်လည်းကောင်း၊ အားကစားကဏ္ဍ အာရှလက်ရွေးစင် ဘောလုံးသမား ဦးလှငွေးပေါ်ထွန်းခဲ့ပြီး ယင်းနောက်ပိုင်း မြန်မာ့လက်ရွေးစင် အောင်စံဖြိုးနှင့် ဂိုး-မေခင်ယမင်းတို့သည်လည်းကောင်း ထင်ရှားခဲ့သည်။ စာပေလောက၌လည်း သိပ္ပံမောင်ဝတို့နှင့် ခေတ်ပြိုင် ကဗျာဆရာကြီး စောရန်နောင်၊ သီရိပျံချီဘွဲ့ရ ကျောက်စာဝန် ဦးမြတို့သည် လေးမျက်နှာမြို့နယ် ဇာတိဖွားများဖြစ်ကြသည်။

လေးမျက်နှာမြို့၏ ထင်ရှားသော သမိုင်းဝင် အမွေအနှစ်တစ်ခုမှာ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စတုမုခထူပါရုံစေတီတော်မြတ်ကြီး ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ထင်ရှားသော ဘုရားစေတီများမှ ဂေါပကအဖွဲ့ဝင်များကို နေပြည်တော်သို့ ဖိတ်ကြားခေါ်ယူပြီး မာရဝိဇယရုပ်ပွားတော်မြတ်ကြီး အပါအဝင် တန်ခိုးကြီးဘုရားများအား ဖူးမြော်ခဲ့ကြစဉ် ထူပါရုံဂေါပကအဖွဲ့ဝင်များ ပါမသွားခဲ့ပါ။ လိုက်ပါဖူးမြော်ခွင့်မရကြသည့်အကြောင်းကို လွန်ခဲ့သည့် ခြောက်လခန့်ကတည်းက ကြားသိခဲ့ရပြီးဖြစ်ရာ ကျွန်တော့်စိတ်ထဲမှာ ထိုဂေါပကအဖွဲ့အား မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ အရိပ်အာဝါသအောက်သို့ ပို့ဆောင်ပေးချင်စိတ် ပေါ်ပေါက်ခဲ့ပါသည်။ သည့်အတွက် ယင်းဂေါပကအဖွဲ့ကို အကြောင်းပြုပြီး လေးမျက်နှာမြို့နယ်သူ မြို့နယ်သား ၃၀ ပါဝင်သည့် လေ့လာရေးအဖွဲ့အား ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့ထိ လေးမျက်နှာ-နေပြည်တော်ခရီး သွား/ ပြန် ပို့ဆောင်ပေးကာ လိုအပ်သည်များ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။



**ဘုရားစေတီများ ဖူးမြော်၊**
**သီးနှံပို့ကုန်လုပ်ငန်းများ လေ့လာ**

လေးမျက်နှာမြို့လေးဆီက ထွက်မလာမီကတည်းက လေ့လာရေးခရီးစဉ်ကို ရှင်းလင်းပြောကြားရာ၌ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား ဦးစွာဖူးမြော်ကန်တော့ကြမည်။ ပြီးလျှင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ကြမည်။ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသောကြောင့် ဘုရားဖူးပြည်သူများအား စနေ၊ တနင်္ဂနွေရက်များ၌သာ လိုဏ်အတွင်းရုပ်ပွားတော်များ ဖူးမြော်ခွင့်ပေးထားရာ လေးမျက်နှာဘုရားဖူးအဖွဲ့အနေဖြင့် ကြားရက်တွင် ဖူးမြော်ခွင့်ပြုပါရန် ကြိုတင်ညှိနှိုင်းပေးခဲ့ပါသည်။

ဘုရားဖူးအဖွဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြရာ၌ ဂေါပကအဖွဲ့က ရုပ်ပွားတော်မြတ်ကြီး ထုလုပ်ပူဇော်သည့် စကျင်ကျောက်တုံးကြီး အလှူခံရရှိမှုမှအစ၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် ကြိုးပမ်းသယ်ယူလာပုံအဆင့်ဆင့်၊ ထုဆစ်ပုံဖော်ခြင်းလုပ်ငန်းများ၊ ကျောက်စာရုံစေတီများ တည်ထားကိုးကွယ်ပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားပြီး ဘုရားပရိဝုဏ်အတွင်း ဘာဂီယာဉ်ငယ်များဖြင့် လိုက်လံပြသဖူးမြော်ကြည်ညိုခွင့် ရခဲ့ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်သည့်နေ့ကလည်း ဘုရားဖူးပြီး ဆင်ဖြူတော်များထားရှိသည့် ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်သို့ သွားရောက်ကာ လေ့လာကြည့်ရှုခဲ့ကြပါသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများနှင့် ကိုက်ညီနေသောကြောင့်လည်းကောင်း Nilar Frozen Foods ကုမ္ပဏီလီမိတက်၏ ရုံးပတီသီးနှင့် ဂျပန်ဟင်းနုနယ်တို့ စိုက်ပျိုးထုတ်လုပ်ပြီး ဂျပန်နိုင်ငံသို့တင်ပို့မှုအခြေအနေ၊ မြန်မာရွှေသစ်သီးဝလံကုမ္ပဏီလီမိတက်၏ စိန်တလုံးသရက်သီး၊ ပင်မှည့်သီး၊ နာနတ်သီးများအပါအဝင် သစ်သီးအမျိုးမျိုးကို တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့နေမှုအခြေအနေ၊ နရိန္ဒြာကုမ္ပဏီလီမိတက်က မှျစ်ခြောက်များထုတ်လုပ်၍ ဂျပန်နိုင်ငံသို့ တင်ပို့နေမှုအခြေအနေများကိုလည်း သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ တာဝန်ရှိသူများက ဝမ်းပန်းတသာကြိုဆို၍ စိတ်ရှည်လက်ရှည် ရှင်းလင်းပြသမှု၊ ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးအထူးတင်ရှိခဲ့ရပါသည်။

**လွန်ခဲ့သော ၂၅ နှစ်က ဇာတ်လမ်းပမာနားဆင်စရာ**

လေးမျက်နှာမြို့နယ်သူ မြို့နယ်သား လေ့လာရေးအဖွဲ့ဝင်များကို ပို့ဆောင်လေ့လာစေမည့်နေရာ ဌာနတစ်ခုကျန်ရှိနေပါသေးသည်။ ထိုနေရာမှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပင် ဖြစ်ပါ၏။ နေပြည်တော် တပ်ကုန်းရှိ MRTV သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သတင်းကြားသည်နှင့် လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာသား ဦးဇော်ဝင်းအောင်က သူ၏ရင်တွင်းဆန္ဒတစ်ခုကို တင်ပြလာပါသည်။ ၂၀၀၁ ခုနှစ် ငွေတာရီဝတ္ထုတိုပြိုင်ပွဲတွင် ရွှေကျွန်းမောင် (ခမောက်စု) ကလောင်ဖြင့် သူရေးခဲ့သော "ကမ္ဘာတည်သရွေ့တူညီနေမည့်ရင်ခုန်သံ" ဝတ္ထုတိုလေးက အထူးဆုရခဲ့သည်။ ထိုဆုရဝတ္ထုတိုလေးကို မြန်မာ့အသံရေဒီယို၏ ဇာတ်လမ်းပမာနားဆင်စရာအဖြစ် ထုတ်လွှင့်ပေးခဲ့ကြောင်း၊ ဖြစ်နိုင်ပါက ယင်းအသံလွှင့်အစီအစဉ်လေးကို ပြန်လည်ရယူနားထောင်လိုပါကြောင်း ပြောကြားလာခဲ့သည်။ ကျွန်တော့်စိတ်ထဲမှာတော့ ၂၅ နှစ်တောင်ကြာခဲ့ပြီ၊ ရှိမှရှိပါတော့မလားဟု တွေးလိုက်မိသေး၏။ တကယ်တမ်း ကျွန်တော်တို့ MRTV သို့ သွားရောက်လေ့လာသည့် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ထိုအကြောင်းကို မြန်မာ့အသံရေဒီယိုမှ တာဝန်ရှိသူများထံ သတင်းစကားပါးခဲ့သည်။ ကံအားလျော်စွာ ရေဒီယိုအစီအစဉ်ဘက်မှာ ကျွမ်းကျင်သူအဖြစ် တာဝန်ထမ်းဆောင်နေသည့် လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်နီလာသန်း၏ ကူညီမှုဖြင့် ၁၉ မိနစ် ၄၁ စက္ကန့်စာမျှရှိ အသံဖိုင်ကို သူရရှိသွားပါသည်။

လေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိလာပြီးနောက် ယင်းဇာတ်လမ်းပမာနားဆင်စရာ အသံဖိုင်လေးကို ကျွန်တော့်ဆီပေးပို့လာသဖြင့် နားထောင်ကြည့်လိုက်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို သိရှိနားလည်စေရေးနှင့် တောဟန်၊ တောသဘာဝ၊ တောဓလေ့များကို ခံစားနားဆင်နိုင်စေရေး သီကုံးရေးသားဖွဲ့နွဲ့အသံသွင်းထားခြင်းဖြစ်ကြောင်း သိခွင့်ရလိုက်သည်။ ဇာတ်လမ်း၏ပဏာမအဖွင့်သီချင်းကို တေးသံရှင်ဟေမာနေဝင်းက သီဆိုထားသည်။ ဇာတ်လမ်းထဲမှာတော့ ရွှေစာရေးရွာသား သာဉာဏ်၊ သူ့နှမ လှခင်တို့က မိဘများနှင့်အတူ လယ်လုပ်၊ ကိုင်းလုပ် အသက်မွေးကြသည်။ ပဲခင်းထဲမှာ ဝက်တစ်ကောင်ဝင်စားနေ၍ မရအရဖမ်းယူခဲ့ပြီး လယ်တဲမှာ ကြိုးချည်ထားလိုက်သည်။ ကျောင်းစုရွာက ကရင်တိုင်းရင်းသားလေး စောမူးလယ်က သူ၏ဝက်ကလေးပျောက်သွားသည်ကို လိုက်ရှာရင်း သာဉာဏ်တို့နှင့်ဆုံခဲ့သည်။ ကရင်တိုင်းရင်းသားတို့၏ စာမျက်နှာ ၇ သို့ ❐

- ❖ ရုပ်မြင်သံကြားမပေါ်ပေါက်မီ ၁၉၈၀ ပြည့်နှစ်အထိ ကျွန်တော်တို့အားလုံး မြန်မာ့အသံရေဒီယိုကို လှိုက်လှဲစွာအားပေးရင်း ကြီးပြင်းလာခဲ့သူများဖြစ်ခဲ့ကြ၏။ နံနက်ချိန်ခါ တေးသံသာများကိုလည်းကောင်း၊ ရွာစားကျော် စိန်ဘမောင်၏ စံတော်ချိန်တီးလုံးဖြင့် သတင်းကြေညာမှုများကိုလည်းကောင်း၊ သီချင်းကဏ္ဍတွင် သောတရှင်လိုရာ၊ မွေးနေ့လက်ဆောင်၊ ရုပ်ရှင်သီချင်း၊ သီချင်းကြီး သီချင်းခန့်များ၊ တေးသံရှင်အကြိုက်၊ သူရေးသီရာ တေးကဗျာ၊ စစ်သည်အတွက် တေးလက်ဆောင် အစရှိသော တေးသီချင်းများကို လည်းကောင်း ခံစားနားဆင်ခဲ့ကြရ
- ❖ မြန်မာ့အသံရေဒီယိုက မြေတောင်မြှောက်ပေးလိုက်သော ဂီတအနုပညာရှင်များစွာရှိခဲ့ပါသည်။ ထိုထိုသော ဂီတအနုပညာရှင်များက သူတို့ချစ်သည့် မြန်မာ့အသံရေဒီယို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်စေဖို့ ဆန္ဒရှိကြမည်သာ။ ထိုနည်းတူစွာ ရေဒီယိုချစ်သူ သောတရှင်ပရိသတ်များကလည်း မြန်မာ့အသံရေဒီယို အစဉ်အမြဲ ဆန်းသစ်တီထွင်အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာများပို့သလျက်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရင်ပြင်ရှိ ကွပ်ကဲရေးရုံး၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများ တက်ရောက်သည်။



တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်း ပွဲတော်၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်၍ နောင်ကျင်းပမည့် ပြပွဲ၊ ပြိုင်ပွဲများတွင် ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် MSME များဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ခင်းကျင်းပြသရောင်းချနိုင်ရေး ဆောင်ရွက်ခဲ့မှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် MSME များ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး၊ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ကြီးလေးသည့် တာဝန်များကို ထမ်းဆောင်လျက်ရှိပြီး စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေး လေ့လာသင်ယူမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်၊ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်တွင် မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး ၃၃၂၃၅ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး ၃၃၂၃၅ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ပူးပေါင်းဆောင်ရွက်**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၃၂၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသတွင်းရှိ တောင်သူများ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ စိုက်ပျိုးရေး သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

**ပြောကြား**

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆန်စပါး စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့ ရည်ရွယ်ပြီး စပါး ၃၃၂၃၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ သတ်မှတ်ထားတဲ့ စိုက်ဧကတွေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ကာ စပါးသီးနှံ မစိုက်မီ အချိန်ကတည်းက ကြိုတင်ပြီး စိုက်ပျိုးရေး နည်းပညာများ၊ မျိုးကောင်းမျိုးကောင်းသန့် ရရှိရေးနဲ့ စိုက်ပျိုးရေ အချိန်မီရရှိရေး တို့ကို ပံ့ပိုးကူညီပေးသွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောကြားသည်။



ပွင့်ဖြူမြို့နယ်၌ နွေသီးနှံ စိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲ ဆည်ရေဖြင့် နွေစပါး ၃၃၂၃၅ ဧက၊ နွေနှမ်း ၃၃၇၃၇ ဧက စုစုပေါင်း နွေသီးနှံစိုက်ဧက ၆၆၉၇၂ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

❒ စာမျက်နှာ ၆ မှ

ထုံးစံအတိုင်း ယောက်ဖ၊ ယောက်ဖဟု မကြာခဏခေါ်၍ စကားပြောသည်ကို သာဥဇ္ဇာက မကြိုက်၊ စောမူးလယ်ကတော့ သူတို့ အခေါ်အဝေါ်အတိုင်း သာဥဇ္ဇာ၏ဖခင်ကို ဖထီး၊ သူ့နှမ လှခင်ကို အနန့်ဟုခေါ်သည်။ သာဥဇ္ဇာ ပဲလှိုင်းတွေကို လှည်းပေါ်တင်ရင်း သူ၏နွားနှစ်ကောင်ဖြစ်သည့် ပြည်ကျော်နှင့် မိုးညိုတို့ကို ရုန်းစေကာ ရွာသို့ပြန်လာခိုက် ကန်သင်းရိုးနှင့်တိုက်ပြီး လှည်းမှောက်ကာ ပဲလှိုင်းများအောက်သို့ ရောက်သွားခဲ့သည်။ လှခင်၏ အော်သံကြောင့် စောမူးလယ်ပြေးလာပြီး သာဥဇ္ဇာကို ဆွဲထုတ်ကယ်တင်ခဲ့သည်။ လှည်းမှောက်ရခြင်းအကြောင်းရင်းမှာ လှည်းဘီးဒေါက်တစ်ချောင်းပြုတ်နေသည်ကို ပြန်မတပ်ဘဲရှိသည့်အတိုင်း မောင်းနှင်အသုံးပြုခဲ့၍ တိမ်းမှောက်သွားခြင်းဖြစ်သည်။ ဒေါက်တစ်ချောင်းသည် လှည်းတစ်စီးလုံးအတွက် အရေးကြီးသလို အတူနေထိုင်ကြသူများကသာ တစ်ဦးအပေါ်တစ်ဦး ကူညီကြကြောင်း၊ အသက်ရှူတာချင်းတူသလို ရင်ခုန်သံချင်းလည်းတူကြကြောင်း ဖခင်ဖြစ်သူ၏ ဆုံးမစကားဖြင့် ဇာတ်လမ်းလေးကို အဆုံးသတ်ထားသည်။ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့နှင့်လည်း တိုက်ဆိုင်နေသဖြင့် မြန်မာ့အသံရေဒီယိုက အဆိုပါဇာတ်လမ်းတိုလေးကို ပြန်လည်ထုတ်လွှင့်ပေးလျှင် ကောင်းလေစွဟု ကျွန်တော် တွေးလိုက်မိသေးသည်။

**MRTV မှာ လေ့လာခဲ့ကြသည်**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှာ ရုပ်မြင်အပိုင်းကရော ရေဒီယိုဘက်ကပါ နိုင်ငံအတွက် ကြိုးပမ်းထမ်းရွက်နေကြပုံကို ကိုယ့်မြို့နယ်သူ မြို့နယ်သားများ တွေ့မြင်သိရှိစေလိုသည်။ သို့ဖြစ်၍ သက်ဆိုင်ရာသို့ ခွင့်ပြုချက်တောင်းခံကာ လေ့လာကြည့်ရှုခဲ့ကြသည်။ လေ့လာရေးအဖွဲ့အား တာဝန်ရှိသူများနှင့် တိုင်းရင်းသား တိုင်းရင်းသူလေးများက ကြိုဆိုနှုတ်ဆက်ကြကာ Auditorium ခန်းမအတွင်း၌ တေးသီချင်းများဖြင့် ကပြဖျော်ဖြေခြင်း၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ Video Clip ကို ပြသခြင်းတို့ ပြုလုပ်ပြီးနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Small Studio နှင့် News Channel Studio တို့တွင် သတင်းရိုက်ကူးထုတ်လွှင့်နေမှုကို ကြည့်ရှုလေ့လာခဲ့ကြသည်။ ယင်းနောက် ရေဒီယိုအသံသွင်းခန်းတွင် အသံသွင်းယူနေမှုကို ကြည့်ရှုလေ့လာကြပါသည်။ ကြည့်ရှုလေ့လာခွင့်ရခဲ့၍ လည်းကောင်း၊ ဝန်ထမ်းများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကျေးဇူးတင်၍လည်းကောင်း လေ့လာရေးအဖွဲ့က ဂုဏ်ပြုငွေကျပ် ၁၀ သိန်း ပြန်လည်ပေးအပ်ခဲ့သလို လေးမျက်နှာမြို့ဂုဏ်ဆောင် ဝင်းမိသားစုသင်ဖြူးဖျာလုပ်ငန်းမှရက်လုပ်သော ရိုးရာအထူးထုတ်သင်ဖြူးဖျာများကို အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ပါသည်။

**ဂုဏ်ပြုကြိုဆိုပါသည် မြန်မာ့အသံရေဒီယို**

ကျွန်တော်တို့ လေးမျက်နှာမြို့နယ် လေ့လာရေးအဖွဲ့ သွားရောက်လေ့လာချိန်သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ် (၈၀) ပြည့် နှစ်ပတ်လည်နေ့သို့ရောက်ရှိရန် ရက်သတ္တနှစ်ပတ်ခန့်သာ လိုတော့သည့်အချိန်ဖြစ်ပါသည်။ ရုပ်မြင်သံကြား မပေါ်ပေါက်မီ ၁၉၈၀ ပြည့်နှစ်အထိ ကျွန်တော်တို့အားလုံး မြန်မာ့အသံရေဒီယိုကို လှိုက်လှဲစွာအားပေးရင်း ကြီးပြင်းလာခဲ့သူများဖြစ်ခဲ့ကြ၏။ နံနက်ချိန်ခါ တေးသံသာများကိုလည်းကောင်း၊ ရွာစားကျော်စိန်ဘမောင်၏ စံတော်ချိန်တီးလုံးဖြင့် သတင်းကြေညာမှုများကိုလည်းကောင်း၊ သီချင်းကဏ္ဍတွင် သောတရှင်လိုရာ၊ မွေးနေ့လက်ဆောင်၊ ရုပ်ရှင်သီချင်း၊ သီချင်းကြီး သီချင်းခန့်များ၊ တေးသံရှင်အကြိုက်၊ သူရေးသီရာတေးကဗျာ၊ စစ်သည်အတွက် တေးလက်ဆောင် အစရှိသော တေးသီချင်းများကိုလည်းကောင်း ခံစားနားဆင်ခဲ့ကြရသည်။ မောင်ညီမလေးတို့ရေ....နှင့် အစချီသည့် ကလေးများအတွက် ပုံပြင်လက်ဆောင်ကဏ္ဍကိုလည်း မမေ့ခဲ့၊ သီချင်းပဟေဠိအစီအစဉ်သည်ပင်လျှင် သူ့ပရိသတ်နှင့်သူ အင်ပြည့်အားပြည့် ရှိနေခဲ့သည်။ ဇာတ်လမ်းပမာ နားဆင်စရာကဏ္ဍ၏ အချို့ဇာတ်လမ်းများတွင် ဇာတ်ကြောင်းပြောသူ အဘဦးဇော်ဝင်း၏ ကရုဏာသက်စရာ၊ ကြေကွဲဝမ်းနည်းစရာအသံဖြင့် ညို့ယူဖမ်းစားသွားမှုနောက်သို့ ကျွန်တော်တို့ ကောက်ကောက်ပါအောင်လိုက်ပါနစ်မျောသွားခဲ့ဖူးသည်။ ထို့ပြင်တစ်ဝ စနေနေ့ညတိုင်း စောင့်၍ နားထောင်ခဲ့ရသော အသံလွှင့်ဇာတ်လမ်းအစီအစဉ်များထဲမှ သေမင်းကို အန်တုသူ၊ လူနှစ်ယောက်ကားတစ်စီး၊ မိုးညတစ်ညလို ဇာတ်လမ်းမျိုးများကိုလည်း ယနေ့တိုင်မမေ့နိုင်ခဲ့ပါ။ တိုင်းရင်းသားဘာသာစကား အစီအစဉ်များကိုလည်း ထုတ်လွှင့်ပေးခဲ့သည်။ တိုင်းနှင့်ပြည်နယ် ဘောလုံးပွဲ ကြေညာသူများဆိုလျှင် နားထောင်နေသူကိုယ်တိုင် မျက်စိထဲ ကွင်းကွင်းကွက်ကွက် ပေါ်လာအောင်ပြောနိုင်စွမ်းရှိကြသဖြင့် အထူးနှစ်သက်ခဲ့ရသည်။ ယနေ့ ဖတ်စရာမှတ်စရာကဏ္ဍမှာ ကျွန်တော်ဆောင်းပါးရှင် မြင့်စိုး(နတလ)၏ ဆောင်းပါးများ ထုတ်လွှင့်ပေးမှုကိုပါ နားထောင်ခဲ့ရဖူး၏။

**တေးသံရှင်ကြီးများ၏ ဆုတောင်းစကား**

ကျွန်တော်ကားမောင်းလျှင် မြန်မာ့အသံရေဒီယိုနှင့် FM လိုင်းများဖွင့်၍ နားထောင်တတ်သော အကျင့်ရှိသည်။ ယခုတလော မြန်မာ့အသံရေဒီယိုက နှစ်ပတ်လည်နေ့နှင့်စပ်လျဉ်း၍ တေးသံရှင်ကြီးများ ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံ၊ အမှတ်တရစကား၊ ဆုတောင်းစကားတို့ကို ထုတ်လွှင့်ပေးလျက်ရှိရာ ဦးတင်ဦးလေး၊ တက္ကသိုလ်လဲ့လဲ့တို့၏ ဖြေကြားမှုနှင့် ဆုတောင်းစကားတို့ ကြားလိုက်ရသည်။ မြန်မာ့အသံရေဒီယိုက မြေတောင်မြှောက်ပေးလိုက်သော ဂီတအနုပညာရှင်များစွာရှိခဲ့ပါသည်။ ထိုထိုသော ဂီတအနုပညာရှင်များက သူတို့ချစ်သည့် မြန်မာ့အသံရေဒီယို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်စေဖို့ ဆန္ဒရှိကြမည်သာ။ ထိုနည်းတူစွာ ရေဒီယိုချစ်သူ သောတရှင်ပရိသတ်များကလည်း မြန်မာ့အသံရေဒီယို အစဉ်အမြဲ ဆန်းသစ်တီထွင်အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာများပို့သလျက်........။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရင်ပြင်၌ ကျင်းပရာ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆပ်ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အေဂျင်စီဥက္ကဋ္ဌများ၊ နေပြည်တော် ကောင်စီဝင်၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ ဆက်စပ် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုနှစ်ကျင်းပသည့် ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဆုအမျိုးအစား ခြောက်မျိုးဖြစ်သည့် လယ်ယာသုံး ပစ္စည်းများအတွက် အကောင်းဆုံးဆု၊ တန်ဖိုးမြှင့်ထုတ်ကုန်နှင့် ထုပ်ပိုးမှုအကောင်းဆုံးဆု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် ထုတ်ကုန်ဆု၊ ယခင်နှစ် ဆုရရှိသူများမှတိုးတက်မှုအကောင်းဆုံးဆု၊ သွင်းကုန်အစားထိုး ထုတ်ကုန်ဆု၊ ဆန်းသစ်တီထွင်မှု အကောင်းဆုံးဆုတို့ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပနေစဉ်ကာလအတွင်း ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက ချိတ်ဆက်အသိပညာပေးဆွေးနွေးပွဲ (၃၆)ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြခန်းဆိုင်ခန်းများမှ ငွေကျပ် ၁၆ ဒသမ ၇ ဘီလီယံကျော် ရောင်းချနိုင်ခဲ့ပြီး ပြပွဲသို့ ပြည်သူ ခြောက်သိန်းကျော် လာရောက်ကြည့်ရှု လေ့လာခဲ့ကြောင်း၊ ယခု ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက် တစ်လမ်းမှ အားပေးကူညီခြင်းဖြစ်သလို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရေး အတွက် အထောက်အကူပြုမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက လယ်ယာသုံးပစ္စည်းများ ပြပွဲပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တန်ဖိုးမြှင့်ထုတ်ကုန်နှင့် ထုပ်ပိုးမှုပြပွဲပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း၊ ဒုတိယဝန်ကြီးများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ ယခင်နှစ်ဆုရရှိသူများမှ တိုးတက်မှုအကောင်းဆုံး ဆုရရှိသူများကို လည်းကောင်း၊




သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းဆု ရရှိသူများကိုလည်းကောင်း၊ ဆန်းသစ်တီထွင်မှုဆု ရရှိသူများကို လည်းကောင်း ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ကြပြီး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ၊ ပြပွဲနှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးခဲ့သည့် ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (၂၀၂၆ ခုနှစ်)ဆုရရှိသူများစာရင်း

| စဉ် | အမည် | လုပ်ငန်းအမည် | ယှဉ်ပြိုင်သည့် ထုတ်ကုန် | တိုင်းဒေသကြီး/ပြည်နယ် | ဆုရရှိမှု |
|---|---|---|---|---|---|
| (က) လယ်ယာသုံးပစ္စည်းများအတွက် အကောင်းဆုံးဆု | | | | | |
| ၁။ | ဦးသန်းဌေး | “နေမင်းထွန်း” ခြွေလှေ့စက်လုပ်ငန်း | လယ်ယာသုံး စက်ကိရိယာ (Multi-Crop Thresher) | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ပထမ |
| ၂။ | ဦးချစ်ဖွယ် | KCP | လယ်ယာသုံး စက်ကိရိယာ (Multi-Crop Thresher) | ဧရာဝတီတိုင်းဒေသကြီး | ဒုတိယ |
| ၃။ | ဦးပိုင်ထူးချစ် | Vinny | လယ်ယာသုံးစက် ကိရိယာ (Drum Seeder) | ရန်ကုန်တိုင်းဒေသကြီး | တတိယ |
| (ခ) တန်ဖိုးမြှင့်ထုတ်ကုန်နှင့် ထုပ်ပိုးမှု အကောင်းဆုံးဆု | | | | | |
| ၁။ | ဦးသီဟမင်းဝေ | “ပွဲတော်အုပ်လက်ဖက်” | လက်ဖက် | စစ်ကိုင်းတိုင်းဒေသကြီး | ပထမ |
| ၂။ | ဦးမရမ်ဇော်ယော် | "TOP"အသင့်စား စားသောက်ကုန် လုပ်ငန်း | အသင့်စားအသားခြောက် နှင့် ဝိုင်အမျိုးမျိုး | ကချင်ပြည်နယ် | ဒုတိယ |
| ၃။ | ဦးဆန်းနိုင်ဝင်း | OK-1 သစ်သီးဖျော်ရည်လုပ်ငန်း | သဘာဝသစ်သီးဖျော်ရည် | မကွေးတိုင်းဒေသကြီး | တတိယ |
| (ဂ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် ထုတ်ကုန်ဆု | | | | | |
| ၁။ | ဦးအောင်ကျော်ထွန်း | “ဦးဘငြိမ်း”ယွန်းထည်လုပ်ငန်း | ယွန်းထည်ပစ္စည်းအမျိုးမျိုး | မန္တလေးတိုင်းဒေသကြီး | ပထမ |
| ၂။ | ဒေါ်သက်မာညို | Better Bee စားသောက်ကုန်လုပ်ငန်း | ပျားရည်လုပ်ငန်း | ရန်ကုန်တိုင်းဒေသကြီး | ဒုတိယ |
| ၃။ | ဦးဇော်မင်းဦး | "Alloy" Co.,Ltd. | သဘာဝအုန်းချိုမွှေး | ဧရာဝတီတိုင်းဒေသကြီး | တတိယ |
| (ဃ) ယခင်နှစ်ဆုရရှိသူများမှ တိုးတက်မှု အကောင်းဆုံးဆု | | | | | |
| ၁။ | ဒေါ်နန်းခင်အုန်း | “Na Rain Dara"Co.,Ltd. | နိုင်ငံတကာစံချိန်မီ သဘာဝမျှစ်ခြောက် | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ပထမ |
| ၂။ | ဒေါ်မေနှင်းဝေ | Healthy & Happy Cookie လုပ်ငန်း | Cookie | မန္တလေးတိုင်းဒေသကြီး | ဒုတိယ |
| ၃။ | ဒေါ်ဖြူဖြူဥ | “ဝိသာခါ”လူသုံးကုန်ပစ္စည်းလုပ်ငန်း | သဘာဝရနံ့အမွှေးတိုင် | ရန်ကုန်တိုင်းဒေသကြီး | တတိယ |
| (င) သွင်းကုန်အစားထိုး ထုတ်ကုန်ဆု | | | | | |
| ၁။ | ဒေါက်တာခင်ဆွေအေး | “ရွှေဇီဝ” သဘာဝမြေသြဇာလုပ်ငန်း | သဘာဝမြေသြဇာအမျိုးမျိုး | မွန်ပြည်နယ် | ပထမ |
| ၂။ | ဦးထက်ဖြိုးဝင်း | “ရတနာ” လယ်ယာသုံး စက်မှုလက်မှု လုပ်ငန်း | ကုန်တင်ထော်လာဂျီ ခြွေလှေ့စက် | ပဲခူးတိုင်းဒေသကြီး | ဒုတိယ |
| ၃။ | ဦးမျိုးမင်းထိုက် | “လင်းစိန်”အထွေထွေစီးပွားရေး လုပ်ငန်း | ဆီအမျိုးမျိုး | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | တတိယ |
| (စ) ဆန်းသစ်တီထွင်မှု အကောင်းဆုံးဆု | | | | | |
| ၁။ | ဦးရဲထွဋ်လင်း | Royal Shin Ye Htut (RSYH) ဝါးဆိုလာ သုံးဘီးလုပ်ငန်း | ဝါးသုံးဘီးယာဉ် | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ပထမ |
| ၂။ | ဒေါ်လင်းလင်းခိုင် | Because Coffee | ကော်ဖီ | မန္တလေးတိုင်းဒေသကြီး | ဒုတိယ |
| ၃။ | ဒေါ်ဖြူပြာလွင် | ခတ္တုကင်းလွတ်ရေကြည်ပေါ်ဆန်း | ဆန် | ဧရာဝတီတိုင်းဒေသကြီး | တတိယ |

# ချောက်မြို့နယ်၌ မြို့နယ်အဆင့် နွေရာသီသင်တန်းများ ဖွင့်လှစ်

**ချောက် ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မြို့နယ်အဆင့် နွေရာသီသင်တန်းများဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အထက(၁) မြရိပ်ညိုခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က အမှာစကား ပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးမန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်က မြို့နယ်အဆင့် နွေရာသီ သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းက နွေရာသီသင်တန်းများအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းကို ပေးအပ်သည်။

နွေရာသီ ကျောင်းပိတ်ရက်တွင် ယဉ်ကျေးလိမ္မာသင်တန်း၊ အိမ်တွင်းမှုသင်တန်း၊ Fitness Dance၊ အင်္ဂလိပ်စာ၊ ပန်းချီနှင့် ကင်းထောက် သင်တန်းများကို မြို့နယ်အတွင်းရှိ သက်ဆိုင်ရာကျောင်းများအလိုက် သင်တန်းနည်းပြ ဆရာ ဆရာမများက ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ ကျောင်းသား ၅၅၅၇ ဦး၊ ကျောင်းသူ ၆၇၁၃ ဦး စုစုပေါင်း ၁၂၂၇၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**



# MSME လုပ်ငန်းတွေ လုပ်ကိုင်နေကြတဲ့လုပ်ငန်းရှင်တွေအားလုံး စိတ်ခွန်အားရတဲ့ပြပွဲပါ။ ကျွန်တော်ကိုယ်တိုင်လည်း ရှေ့ဆက်ကြိုးစားလုပ်ကိုင်ဖို့ အားအင်တွေရခဲ့ပါတယ်

ဦးရဲထွဋ်လင်း

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက နေပြည်တော်ရင်ပြင်၌ ကျင်းပကာ MSME လုပ်ငန်းရှင်များအတွက် ဆုအမျိုးအစား (၆)မျိုးကို ပေးအပ်ခဲ့ပြီး ဆုရရှိခဲ့ကြသည့် MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-


ဦးရဲထွဋ်လင်း


ဒေါက်တာခင်ဆွေအေး


ဒေါ်နန်းခင်အုန်း


ဦးအောင်ကျော်ထွန်း


ဦးဝေဖြိုးအောင်


ဦးသန်းငွေ

**ဦးရဲထွဋ်လင်း (Royal Shin Ye Htut –RSYH ဝါးဆိုလာသုံးဘီးလုပ်ငန်း)**
**ဆန်းသစ်တီထွင်မှုအကောင်းဆုံး ပထမဆု**

ဝါးဆိုလာသုံးဘီး ထုတ်ကုန်ပစ္စည်းအမျိုးအစားနဲ့ ပထမဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ နေပြည်တော်ကိုယ်စားပြုအနေနဲ့ ရရှိတာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ သုံးဘီးယာဉ်ကို ဆိုလာစနစ်နဲ့ တပ်ဆင်ပြသတယ်၊ ဒ့ါအပြင် ဝါးလက်မှုနဲ့ အလှဆင်ပြသခဲ့တာဖြစ်ပါတယ်။ ပထမဆုံးပါဝင်ယှဉ်ပြိုင်တဲ့ ဒီနှစ်မှာပဲ ပထမဆုကို ရရှိခဲ့တဲ့အတွက် အင်မတန်ဝမ်းသာပါတယ်။ MSME လုပ်ငန်းတွေ လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေအားလုံး စိတ်ခွန်အားရတဲ့ပြပွဲပါ။ ကျွန်တော်ကိုယ်တိုင်လည်း ရှေ့ဆက်ကြိုးစားလုပ်ကိုင်ဖို့ အားအင်တွေရခဲ့ပါတယ်။

**ဒေါက်တာခင်ဆွေအေး (ရွှေဇီဝသဘာဝမြေဩဇာလုပ်ငန်း) သွင်းကုန်အစားထိုးထုတ်ကုန်အကောင်းဆုံး ပထမဆု**

ရွှေဇီဝသဘာဝမြေဩဇာကို မွန်ပြည်နယ် မော်လမြိုင်မြို့မှာ ထုတ်လုပ်ပါတယ်။ သွင်းကုန်အစားထိုးထုတ်ကုန်အနေနဲ့ ပထမဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ သဘာဝပစ္စည်းတွေဖြစ်တဲ့ နွားချေး၊ ဗေဒါစတဲ့ စွန့်ပစ်ပစ္စည်းတွေအားလုံးကို တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်အောင်၊ ဇီဝမြေဩဇာဖြစ်အောင် ဆောင်ရွက်ခဲ့တဲ့အတွက် ဒီဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ဒီဆုကို ရရှိခဲ့တဲ့အတွက် ဝမ်းသာရပါတယ်။ ဒီလုပ်ငန်းကို လုပ်ကိုင်ခဲ့တာ ၁၄ နှစ် ရှိပါပြီ၊ အခုလို အသိအမှတ်ပြုပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဒေါ်နန်းခင်အုန်း(Na Rain Dara Co.,Ltd.)**
**ယခင်နှစ်ဆုရရှိသူများမှ တိုးတက်မှုအကောင်းဆုံး ပထမဆု**

စိန်ဖူးအမှတ်တံဆိပ်နဲ့ မျှစ်ခြောက်လုပ်ငန်းကို ပြည်တွင်းဈေးကွက်မှာ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ပြီးတော့ Na Rain Dara Co.,Ltd. နာမည်နဲ့လည်း ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်ပါတယ်။ မနှစ်က ဆုရရှိခဲ့တဲ့လုပ်ငန်းရှင်တွေထဲကနေ တိုးတက်မှုအကောင်းဆုံးဆောင်ရွက်နိုင်မှုအတွက် ယှဉ်ပြိုင်ခဲ့ကြတယ်။ ဒီလိုတိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် ဆုရလုပ်ငန်းရှင်တွေထဲကနေ ပထမဆုကို ချီးမြှင့်ခံရတာပါ။

မနှစ်ကတော့ နေပြည်တော်ကောင်စီ ကိုယ်စားပြုပြီး OROP နဲ့ ဒေသတစ်ခု ထုတ်ကုန်တစ်ခုအနေနဲ့ ဆုရရှိခဲ့တာဖြစ်ပါတယ်။ အခုနှစ်မှာ ဆုထပ်ပြီး ရရှိခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းသာရပါတယ်။ ဒီဆုက ကျွန်မတစ်ယောက်တည်းကြိုးစားလို့ ရရှိခဲ့တာ မဟုတ်ပါဘူး။ ကျွန်မတို့ အခုလို လုပ်ငန်းတိုးတက်ဖို့၊ ကျွန်မတို့လို MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အဘက်ဘက်ကနေ ပံ့ပိုးပေးတဲ့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်အားပေးမှုနဲ့အတူ လုပ်ငန်းမှာ အတူလက်တွဲလုပ်ကိုင်တဲ့ တောင်သူဦးကြီးတွေအားလုံးကြောင့် ရခဲ့တဲ့ဆုပါ။

မျှစ်လုပ်ငန်းကို စိုက်ခင်းနဲ့ စိုက်ပျိုးပြီး လုပ်ကိုင်တဲ့လုပ်ငန်းကို အခုဆို တောင်သူဦးကြီးတွေကအစ လက်ခံလာကြတယ်။ ဝင်ငွေတိုးလုပ်ငန်းအဖြစ် စိုက်ခင်းတွေ ပိုမိုတိုးတက်စိုက်ပျိုးလာကြတယ်။ ဒါက ကျွန်မတို့ရဲ့အောင်မြင်မှုလို့ ယုံကြည်ပါတယ်။

**ဦးအောင်ကျော်ထွန်း(ဦးဘငြိမ်း ယွန်းထည်လုပ်ငန်း) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် ထုတ်ကုန် ပထမဆု**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းတဲ့ထုတ်ကုန်လုပ်ငန်းတစ်ခုအနေနဲ့ ပါဝင်ယှဉ်ပြိုင်ပြီး ပထမဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ဒီဆုကို ရရှိခဲ့တဲ့အတွက် အင်မတန်ပျော်ရွှင်မိပါတယ်။ ကျွန်တော်တို့ ယွန်းထည်လုပ်ငန်းက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမယ့်အရာတွေ မပါဝင်ဘူး။ အခြေခံကုန်ကြမ်း ဝါး၊ သစ်စေးတို့နဲ့ ထုတ်လုပ်ပါတယ်။ ကျွန်တော်တို့ အသုံးပြုတဲ့ပစ္စည်းတွေက ဆွေးမြည့်လွယ်တဲ့အတွက် သဘာဝကို လုံးဝမထိခိုက်စေဘူး။ အခုလို ပါဝင်ပြသခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ပြပွဲကနေ လုပ်ငန်းချိတ်ဆက်မှုတွေ ရတယ်၊ လုပ်ငန်းရှင်တွေနဲ့ တွေ့ရတယ်၊ အကြံဉာဏ်ကောင်းတွေရတယ်၊ ဆက်လက်ကြိုးစားဆောင်ရွက်နိုင်ဖို့ အကျိုးကျေးဇူးတွေ အများကြီးရရှိခဲ့ပါတယ်။

**ဦးဝေဖြိုးအောင် (ပွဲတော်အုပ်လက်ဖက်နှင့် အကြော်စုံလုပ်ငန်း) တန်ဖိုးမြှင့်ထုတ်ကုန်နှင့် ထုပ်ပိုးမှုအကောင်းဆုံး ပထမဆု**

၁၀၀ ရာခိုင်နှုန်း ဒေသထုတ်ကုန်တွေနဲ့ပဲ ပြုလုပ်ထားတဲ့လက်ဖက်လုပ်ငန်းဖြစ်ပါတယ်။ ဒီဆုကို Premium box လက်ဖက်ဘူးတွေနဲ့ ကျွန်တော်တို့ ရရှိခဲ့တာပါ။ ဒီလက်ဖက်ဘူးတွေကို ကိုယ်ပိုင်ဒီဇိုင်း၊ ကိုယ်ပိုင်ပန်းချီဆရာတွေနဲ့တီထွင်ပြီး ဆောင်ရွက်ခဲ့တာပါ။ သွင်းကုန်အစားထိုးအနေနဲ့ အကောင်းဆုံးထုတ်ကုန်ဖြစ်အောင် ကြိုးစားဖန်တီးထားခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပေးတဲ့အတွက် ဝမ်းသာရပါတယ်။ အခုက ဒုတိယအကြိမ် လာရောက်ပြသတာ ဖြစ်ပါတယ်။ ဒီပြပွဲမှာ ဆွေးနွေးပွဲတွေနဲ့ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသိပညာပေးအစီအစဉ်တွေကို လုပ်ဆောင်ပေးတဲ့အတွက် ပြပွဲလာရောက်ပြသတဲ့လုပ်ငန်းတွေအတွက် အကျိုးရှိတယ်လို့ မြင်ပါတယ်။

**ဦးသန်းငွေ (နေမင်းထွန်း လယ်ယာသုံးပစ္စည်းထုတ်လုပ်ရေး) လယ်ယာသုံးပစ္စည်းများအတွက် အကောင်းဆုံး ပထမဆု**

လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်တဲ့ အသေးစားလုပ်ငန်း ပထမဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ပြိုင်ခဲ့တဲ့ ခြွေလှေ့စက်က တောင်သူဦးကြီးတစ်ယောက်က လယ်ယာလုပ်ငန်းခွင်မှာ မြေပဲခြွေလှေ့ဖို့ အခက်အခဲရှိနေတဲ့အတွက် စမ်းသပ်တီထွင်ပြီး ထုတ်လုပ်ပေးခဲ့တာဖြစ်ပါတယ်။ အခုလို ဒီဆုရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာရပါတယ်။ ပထမဦးဆုံး ပါဝင်ယှဉ်ပြိုင်တာကနေ ရရှိခဲ့တဲ့အတွက် ပိုပြီးအားတက်ရပါတယ်။ လက်ရှိထုတ်ကုန်ကို ပိုမိုသပ်ရပ်သေသပ်လှပပြီး နည်းပညာပိုင်းမှာပါ မြှင့်တင်နိုင်ဖို့ ကြိုးစားသွားပါ့မယ်။

အောင်ဂျိုင်း

ဓာတ်ပုံ – ကိုကြီးထိန်

# MSME ထုတ်ကုန်ပြပွဲ နောက်ဆုံးနေ့ဖြစ်သည့်အတွက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ MSME လုပ်ငန်းရှင်များနှင့် ရပ်ဝေးရပ်နီးမှပြည်သူများ အများအပြားလာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်)ကို နေပြည်တော်ရင်ပြင်၌ ကျင်းပလျက်ရှိရာ ယနေ့ပြပွဲနောက်ဆုံးနေ့ဖြစ်သည့်အတွက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ MSME လုပ်ငန်းရှင်များနှင့် ရပ်ဝေးရပ်နီးမှ ပြည်သူများ အများအပြား လာရောက်ကြည့်ရှုလေ့လာကြသည်။



**ပြတ်လပ်သည်အထိ ရောင်းချခဲ့ရ**

ယနေ့ ပြပွဲနောက်ဆုံးနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံလက်ကျန်များကို ဈေးနှုန်းအနည်းငယ် ထပ်မံလျှော့ချကာ ရောင်းချပေးခဲ့ကြသည့်အတွက် ပြည်သူများ စိတ်ပါဝင်စားစွာ ရွေးချယ်ဝယ်ယူကြသည်ကို တွေ့ရသည်။

ပြခန်းများရှိ MSME ထုတ်ကုန်များကို ထုတ်လုပ်သူလုပ်ငန်းရှင်များက ဝယ်ယူသူပြည်သူများထံ သက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့်အတွက် ထုတ်ကုန်ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း ပြခန်းတာဝန်ရှိသူများထံမှ သိရသည်။

ထို့အတူ ပြပွဲနောက်ဆုံးနေ့ဖြစ်သည့်အတွက် လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ (Business Matching) ပြခန်းများ၊ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည့် ပြခန်းများ၌ လေ့လာသူ၊ လုပ်ငန်းချိတ်ဆက်ဆောင်ရွက်သူများဖြင့် စည်ကားခဲ့သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပြခန်းပေါင်း ၁၂၀ ကျော်နှင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့က ပါဝင်ပြသရောင်းချခဲ့ကြကြောင်း သိရသည်။

သတင်း – မင်းကျော်စွာ

ဓာတ်ပုံ – ဖိုးပြည့်စုံ

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ကဏ္ဍအလိုက် ဌာနဆိုင်ရာပြခန်းများပြပွဲနှင့် ဂီတဖျော်ဖြေပွဲ တတိယနေ့ ဈေးဝယ်လာပြည်သူများ စည်ကား

ရန်ကုန် ဖေဖော်ဝါရီ ၁၄

(၇၉)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ကဏ္ဍအလိုက် ဌာနဆိုင်ရာ ပြခန်းများပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပလျက်ရှိရာ တတိယနေ့ ဖြစ်သည့် ယနေ့တွင် MSME ထုတ်ကုန် အရောင်းဆိုင်များတွင် ဈေးဝယ်လာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



MSME ထုတ်ကုန်အရောင်းဆိုင်များတွင် လူသုံးကုန်ပစ္စည်း၊ အလှကုန်နှင့် အစားအသောက်များ ရောင်းချနေမှု၊ စတုဒိသာကျွေးမွေးနေမှု၊ ဆိုလာပြခန်းနှင့် EV(Bike) ပြခန်းတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက ကြည့်ရှုအားပေးကြသည်။

ယမန်နေ့ညပိုင်းက (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ကဏ္ဍအလိုက် ဌာနဆိုင်ရာပြခန်းများပြပွဲနှင့် ဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ပြည်သူများက ကြည့်ရှုအားပေးပြီး ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

အလားတူ ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့ စိမ်းလန်းစိုပြည်ဥယျာဉ်၌ ကျင်းပလျက်ရှိသည့် မြန်မာ့လက်ဖက်ပွဲတော်တွင် Beyond LAPHRT အဖြစ် မြန်မာ့လက်ဖက်စိုဖြင့်တွဲဖက်ပြီး စားသုံးနိုင်သည့် အစားအစာများကိုပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာသံရုံးများမှ တာဝန်ရှိသူများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလက်ဖက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းအကြံပေးတို့က ပွဲတော်ကျင်းပရခြင်းကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပွဲတော်တွင် ပြသထားသည့် လက်ဖက်စိုနှင့် တွဲဖက်စားသုံးနိုင်သည့် အစားအစာပြခန်းများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာ့လက်ဖက်ပွဲတော်အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



## ဆီဆိုင်မြို့နယ်၌ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေး

ဆီဆိုင် ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နွေရာသီ အားကစားသင်တန်းများကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းမှစတင်၍ မြို့နယ်ရှိ အားကစားကွင်း၊ ခန်းမ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် ကျေးရွာအားကစားကွင်းတို့၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ နွေရာသီအားကစားသင်တန်းများမှာ ဘောလုံး(ကျား/မ)၊ ဘော်လီဘော(ကျား/မ)၊ စားပွဲတင်တင်းနစ်(ကျား/မ)၊ အေရိုးဗစ်/ Fitness dance (မ)နှင့် မြန်မာ့သိုင်း (ကျား/မ) စသည့် အားကစားနည်း ငါးမျိုးကို သင်တန်းနည်းပြများက နေ့စဉ်သင်ကြားပေးလျက်ရှိသည်။ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၃ ရက်မှ မတ် ၁၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကော့မှူးမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းကျင်းပ

ကော့မှူး ဖေဖော်ဝါရီ ၁၄



စာပေဝါသနာရှင်များ၊ စာပေချစ်မြတ်နိုးသူ Book Club အဖွဲ့ဝင်များနှင့် စာဖတ်ဝိုင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က စာဖတ်ဝိုင်းကျင်းပ ပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Book Club အဖွဲ့ဝင် ဦးမြလင်းက စာရေးဆရာ နတ်သျှင်၊ ရွှေဂူရေးသားသည့် "လူငယ်များ၏ရွှေရောင်မနက်ဖြန်" စာအုပ်ထဲမှ "ဥယျာဉ်မှူးနှင့်ပန်းပင်ငယ်" ခေါင်းစဉ်၊ မောင်သီဟနိုင်က "လူငယ်များ၏ရွှေရောင်မနက်ဖြန်" ခေါင်းစဉ်၊ စာပေဝါသနာရှင် ဒေါ်နီလာနွယ်က "ပြည့်ဝသောအမွေကို ပေးကြပါ" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။

### ဆွေးနွေးပြောကြား

ထို့နောက် Book Club အဖွဲ့ဝင် ဦးမြလင်း ဦးဆောင်ဆွေးနွေးရာ လူငယ်များသည်တစ်နေ့သောအခါ လူကြီးများဖြစ်လာပြီးလျှင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည့် နိုင်ငံ့ခေါင်းဆောင်များလည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ သည့်နိုင်ငံ၊ သည့်လူမျိုး၊ သည့်နိုင်ငံ၏ ဘာသာရေး၊ ယဉ်ကျေးမှု၊ စာပေဂီတအမွေအနှစ်တို့ကို လက်ဆင့်ကမ်း အမွေခံယူကြရမည်ဖြစ်သည့်အတွက် လူငယ်တို့၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှကြောင်း၊ လူငယ်များသည် နှလုံးသားကိုနူးညံ့စေသော(ခံစားတတ်သော) ရသစာပေ၊ အတွေးအခေါ်ကို ကြီးမြတ်စေသော သုတစာပေတို့ကို လေ့လာဖတ်ရှုထားရမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ဘိုးဘွားအစဉ်အဆက်ဖြတ်သန်းခဲ့ကြသော မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းတို့ကို မှတ်သားဆည်းပူးထားပြီး ကြီးကျယ်မြင့်မြတ်သော အနာဂတ်ကို ဖန်တီးတည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် လူငယ်များ ညွှန့်ဖူးနေ၍မဖြစ်ပေ၊ လူငယ်များတော်ဖို့ကောင်းဖို့ လိုအပ်ကြောင်း၊ လူငယ်များတော်ထားမှသာ လူကြီးအဖြစ်ရောက်သောအခါ တော်မည်ဖြစ်သကဲ့သို့ လူငယ်များကောင်းထားနိုင်မှ လူကြီးအဖြစ်ရောက်သောအခါ ကောင်းကြမည်ဖြစ်ကြောင်း၊ လူငယ်များရွှေဖြစ်နေခြင်းသည် အနာဂတ်နိုင်ငံတော်၏ ရွှေရောင်တောက်မည့် နိမိတ်လည်းဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက စာအုပ်ပါအကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

## အောင်လံမြို့နယ်အတွင်း စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေး စစ်ဆေး

အောင်လံ ဖေဖော်ဝါရီ ၁၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူး လက်တွေ့အသုံးပြု မီးငြိမ်းသတ်လေ့ကျင့်ခြင်းများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနက ထိပ်တန်း စက်သုံးဆီ အရောင်းဆိုင်အားကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ပြည့်စုံစွာထားရှိရန်၊ မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသည့် မီးဘေးလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီး မီးသတ်ဆေးဘူး အသုံးပြုလက်တွေ့ ဆီမီးငြိမ်းသတ်ခြင်းများ လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုခန့်



## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါ ဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စိမ့်ဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပြည်ထောင်စုအဆင့် MSME ပြပွဲကြီးအလွန်ကာလတွေမှာလည်း MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အရှိန်အဟုန်မပြတ် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားနိုင်မှာပဲ ဖြစ်ပါတယ်

**ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ**

**(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ပြည်ထောင်စုအဆင့် ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို နေပြည်တော်ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်းနှင့် Digital Cornor ပြခန်းများတွင် လာရောက်မေးမြန်းဆွေးနွေးမှုနှင့် နည်းပညာတောင်းခံမှုတို့နှင့်စပ်လျဉ်း၍ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျအား တွေ့ဆုံမေးမြန်းထားမှုများကို တင်ပြအပ်ပါသည် –**

**မေး။ ။ (၇၉) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်အနေနဲ့ နေပြည်တော်ရင်ပြင်မှာ ကျင်းပလျက်ရှိတဲ့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ဈေးရောင်းပွဲတော်မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်းနဲ့ Digital Corner ပြခန်းတွေမှာ လာရောက်မေးမြန်းဆွေးနွေးမှုနဲ့ နည်းပညာတောင်းခံမှုအရေအတွက်ကို သိရှိလိုပါတယ်။**

**ဖြေ။ ။** သတ္တမမြောက်နေ့ မွန်းလွဲပိုင်းအထိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပြခန်းနဲ့ Digital Corner ပြခန်းတွေမှာ နည်းပညာဆိုင်ရာ လာရောက်မေးမြန်းဆွေးနွေးသူဦးရေ ၁၈၀၀ ခန့်အနက် နည်းပညာတောင်းခံသူ ၇၇ ဦးရှိပါတယ်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပြခန်းမှာပဲ နည်းပညာတောင်းခံမှုအရေအတွက် ၅၄ ခုရှိပါတယ်။ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် နည်းပညာပေါင်း ၄၀ တောင်းခံထားတာဖြစ်ပြီး မှိုကြာရှည်ခံနည်းပညာ၊ ငှက်သိုက်တာရှည်ခံနည်းပညာ၊ ကြက်သားမှုန့်၊ ဂျင်းပျားရည်၊ ပျားရည်သကြားလုံး၊ ပျားရည်ဂျယ်လီ၊ ကော်မှုန့်၊ ပျားရည်ကော်လဂျင်၊ ဟင်းသီးဟင်းရွက်ဟင်းခတ်မှုန့်၊ ထောပတ်ကွက်ကီး၊ အသင့်စားဆန်ပြုတ်နည်းပညာ၊ ဖျော်ရည်နည်းပညာတွေ၊ ဂျင်းယိုနည်းပညာ၊ ပူတာအိုဂရိတ်ဖရုသီးယို၊ ပိုးဇာသီးဝိုင်၊ ပိုးဇာသီးခြောက်၊ ပိုးဇာသီးယို၊ နာနတ်သီးရှာလကာရည် အပါအဝင် စားသောက်ကုန်နည်းပညာတောင်းခံမှု ၃၂ ခု၊ ကမ်းဇော်ဆီနည်းပညာ၊ အနံ့ပျောက်သန့်စင်ဆေးရည်နည်းပညာ၊ ဂျင်းနက်ဒဏ်ကြေလိမ်းဆေးနည်းပညာ၊ နံ့သာဖြူဆီထုတ်ယူခြင်းနည်းပညာ၊ လွှစာမှုန့်မှ ကွန်ပို့စ်ပြားပြုလုပ်ခြင်းနည်းပညာ အပါအဝင် လူသုံးကုန်နည်းပညာတောင်းခံမှု ရှစ်ခု ရှိပါတယ်။

ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်က ပြသထားတဲ့ Bio Diesel နဲ့ Solar Dryer တို့ကိုလည်း နည်းပညာတောင်းခံထားမှုတွေရှိနေပြီး ဆွေးနွေးတဲ့လုပ်ငန်းရှင်ဦးရေ ၄၀ လောက် ရှိပါတယ်။

ဇီဝနည်းပညာသုတေသနဦးစီးဌာနမှာ Mass Production နဲ့ ထုတ်လုပ်ရန် ဇီဝထုတ်ကုန်ဆိုင်ရာ နည်းပညာခြောက်ခု တောင်းခံထားပြီး ရှားစောင်းမျက်နှာသစ်ဆပ်ပြာ၊ ဝါးရှာလကာရည်ချေးချွတ်မျက်နှာသစ်ဆပ်ပြာ၊ သစ်ခွမျက်နှာသစ်ဆပ်ပြာ၊ သစ်ခွကင်ပွန်းသီးမှုန့် မျက်နှာသစ်ဆပ်ပြာ၊ ဆီးချိုရှိသူများအတွက် အသင့်သောက်မန်ကျည်းဖျော်ရည်နဲ့ ဆီးချိုရှိသူတွေအတွက် ထန်းလျက်မှုန့် အတောင့်တို့ ဖြစ်ပါတယ်။



ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ

အဏုမြူစွမ်းအင်ဦးစီးဌာနက ပြကွက်မှာ နျူကလီးယားနည်းပညာနဲ့ ဂမ္မာဓာတ်ရောင်ခြည်ပေးပြီး MSME ထုတ်ကုန်တွေကို အရည်အသွေးနဲ့ တန်ဖိုးမြှင့်တင် ထုတ်လုပ်ပုံတွေကို အဓိကပြသထားရာမှာ ခရမ်းချဉ်သီးမျိုးစေ့နဲ့ပတ်သက်လို့ ဓာတ်ရောင်ခြည်ပေးခြင်းနည်းပညာ၊ မှိုစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းမှာ မှိုကိုကြာရှည်စွာသိုလှောင်နိုင်ဖို့ ဓာတ်ရောင်ခြည်ပေးခြင်းနည်းပညာ၊ ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ ကုန်ပစ္စည်းတွေကို ဓာတ်ရောင်ခြည်ပေးခြင်းနည်းပညာတို့နဲ့ပတ်သက်လို့ နည်းပညာတောင်းခံမှုတွေ ရှိပါတယ်။

နည်းပညာမြှင့်တင်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနရဲ့ Internet of Things (IoT) နည်းပညာသုံးဆိုလာ EV အားသွင်းစနစ်ကို ပြသထားရာ နည်းပညာတောင်းခံမှု သုံးခုရှိပါတယ်။

Digital Corner မှာ နိုင်ငံတော်အကြီးအကဲရဲ့ အရင်နှစ်က လမ်းညွှန်ချက်တွေအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုတွေကို ပြသထားသလို အခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က နိုင်ငံတော်အကြီးအကဲ Digital Corner ပြခန်းကို လာရောက်ကြည့်ရှုအားပေးစဉ် လမ်းညွှန်ချက်တွေအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ Digital Corner မှာ နည်းပညာဆွေးနွေးတောင်းခံမှု၊ သင်တန်းတောင်းခံမှုပေါင်း ၂၅ ခု ရှိပါတယ်။

ဒါကြောင့် ပြခန်းနှစ်ခုပေါင်း နည်းပညာတောင်းခံမှုပေါင်း ၇၉ ခုရှိနေလို့ အခုနှစ်ကျင်းပတဲ့ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ကိန်းဂဏန်းတူညီနေတာဖြစ်ပါတယ်။ အရင်နှစ်က နည်းပညာတောင်းခံမှု ၄၈ ခုသာရှိခဲ့တာမို့ နည်းပညာတောင်းခံမှုအရေအတွက် ပိုများလာတာကို တွေ့ရပါတယ်။

**မေး။ ။ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ဖို့ ဘာတွေလုပ်ဖို့ လိုအပ်တယ်ဆိုတာကို နည်းပညာရှုထောင့်ကနေ အကြံပြုပြောကြားပြီး ဒစ်ဂျစ်တယ်နည်းပညာအပိုင်းကနေ ဖြည့်ဆည်းပေးရမှာတွေကိုလည်း ဖြေကြားပေးစေလိုပါတယ်။**

**ဖြေ။ ။** ဒေသထွက်ကုန်ကြမ်းတွေကနေ MSME တွေကို မိရိုးဖလာနည်းစနစ်တွေနဲ့ ထုတ်လုပ်ပြီး ဒေသတွင်းဈေးကွက်ရရှိနေမှုကနေ နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်ပြီး ဈေးကွက်ရရှိနိုင်ဖို့၊ ထုတ်ကုန်တွေကို နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့ကိုက်ညီပြီး အရည်အသွေးပြည့်မီအောင် တန်ဖိုးမြှင့်ထုတ်ကုန်တွေအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်ဖို့အတွက် စက်ရုံတွေမှာ နိုင်ငံတကာအသိအမှတ်ပြု စံအရည်အသွေးမြင့် စက်ပစ္စည်းကိရိယာတွေ တပ်ဆင်ကာ ထွန်းသစ်စဒစ်ဂျစ်တယ်နည်းပညာတွေနဲ့ ခေတ်မီစက်မှုကုန်ထုတ်နည်းပညာများ အသုံးချနိုင်ဖို့၊ သက်ဆိုင်ရာအသိအမှတ်ပြုလက်မှတ်ရရှိထားတဲ့ ကျွမ်းကျင်ပညာရှင်တွေ နည်းပညာအရည်အသွေးပြည့်ဝတဲ့ လုပ်သားတွေနဲ့ လုပ်ငန်းတွေလည်ပတ်နိုင်ဖို့၊ ကမ္ဘာနဲ့ရင်ပေါင်တန်းကာ လုပ်ငန်းတွေ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအသိအမှတ်ပြု စံအရည်အသွေးမြင့် သုတေသနဓာတ်ခွဲခန်းတွေ၊ သုတေသနစင်တာတွေ တည်ထောင်ကာ ဆက်စပ်ဌာနတွေနဲ့ မိတ်ဖက်နိုင်ငံတွေမှအဖွဲ့အစည်းတွေနဲ့ သုတေသနလုပ်ငန်းတွေကို စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တာကို မီးမောင်းထိုးပြောကြားလိုပါတယ်။

မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ အတိုင်း MSME တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထွန်းသစ်စဒစ်ဂျစ်တယ်နည်းပညာတွေကို အသုံးချဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆောင်ရွက်ရာမှာ MSME လုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ရဲ့ လုပ်ငန်းတွေကို Digital Transformation အဖြစ် တိုးချဲ့မြှင့်တင်ဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့နေရာမှာ လိုအပ်တဲ့ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာပေးမှုတွေ နည်းပညာသင်တန်းတွေကို တောင်းခံမှုတွေအတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာပဲဖြစ်ပါတယ်။ MSME လုပ်ငန်းရှင်တွေရဲ့ ဒစ်ဂျစ်တယ်နည်းပညာ လိုအပ်ချက်တွေနဲ့ ကိုက်ညီတဲ့ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေ၊ Website တွေ၊ Application တွေကို ကျွန်တော်တို့ရဲ့တက္ကသိုလ်တွေ၊ သုတေသနဌာနတွေ၊ ကျောင်းတွေကနေပြီး သုတေသနစီမံကိန်းတွေ၊ သုတေသနလုပ်ငန်းတွေအဖြစ် သတ်မှတ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာပဲဖြစ်ပါတယ်။ ဒါ့အပြင် မိတ်ဖက်နိုင်ငံတွေနဲ့ သုတေသနစီမံကိန်းတွေ၊ မိတ်ဖက်နိုင်ငံတွေက ပညာရှင်တွေနဲ့ ဒစ်ဂျစ်တယ်နည်းပညာနီးနှော ဖလှယ်မှုတွေမှာ ပူးပေါင်းဆောင်ရွက်ပြီး ဖြည့်ဆည်းပေးသွားမှာဖြစ်ပါတယ်။

**မေး။ ။ ပြည်သူတွေနဲ့ MSME လုပ်ငန်းရှင်တွေကို ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါ။**

**ဖြေ။ ။** စိုက်ပျိုး–မွေးမြူရေး ကုန်ကြမ်းအခြေပြု Agro-based Industries တွေနဲ့ MSME တွေ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်အရည်အသွေး အခြေခံအဆောက်အအုံစနစ် မဟာဗျူဟာမဏ္ဍိုင်တစ်ခုဖြစ်လို့ ခိုင်မာအားကောင်းအောင် ကျွန်တော်တို့က ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်နေကြတာဖြစ်ပါတယ်။ လက်ရှိမှာ မြန်မာစံချိန်စံညွှန်းအရေအတွက် ၉၄၈ ခုအထိ ချမှတ်နိုင်ပြီဖြစ်လို့ ငါးနှစ်ဆိုတဲ့ နှစ်အနည်းငယ်အတွင်းမှာပဲ ပြီးခဲ့တဲ့ကာလတွေထက် ကျော်လွန်ပြီး မြန်မာစံချိန်စံညွှန်းအရေအတွက် ၅၀၉ ခုတိတိ တိုးမြှင့်ချမှတ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ငါးနှစ်ဆိုတဲ့ နှစ်အနည်းငယ်အတွင်းမှာပဲ ပြီးခဲ့တဲ့ကာလတွေထက် ကျော်လွန်ပြီး သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနရဲ့ နည်းပညာလွှဲပြောင်းမှုက ၁၀၁ ခုအထိ တိုးမြှင့်လွှဲပြောင်းပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် MSME လုပ်ငန်းရှင်တွေရဲ့ နည်းပညာ တောင်းခံမှုအရေအတွက် မြင့်တက်လာတယ်ဆိုတာကို အထက်မှာဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ MSME မူဝါဒ အမှန်တကယ်အောင်မြင်ပြီး အားကောင်းအရှိန်ရနေပြီဆိုတာ အခုနှစ် ပြည်ထောင်စုအဆင့် MSME ပြပွဲကြီးက ခိုင်မာစွာသက်သေပြနေသလို နိုင်ငံတော်ရဲ့ လမ်းညွှန်ချက်နဲ့အညီ ဝန်ကြီးဌာနအသီးသီးက MSME လုပ်ငန်းရှင်တွေရဲ့ လိုအပ်ချက်တွေကို လက်တွေ့ကျကျ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးနေတာကို နေ့စဉ်အရေအတွက်သိန်းနဲ့ချီပြီး လာရောက်လေ့လာကြည့်ရှုအားပေးကြတဲ့ ပြည်သူတွေအားလုံးလည်း တွေ့မြင်ကြရတာပဲ ဖြစ်ပါတယ်။

စိုက်ပျိုး–မွေးမြူရေး ကုန်ကြမ်းအခြေပြု တန်ဖိုးမြှင့်ထုတ်ကုန်တွေကို Mass Production ထုတ်လုပ်ဖို့ နည်းပညာတောင်းခံထားမှုတွေကို ဖြည့်ဆည်းပေးနိုင်အောင် ယခုနှစ်ရဲ့ ပြည်ထောင်စုအဆင့် MSME ပြပွဲကြီးအပြီးမှာ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြပွဲကြီးအလွန်ကာလတွေမှာလည်း MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အရှိန်အဟုန်မပြတ် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားနိုင်မှာပဲ ဖြစ်ပါတယ်။

**အေးမင်း**

**ဓာတ်ပုံ – မင်းမင်း**

## ဘားအံမြို့၌ မီးလောင်ကျွမ်းမှုအရေအတွက်လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး အသိပညာပေး



ဘားအံ ဖေဖော်ဝါရီ ၁၄

ကရင်ပြည်နယ် ဘားအံမြို့၌ တောမီးနှင့်အခြားမီးများကြောင့် လောင်ကျွမ်းမှုအရေအတွက်များနေခြင်းအား လျှော့ချနိုင်ရေးအတွက် ပြည်နယ်အဆင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းအဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်း၌ အိန္ဒုတိုက်နယ်အတွင်း လွန်းညကျေးရွာ၊ အိန္ဒုကျေးရွာနှင့် ကော့စိန်ဘန်(အထက်) ကျေးရွာများသို့ အသိပညာပေး ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတတ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ လယ်ယာရိုးပြတ်တောများမီးရှို့မှုမရှိစေရေး၊ တောင်ယာခုတ်ထွင် မီးရှို့ခြင်းများမရှိစေရေး၊ တောမီးနှင့် အကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းမှုအရေအတွက်များပြားနေခြင်းကို လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ထိန်းချုပ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးစိုးအေး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဒေသဖွံ့ဖြိုးရေးနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်များ ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဆန်နှင့်စားသုံးဆီများ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် နန်ချွန်ကျေးရွာ ၄၀၀ Vol ကြိုးဆွဲခြင်း၊ ၂၀၀ KVA ထရန်စဖော်မာတည်ဆောက်ခြင်းလုပ်ငန်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နန်ချွန်ကျေးရွာ ကုန်ထုတ်လမ်းကွန်ကရစ်တံတား ဆောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် မင်းကုန်းကျေးရွာရှိ ဆောင်းဆီထွက်သီးနှံ အထူးဇုန်စံပြစိုက်ခင်း၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်၊ နည်းစနစ်မှန်ကန်သည့် စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးရန်၊ စိုက်ပျိုးရေးထွက်ကုန်များမှ ကုန်ချောများထုတ်လုပ်ပြီး ဈေးကွက်နှင့် ဈေးကောင်းရရှိအောင် တင်ပို့ရောင်းချနိုင်ရန် မှာကြားကာ တက်ရောက်လာသည့် တောင်သူများအား သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်များ ပေးအပ်၍ မင်းကုန်းကျေးရွာ တောင်သူ ဦးလှထွန်းနှင့် တောင်သူများ၏ ဆောင်းဆီထွက်သီးနှံ အထူးဇုန်စံပြစိုက်ခင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဖေယျာမြေ)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**ထားဝယ် ဖေဖော်ဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုသည် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းအနောက်ဘက်ရှိ မြေနေရာတွင် ကျောင်းသား ကျောင်းသူများအတွက် ဘောလုံးအားကစားကွင်း တည်ဆောက်ပြီးစီးနေမှုနှင့် ကျောင်းအား ကြည့်ရှုစစ်ဆေးကာ ကျောင်း၏လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထားဝယ်သူနာပြုသင်တန်းကျောင်းဝင်းအတွင်း သူနာပြုသင်တန်းသားသင်တန်းသူများအတွက် လိုအပ်လျက်ရှိသော မီးဖိုဆောင် ဆောက်လုပ်ပြီးစီးနေမှုနှင့်ချက်ပြုတ်ကျွေးမွေးသည့်နေရာများ၊ စားသောက်ဖွယ်ရာများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူများအနေဖြင့် နေ့စဉ်ကြုံတွေ့နေရသည့် ဘေးဒုက္ခအန္တရာယ်များကို ခေတ်နှင့်အညီ IT နည်းပညာအသုံးပြု၍ မီးသတ်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့အကူအညီတောင်းခံနိုင်ရန်၊ အကူအညီတောင်းခံလာသည့် သတင်းပေးပို့ချက်များကို မီးသတ်ဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ မီးသတ်ဦးစီးဌာန၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အားကိုးယုံကြည်မှုရရှိနိုင်စေရန်၊ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရာတွင် IT နည်းပညာဖြင့် အထောက်အကူဖြစ်စေရန်စသည့်ရည်ရွယ်ချက်များဖြင့် တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသည့် ICT နည်းပညာအသုံးပြုဝန်ဆောင်မှု စနစ်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် Command and Control Center အား တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတွင် စတင်အသုံးပြုခဲ့ကြောင်းနှင့် ICT နည်းပညာအသုံးပြု ဝန်ဆောင်မှုစနစ်များအကြောင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး ကျင်းပနိုင်ရေးအတွက် လွှတ်တော်ရုံးအဆောက်အအုံ ပရိဝုဏ်အတွင်း၊ အပြင်သန့်ရှင်းသပ်ရပ်စနစ်တကျရှိစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လွှတ်တော်ကိုယ်စားလှယ်များ နားနေဆောင်များ၌ အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လွှတ်တော်ရုံး အစည်းအဝေးခန်းမ၊ ဆွေးနွေးပွဲခန်းမ၊ ဧည့်ခန်းမ၊ နားနေခန်းတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျိုက်လတ်မြို့နယ်၌ ကျေးလက်ဖွံ့ဖြိုးရေး ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**ကျိုက်လတ် ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်း ဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည့် ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်နေမှုကို ယမန်နေ့မွန်းလွဲပိုင်းက ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဖျာပုံခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးမြင့်နှင့် တာဝန်ရှိသူများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေတို့ဖြင့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဘုံလုံချောင်း-ထိန်ကျွန်း-ဒရယ်ချို-အထက်ဆင်ကူး-အောက်ဆင်ကူး-ဖောင်ရိုးဆိပ် ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းနှင့် နတ်စဉ်ကျောင်းစု ကျေးရွာအုပ်စု မဲဇလီကျေးရွာနှင့် ကျုံကလွတ်ကျေးရွာအုပ်စု အုန်းပင်စုကျေးရွာသို့ ဆက်သွယ်သောလမ်းကို မြေသားလမ်း ဖောက်လုပ်ခြင်း ဆောင်ရွက်ပြီးစီးမှုအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချေးငွေ၊ လုပ်ငန်းလိုင်စင်နှင့် ထုတ်ကုန်အရည်အသွေးဆိုင်ရာစကားဝိုင်း ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး၏ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ချေးငွေ၊ လုပ်ငန်းလိုင်စင်နှင့် ထုတ်ကုန် အရည်အသွေးဆိုင်ရာ စကားဝိုင်းကို ထည့်သွင်းကျင်းပခဲ့သည်။

စကားဝိုင်း ဆွေးနွေးပွဲတွင် Moderator အဖြစ် ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူအေးက ဆောင်ရွက်ပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသဇင်ဟန်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ မင်းဝန်၊ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေနှင့် ဒေါ်ပွင့်ဖြူဝင်းတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။




ယင်းသို့ဆွေးနွေးရာတွင် FDA ဆိုင်ရာ သိကောင်းစရာများ၊ တန်ဖိုးမြှင့် ထုတ်ကုန်ဆိုင်ရာ အကြောင်းအရာများ၊ ဈေးကွက်မြှင့်တင်နိုင်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အကြောင်းအရာများ၊ ဆေးဝါးပညာရှင်က လုပ်ငန်းခွင် (Safety) ဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များက သိလိုသည်များ ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# တရုတ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများ ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ တွေ့ဆုံဆွေးနွေး

**မြူးနစ် ဖေဖော်ဝါရီ ၁၄**

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုတို့က ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ တွေ့ဆုံပြီး နှစ်နိုင်ငံရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးများက မြူးနစ်လုံခြုံရေးညီလာခံသို့ တက်ရောက်ရန် ဂျာမနီနိုင်ငံသို့ ရောက်ရှိလျက်ရှိသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့က နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာလမ်းညွှန်မှုများကို ပံ့ပိုးပေးလျက်ရှိကြောင်းလည်း တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်လည်းဖြစ်သည့် ဝမ်ယိက ပြောကြားခဲ့သည်။



တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား အပြန်အလှန်လေးစားမှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများဆီသို့ အရောက်လှမ်းနိုင်ရန် ၂၀၂၆ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

နှစ်နိုင်ငံဆွေးနွေးပွဲများကျင်းပခြင်းသည် ထိပ်တိုက်ရင်ဆိုင်ခြင်းထက် ပိုကောင်းသည်၊ ပူးပေါင်းဆောင်ရွက်မှုသည် ပဋိပက္ခထက် ပိုကောင်းသည်၊ အပြန်အလှန်အကျိုးဖြစ်ထွန်းခြင်းသည် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းထက် ပိုကောင်းကြောင်း ဝမ်ယိက ပြောကြားခဲ့သည်။

တန်းတူညီမျှမှု၊ လေးစားမှုနှင့် အပြန်အလှန်အကျိုးရှိစေမည့် အခြေခံမှုများကို နှစ်ဖက်စလုံးက လိုက်နာနေသမျှ ကာလပတ်လုံး အချင်းချင်း၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းရန်နှင့် ကွဲပြားမှုများကို မှန်ကန်စွာ စီမံခန့်ခွဲရန် နည်းလမ်းများ ရှာဖွေနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

နိုင်ငံခြားရေးဝန်ကြီးများက နိုင်ငံရေးနှင့် သံတမန်လမ်းကြောင်းများ ပေါင်းစပ်ညှိနှိုင်းရေး အခန်းကဏ္ဍကို အပြည့်အဝပါဝင်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံအကြား အဆင့်မြင့် အပြန်အလှန်ဆက်သွယ်မှုကို ပံ့ပိုးပေးရန်၊ နယ်ပယ်အသီးသီးတွင် တွေ့ဆုံဆွေးနွေးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် သဘောတူညီခဲ့ကြသည်။

ကိုးကား – စီဂျီတီအင်န်
ဘာသာပြန် – အောင်ကျော်ကျော်

# ကမ္ဘာ့လုံခြုံရေးညီလာခံ ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပ

**မြူးနစ် ဖေဖော်ဝါရီ ၁၄**

ကမ္ဘာ့နိုင်ငံခေါင်းဆောင်များနှင့် ဝန်ကြီးများက ကမ္ဘာ့လုံခြုံရေးနှင့် ပတ်သက်ပြီး ဆွေးနွေးရန် ဂျာမနီနိုင်ငံ၌ စုဝေးရောက်ရှိခဲ့သည်။

ဂျာမနီအဓိပတိ ဖရန့်ဒရစ်ချ်မာဇ်က ဥရောပနှင့် အမေရိကန်ကြား နက်ရှိုင်းသော ကွာဟချက်ကို အသိအမှတ်ပြုခဲ့ပြီး နိုင်ငံတကာ စည်းမျဉ်းများအား လိုက်နာခြင်းမရှိသည့် အပေါ် ဝေဖန်ပြောကြားခဲ့သည်။

မြူးနစ်လုံခြုံရေးညီလာခံကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး သုံးရက်ကြာမြင့်မည်ဖြစ်သည်။

ဂျာမနီအဓိပတိ ဖရန့်ဒရစ်ချ်မာဇ်က "အမေရိကန်ကို လမ်းကြောင်းမှန်သို့ ပြန်လည်ရောက်ရှိရန်နှင့် အတ္တလန္တိတ်ဒေသ၏ ယုံကြည်မှုကို ပြန်လည်အသက်သွင်းရန်" လိုအပ်ကြောင်း ၎င်း၏ အဖွင့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။




ဆွေးနွေးပွဲ၌ အဓိကထားဆွေးနွေးမည့် အကြောင်းအရာများတွင် အမေရိကန်-ဥရောပ ဆက်ဆံရေး၊ ဂရင်းလန်းနှင့် ယူကရိန်းအရေးတို့ ပါဝင်သည်။

ဥရောပခေါင်းဆောင်များအား ၎င်းတို့၏ ကာကွယ်ရေးစွမ်းရည်များ အားကောင်းလာစေရန် တိုက်တွန်းခဲ့ပြီး ဂျာမနီသည် နျူကလီးယားလက်နက် တားဆီးကာကွယ်ရေး ကိစ္စနှင့်ပတ်သက်၍ ပြင်သစ်နှင့် စတင်ဆွေးနွေးနေပြီဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် ကနေဒါ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့အပါအဝင် အခြားနိုင်ငံများကိုလည်း မိတ်ဖက်သစ်နိုင်ငံများအဖြစ် သတ်မှတ်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး ကိုအိဇူမိရှင်ဂျီရိုက နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းကို ခြိမ်းခြောက်မှုအပေါ် စိုးရိမ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်ကို မြှင့်တင်ပြီး ပိုမိုအားကောင်းလာမည်ဟု ၎င်းက ပြောကြားခဲ့သည်။

ဥရောပရှိ မဟာမိတ်နိုင်ငံများ အပါအဝင် အင်ဒို-ပစိဖိတ်ဒေသ၏ မိတ်ဖက်များနှင့်အတူ စစ်ရေးလေ့ကျင့်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင်သာမက စက်ကိရိယာများနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အခြေစိုက်စခန်းများတွင်ပါ ချိတ်ဆက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည် ဖြစ်ကြောင်းလည်း ဂျပန်ကာကွယ်ရေးဝန်ကြီး ကိုအိဇူမိရှင်ဂျီရိုက ပြောကြားခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ဂါဇာကမ်းမြောင်တွင် အလုံးစုံအပစ်အခတ်ရပ်စဲပြီး ဟားမတ်စ်အဖွဲ့အား လက်နက်ဖျက်သိမ်းရေးအတွက် ဆက်လက်ဆောင်ရွက်မည်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၄**

ဂါဇာကမ်းမြောင်တွင် အလုံးစုံအပစ်အခတ်ရပ်စဲပြီး ဟားမတ်စ်အဖွဲ့အား လက်နက်ဖျက်သိမ်းရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (IDF) က ယနေ့ ထုတ်ပြန်ခဲ့သည်။

ဂါဇာကမ်းမြောင်ကို ပြီးပြည့်စုံသည့် စစ်မဲ့ကင်းရှင်းရေးနှင့် ဟားမတ်စ်အဖွဲ့ လက်နက်ဖျက်သိမ်းရေး ရည်မှန်းချက်ကို စွန့်လွှတ်မည်မဟုတ်ကြောင်း ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့သို့ သွားရောက်လည်ပတ်စဉ် အစ္စရေးကာကွယ်ရေးဌာနအကြီးအကဲ အီယယ်ဇာမာက ပြောကြားခဲ့သည်။ ဟားမတ်စ်တို့၏ လိုဏ်ခေါင်းကွန်ရက်များကို ဖျက်ဆီးရန် အဓိကထားကာ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများကို အရှိန်အဟုန်မြှင့်ရန် အစ္စရေးတပ်ဖွဲ့ကို အီယယ်ဇာမာက အမိန့်ပေးခဲ့သည်။

အပစ်အခတ်ရပ်စဲရေးအောက်တွင် အစ္စရေးထိန်းချုပ်ထားသောနယ်မြေများတစ်လျှောက် တပ်များချထားကာ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသရှိ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အစ္စရေးက အပြည့်အဝလိုက်နာခြင်းမရှိပါက ပါလက်စတိုင်းအဖွဲ့များသည် ၎င်းတို့၏လက်နက်များကို စွန့်လွှတ်မည်မဟုတ်ကြောင်း ဟားမတ်စ်အကြီးတန်းအရာရှိ မာမွတ်မာဒါဝီက ပြောကြားခဲ့သည်။

ဟားမတ်စ်-အစ္စရေး အပစ်အခတ်ရပ်စဲရေးသည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်ကတည်းက စတင်အသက်ဝင်ခဲ့ပြီး ဂါဇာကမ်းမြောင်ဒေသသို့ အကျဉ်းသားလဲလှယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်မှုကို ကနဦးအာရုံစိုက်ခဲ့သည်။ လက်ရှိအဆိုပြုထားသည့် ငြိမ်းချမ်းရေးအစီအစဉ်၏ ဒုတိယအဆင့်တွင် အစ္စရေးတပ်ဖွဲ့ဝင်များ အပြည့်အဝဆုတ်ခွာရေး၊ ဟားမတ်စ်အဖွဲ့ကို လက်နက်ဖြုတ်သိမ်းရေးနှင့် အသွင်ကူးပြောင်းအုပ်ချုပ်ရေးအာဏာပိုင်လက်အောက်ရှိ နယ်မြေအတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို စတင်ရန် တောင်းဆိုထားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်

# ပြင်သစ်နိုင်ငံ ဗားလ်ဒီဇဲယားစကိတ်စီးစခန်း၌ နှင်းပြိုကျမှုဖြစ်ပွား၊ နှင်းလျှောစီးသူ သုံးဦးသေဆုံး

**ပါရီ ဖေဖော်ဝါရီ ၁၄**

ပြင်သစ်နိုင်ငံ ဆာဗွိုင်ဒေသရှိ ကျော်ကြားသော ဗားလ်ဒီဇဲယားစကိတ်စီးစခန်း၌ နှင်းပြိုကျမှုဖြစ်ပွားခဲ့ရာ နှင်းလျှောစီးသူ သုံးဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ပြောကြားသည်။

နှင်းပြိုကျမှုကြောင့် စုစုပေါင်း နှင်းလျှောစီးသူ ခြောက်ဦး လွင့်စင်သွားခဲ့ပြီး ၎င်းတို့အနက် သုံးဦးမှာ ပရော်ဖက်ရှင်နယ် ဧည့်လမ်းညွှန်တစ်ဦးနှင့်အတူ လိုက်ပါသွားခဲ့ကြောင်း ပြင်သစ်နေ့စဉ်သတင်းစာ Le Monde က အပန်းဖြေစခန်းမှ ထုတ်ပြန်ချက်ကို ကိုးကား၍ ဖော်ပြခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သော်လည်း သုံးဦးသေဆုံးခဲ့ကြောင်းနှင့် ၎င်းတို့အားလုံးတွင် ပျက်စီးနေသည့် အသံလွှင့်ကိရိယာများ တပ်ဆင်ထားကြောင်း သိရသည်။

ဆာဗွိုင်ဒေသကို နှင်းပြိုကျမှုအန္တရာယ်ဆိုင်ရာ အနီရောင်သတိပေးချက်အောက်တွင် စာရင်းသွင်းခဲ့ကြောင်း အမျိုးသားမိုးလေဝသဝန်ဆောင်မှုဖြစ်သည့် Meteo-France က ပြောကြားခဲ့သည်။

ဗားလ်ဒီဇဲယားစကိတ်စီးစခန်းသည် ကျော်ကြားသော နှင်းလျှောစီးအပန်းဖြေစခန်းတစ်ခုဖြစ်သည်။ မကြာသေးမီက နှင်းပြိုကျမှုကြောင့် လူအများအပြား သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်

# အမေရိကန်သမ္မတ ထရမ့်က အရှေ့အလယ်ပိုင်းသို့ ဒုတိယမြောက် လေယာဉ်တင်သင်္ဘော စေလွှတ်မည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**

အီရန်၏ နျူကလီးယားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်နေချိန်တွင် အရှေ့အလယ်ပိုင်းသို့ ဒုတိယမြောက် လေယာဉ်တင်သင်္ဘောကို စေလွှတ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်သည် တီဟီရန်အပေါ် ဖိအားများ တိုးမြှင့်လာစေရန် ကြိုးပမ်းသည့်အနေဖြင့် အီရန်အနီးရှိ အာရေဗျပင်လယ်တွင် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော USS Abraham Lincoln ကို ဖြန့်ကျက်ချထားပြီးဖြစ်သည်။

အမေရိကန်နှင့် အီရန်ကြား ဆွေးနွေးပွဲများကို ဖေဖော်ဝါရီ ၆ ရက်တွင် ပြန်လည်စတင်ခဲ့ပြီး နှစ်ဖက်စလုံးမှ အဆင့်မြင့်အရာရှိများ ပါဝင်ဆွေးနွေးလျက်ရှိသည်။

**ထပ်မံစေလွှတ်မည်**

ဆွေးနွေးပွဲများမှ ရလဒ်ကောင်းများ မကြာမီထွက်ပေါ်လာမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးညှိနှိုင်းမှုများ အထမြောက် အောင်မြင်ခြင်းမရှိပါက အရှေ့အလယ်ပိုင်းသို့ ဒုတိယမြောက် လေယာဉ်တင်သင်္ဘောကို ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

လေယာဉ်တင်သင်္ဘော USS Gerald R. Ford နှင့် ၎င်း၏အစောင့်သင်္ဘောများကို အရှေ့အလယ်ပိုင်းသို့ ဖြန့်ကျက်ချထားမည်ဖြစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။

အဆိုပါ အနုမြူစွမ်းအင်သုံးသင်္ဘောသည် ဇန်နဝါရီလက ဗင်နီဇွဲလားနိုင်ငံအပေါ် အမေရိကန်၏ စစ်ဆင်ရေးဆောင်ရွက်မှုတွင် ပါဝင်ခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

## ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်(သာယာကုန်းကွက်သစ်)၌ မီးလောင်မှုဖြစ်ပွား



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် (သာယာကုန်းကွက်သစ်) ဇော်ဂျီလမ်းနှင့် နှင်းဆီ (၃)လမ်းထောင့်ရှိ ရွှေမန်းအဟောင်းပစ္စည်းဆိုင်တွင် ယနေ့ နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များသည် အလျင်အမြန် ရောက်ရှိပြီး နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

"မီးလောင်မှုဖြစ်ပွားတဲ့အကြောင်းကို နံနက် ၁၀ နာရီ ၄၅ မိနစ်မှာ သတင်းရတယ်။ သတင်းရလျှင်ရချင်းပဲ နေပြည်တော် မီးသတ်ဦးစီးမှူးရုံးနဲ့ ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မီးငြိမ်းသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ် လေးစီးနဲ့ ထွက်ခွာငြိမ်းသတ်ခဲ့ပါတယ်။ နံနက် ၁၁ နာရီ ၆ မိနစ်မှာ ဘေးပတ်ဝန်းကျင်ကို မီးကူးစက်မှုမရှိအောင် ထိန်းသိမ်းငြိမ်းသတ်နိုင်ခဲ့ပါတယ်။ နံနက် ၁၁ နာရီ ၂၅ မိနစ်မှာ မီးငြိမ်းသတ်ရေးလုပ်ငန်းအားလုံးပြီးစီးခဲ့ပါတယ်"ဟု မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြတ်သီဟက ပြောသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်မှာ ရွှေမန်းအဟောင်းပစ္စည်းဆိုင်တွင် ဂျပ်ဖာအဟောင်းများ၊ ကတ်ထူပြားအဟောင်းများကို ဖိနှိပ်သည့်စက်ဖြင့် ဖိနှိပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ် စက်အပူရှိန်လွန်ကဲကာ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရွှေမန်းအဟောင်းပစ္စည်းဆိုင်ရှိ ပစ္စည်းသိုလှောင်ထားရှိရာ ဂိုဒေါင်နှစ်လုံးနှင့် အဟောင်းပစ္စည်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်၊ လိုင်စင်မဲ့ယာဉ်၊ တရားမဝင်ကုန်ပစ္စည်းတင် ယာဉ်နှင့် ရေယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၀ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မုံရွာလေဆိပ်၌ မုံရွာမြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသည့် ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားမဝင် ရွှေသတ္တု ၂၂၇ ကျပ်သား (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၀၀၀၀၀၀၀) ကို မြန်မာ့သတ္တုတွင်း ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၁၉၀၀၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။



တရားမဝင် စက်သုံးဆီများ



တရားမဝင်သစ်များ

မကွေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မင်းဘူးမြို့နယ်နှင့် စကုမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၈ ဒသမ ၇၀၂ တန်၊ အခြားသစ် ၁၇ ဒသမ ၄၃၂ တန်နှင့် တရားမဝင်သစ်ခွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၂၉၉၃၇၆၂ ကျပ်) ကို သစ်တောဥပဒေအရလည်းကောင်း၊ သရက်မြို့နယ်နှင့် အောင်လံမြို့နယ်တို့အတွင်း၌ တရားမဝင်မြစ်ကျောက် တူးဖော်သည့် လိုင်စင်ရှိရေယာဉ် ၁၀ စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀၀)ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေအရ လည်းကောင်း၊ အောင်လံမြို့နယ်နှင့် ငဖဲမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ ကံမမြို့နယ် ဆယ်ဆုသစ် စက်သုံးဆီဆိုင်အနီး၌ ဓာတ်ဆီ ၁၃၆ ဂါလန်၊ ဒီဇယ်ဆီ ၂၇ ဒသမ ၄ ဂါလန်နှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၅၈၅၃၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် လိုင်စင်ရှိ Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်း ဥပဒေအရ လည်းကောင်း၊ ပခုက္ကူမြို့နယ် အမှတ်(၁၅)ရပ်ကွက်၌ တရားမဝင် လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၈၀၀၀) ကို လောင်းကစား ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၅၃၀၁၃၀၂၉၂ ကျပ်ကို သိမ်းဆည်းခဲ့ရပြီး အရေးယူ ဆောင်ရွက်လျက်ရှိသည်။




Engine Oil (Brand – CF)

ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၀ ရက်တွင် ချောင်းဆုံမြို့နယ်၌ လိုင်စင်မဲ့ထော်လာဂျီ တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၀ ရက်တွင် အလုံဆိပ်ကမ်း၌ ကော့သောင်းမှ ရန်ကုန်သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှုန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး၊ လျှပ်စစ်ပစ္စည်း ၁၅ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၂ မျိုးအား အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ (ID) တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်ပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၃၁၃၁၇၇၉၆၄ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV Mahar Tun ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေ ၂၈၃၄၈၉၂၄၇ ကျပ်)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၅၉၆၆၆၇၂၁၁ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။



လိုင်စင်မဲ့မော်တော်ဆိုင်ကယ်

စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်ငါးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၈၀၀၆၈၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၆၈၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ဖေဖော်ဝါရီ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင်သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၄၈၇၆၉၈၁၈၃ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိက အဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေး ကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများကယခုထက်ပိုမို၍ တားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပြည်သူ့အကျိုးပြု ရေအားလျှပ်စစ်စီမံကိန်းများ စတင်ရမည့် ဤအချိန်ခါ...

ရန်ကုန်မြို့ပြ၏ ဆောင်းညနေခင်းတွင် နေ၏အလင်းရောင်က မှိန်ဖျဖျသာရှိတော့သော်လည်း လမ်းမီးများကြောင့် အလင်းရောင်ကောင်းစွာရရှိနေသည်။ ညနေခင်းအလင်းရောင်အောက်ဝယ် မြို့ပြနေပြည်သူများသည် အသက်မွေးမှုလုပ်ငန်းတာဝန်များ ပြီးဆုံး၍ အိမ်အပြန်လမ်းဆီ ဦးတည်နေကြသည်။

ဗညားဦး

တစ်နေ့တာကုန်ဆုံးသွားပြီး အလုပ်တာဝန်ပြီးသော်လည်း နောက်တစ်နေ့ အလုပ်ခွင်ဝင်နိုင်ရေးအတွက် အိမ်နေရာဆီရောက်သည့်အခါ ချက်ပြုတ်၊ လျှော်ဖွပ် စသည့် ဝေယျာဝစ္စများက ဆောင်ရွက်ရန်ရှိနေသေးသည်။ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်ဟင်းအိုး၊ လျှပ်စစ်ရေနွေးအိုး၊ အဝတ်လျှော်စက်စသည်ဖြင့် အမျိုးအစားစုံလင်လှသော လျှပ်စစ်ပစ္စည်းများကို အသုံးပြု၍ ချက်ပြုတ်၊ လျှော်ဖွပ်စသည့် မိသားစုဝေယျာဝစ္စများကို လျင်လျင်မြန်မြန်ပြီးစီးစေရသည်။ သို့မှသာ တစ်နေ့တာအတွက် အနားယူချိန် မြန်မြန်ဆန်ဆန် ရောက်ရှိမည်ဖြစ်သည်။

လျှပ်စစ်ပြတ်တောက်မှု ဖြစ်ပေါ်သည့်အခါ အလုပ်တာဝန်များ၊ မိသားစုဝေယျာဝစ္စများက နှောင့်နှေးသွားပြီး ပြည်သူအများ အထူးသဖြင့် အိမ်ရှင်မများသည် တစ်နေ့တာလည်ပတ်မှုအတွက် ရင်မောကြသည်။ မြို့ပြလူနေမှုစနစ်နှင့် လျှပ်စစ်သုံးစွဲမှုသည် များစွာဆက်နွှယ်နေသည်။

လူဦးရေတိုးပွားမှု၊ လူနေထူထပ်မှု၊ စက်မှုဇုန်နှင့် စီးပွားရေးဇုန်များ တိုးတက်များပြားလာမှုတို့သည် လူနေမှုစနစ်ကို ပြောင်းလဲလာစေပြီး လျှပ်စစ်ဓာတ်အားကို နေ့ညမပြတ် လိုအပ်လာသည်။ လျှပ်စစ်ဓာတ်အားရရှိပြီး မြို့ပြများနှင့် ကျေးလက်ဒေသများအတွက် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရန် လိုအပ်သည်။ ထို့အတူ လျှပ်စစ်ဓာတ်အား မရရှိသေးသည့်ဒေသများ ဓာတ်အားရရှိရေးကို ဦးစားပေးဖြည့်ဆည်းပေးရန်လည်း လိုအပ်နေသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုက တစ်နိုင်ငံလုံး ရာခိုင်နှုန်းပြည့် လွှမ်းခြုံနိုင်မှုမရှိသေးပါ။

လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းရသည်၊ နိုင်ငံတွင်တည်ရှိသည့် လျှပ်စစ်ဓာတ်အားရရှိနိုင်သည့် အရင်းအမြစ်များကို အကျိုးရှိရှိအသုံးပြုနိုင်ရန် စီမံရသည်၊ ပြည်သူ့ဘဏ္ဍာစိုက်ထုတ်သုံးစွဲရမှု အနည်းဆုံးဖြင့် နိုင်ငံနှင့် ပြည်သူအကျိုးပြုသုံးစွဲနိုင်အောင် ဆောင်ရွက်ရသည်။

ထိုသို့ လျှပ်စစ်ဓာတ်အား ရရှိရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရပေါ်များကြွယ်ဝစွာ တည်ရှိနေသည့် ရေ၊ လေ၊ မြေ၊ နေ ပိုင်ဆိုင်မှုကို မေ့ထား၍မရပါ။ လျှပ်စစ်ဓာတ်အားကို ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့တို့မှ နည်းလမ်းမျိုးစုံဖြင့် ထုတ်လုပ်ကြသည်။ မြန်မာ့ရေအရင်းအမြစ်ကြွယ်ဝမှုသည် ကမ္ဘာ့အဆင့် (၁၄) တွင် တည်ရှိသည်။

သို့သော် ရေသယံဇာတအရင်းအမြစ်များကို နိုင်ငံအတွက် အပြည့်အဝအသုံးချနိုင်ခြင်း မရှိသေးပေ။ ယခုအချိန်အထိ နိုင်ငံအတွင်းရှိ ရေအားအရင်းအမြစ်များအားလုံး၏ တစ်စိတ်တစ်ဒေသကိုသာ အသုံးပြုနိုင်သေးသည့်အတွက် ရေအားအရင်းအမြစ်များကို စနစ်တကျစူးစမ်းလေ့လာ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝအဆင့်မြင့်မားရေးအတွက် အကျိုးရှိစွာ အသုံးချကြရမည် ဖြစ်သည်။

> ❝ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ရည်ရွယ်သည့် စီမံကိန်းဖြစ်သည်ကို ယုံကြည်နားလည်ပြီး မိမိနိုင်ငံတွင်ရှိသော အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဖွံ့ဖြိုးမှုရလဒ်ကောင်းများရရှိအောင် ဖော်ဆောင်သွားကြရမည်ဖြစ်သည်။ မည်သည့်အရင်းအမြစ်မှ ထုတ်ယူသည်ဖြစ်စေ အားသာချက်ချည်း ရရှိမည်ဟု မဆိုလိုပါ။ အားနည်းချက်များလည်း ရှိနိုင်ပါသည်။ အားနည်းချက်များကို ကျော်လွှားပြီး အားသာချက်များဖြင့် အောင်မြင်သည့် စီမံကိန်းဖြစ်စေရန်အတွက် အစိုးရနှင့်ပြည်သူ ပူးပေါင်းဖော်ဆောင်သွားကြရမည်ဖြစ်သည်။ ထို့ကြောင့် ဤအချိန်သည် ရပ်တန့်နေသည့် ရေအားလျှပ်စစ်စီမံကိန်းများကို နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ရှင်သန်အသက်ဝင်ဆောင်ရွက်ပြီး အောင်မြင်အောင် ဆောင်ရွက်ရမည့် အချိန်ကောင်းဖြစ် ❞

## လိုအပ်သလောက် စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရေးကိုသာ ဆောင်ရွက်ကြရမည်

သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးစွမ်းအင်တို့နှင့်နှိုင်းယှဉ်ပါက ရေသည် အဖိုးအခပေးရန်မလိုသော အရင်းအမြစ်ဖြစ်သည့်အတွက် ရေအားလျှပ်စစ်သည် ထုတ်လုပ်စရိတ် အနိမ့်ဆုံးဖြစ်ပြီး လေစွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်တို့နှင့် နှိုင်းယှဉ်ပါက ရေအားလျှပ်စစ်သည် ပိုမိုတည်ငြိမ်၍ ရေသယံဇာတ အရင်းအမြစ်ကလည်း ပေါများစွာ တည်ရှိနေသည်။ သို့ဖြစ်ရာ လိုအပ်နေသည့် ဓာတ်အားအတွက် သက်သာသည့်အရင်းအမြစ်က အဆင်သင့်ရှိနေသည့်အတွက် လိုအပ်သလောက် စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရေးကိုသာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံနှင့် ပြည်သူအတွက် လက်ရှိအကျိုးပြုနေသည့် ရေအားလျှပ်စစ်စီမံကိန်းများရှိသည်။ ဖော်ဆောင်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများလည်းရှိသည်။

သို့ပေငြား ရေအားလျှပ်စစ်စီမံကိန်းများကို သဘာဝပတ်ဝန်းကျင် လေ့လာဆန်းစစ်မှုခေါင်းစဉ်များအောက်တွင် ပျောက်ကွယ်စေရန် ရည်ရွယ်သည့် လှည့်ကွက်များကို ပြည်သူများသတိပြုရန် လိုအပ်သည်။ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်များစွာ ထွက်ရှိနိုင်မည့် ချင်းတွင်းမြစ်ပေါ်ရှိ ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်း၊ ထမံသီရေအားလျှပ်စစ်စီမံကိန်း၊ သံလွင်မြစ်ပေါ်ရှိ တာဆန်းရေအားလျှပ်စစ်စီမံကိန်းနှင့် ဧရာဝတီမြစ်ပေါ်ရှိ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းများ ရပ်တန့်နေခဲ့သည့်အတွက် ဓာတ်အားအပြည့်အဝမရသည့်အခြေအနေကို ပြည်သူများကသာ တွေ့ကြုံခံစားကြရသည်။

> ❝ ရေအားလျှပ်စစ်စီမံကိန်းများကို သဘာဝပတ်ဝန်းကျင် လေ့လာဆန်းစစ်မှုခေါင်းစဉ်များအောက်တွင် ပျောက်ကွယ်စေရန် ရည်ရွယ်သည့် လှည့်ကွက်များကို ပြည်သူများ သတိပြုရန်လိုအပ်သည်။ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်များစွာ ထွက်ရှိနိုင်မည့် ချင်းတွင်းမြစ်ပေါ်ရှိ ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်း၊ ထမံသီရေအားလျှပ်စစ်စီမံကိန်း၊ သံလွင်မြစ်ပေါ်ရှိ တာဆန်းရေအားလျှပ်စစ်စီမံကိန်းနှင့် ဧရာဝတီမြစ်ပေါ်ရှိ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းများ ရပ်တန့်နေခဲ့သည့်အတွက် ဓာတ်အားအပြည့်အဝမရသည့်အခြေအနေကို ပြည်သူများကသာ တွေ့ကြုံခံစားကြရ ❞

ဥပမာအားဖြင့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် တမံတည်ဆောက်ရေးစီမံကိန်းစတင်ချိန်နီးမှသာ နိုင်ငံရေးအကျပ်အတည်းက ထွက်ပေါ်လာသည်။ စီမံကိန်းရပ်တန့်ခဲ့သည်။ ဖွံ့ဖြိုးမှု မလိုလားသူတစ်စုက နိုင်ငံရေးအကျပ်အတည်းများကို ဖန်တီးကြသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ရှေ့တန်းတင်ကြသည်။ သို့သော် အမြဲတစေ ဖန်တီးနိုင်ရန် မစွမ်းဆောင်နိုင်ပါ။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းကသွားရောက်ခဲ့သည့် ကချင်ပြည်နယ်ခရီးစဉ်တွင် အဆိုပါစီမံကိန်းတည်ဆောက်ရေးနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနေရာသည် စစ်ကိုင်းပြတ်ရွေ့ကြောမှ ၂၅ ဒသမ ၄ ကီလိုမီတာအကွာတွင် ရှိသည့်အတွက် တမံကြံ့ခိုင်မှုအခြေအနေနှင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ရည်မျှော်ဖြေရှင်းနိုင်မည့်အခြေအနေကိုသာ ဒေသခံပြည်သူများ၊ ဘာသာရေးခေါင်းဆောင်များက စေ့စေ့ငုငု ဆွေးနွေးမေးမြန်းကြခြင်းဖြစ်သည်။

မြစ်ဆုံတမံတည်ဆောက်မှု မူလဒီဇိုင်းအရ ငလျင်ပြင်းအား ၈ မဂ္ဂနီကျူနှင့် ဒဏ်ခံနိုင်ရည်အဆင့် ၉ မဂ္ဂနီကျူကို ခံနိုင်ရည်ရှိအောင် ဒီဇိုင်းထုတ်ထားပြီး စီမံကိန်းကို နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို အဓိကထား၍ ဆောင်ရွက်သွားမည်ဟုဆိုသည်။ နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို အဓိကထားသော စီမံကိန်းဖြစ်စေရန် စီမံဆောင်ရွက်သွားမည့်အခြေအနေကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပေးကြသည်။

ယခုမြစ်ဆုံတမံတည်ဆောက်မည့် နေရာတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှု ပမာဏထက် ပိုမိုခံနိုင်ရည်ရှိသည့် ဒီဇိုင်းကို ASEAN Charter Professional Engineer (ACPE)အဖွဲ့ဝင်ပညာရှင်များဖြင့် အကြံပြုစိစစ်ပေးသွားမည်ဖြစ်ကြောင်း တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် သိရသည်။

ငလျင်နှင့်ပတ်သက်၍ စစ်ကိုင်းပြတ်ရွေ့မှ အကွာအဝေး ၃၀ ဒသမ ၉ မီတာနေရာရှိ ဖောင်းတူဆည်မှာ မြေသားတမံဖြစ်ပြီး ၆ မဂ္ဂနီကျူခံနိုင်ရည်ရှိကြောင်း၊ စစ်ကိုင်းပြတ်ရွေ့ကြောပေါ်ရှိ ဖြူးမြို့နယ်အနီး ကွန်းချောင်းရေလှောင်တမံမှာ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ကာ ၇ ဒသမ ၉ မဂ္ဂနီကျူခံနိုင်ရည်ရှိကြောင်း၊ အဆိုပါ ဆည်တမံနှစ်ခုသည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ရာတွင် တစ်စုံတစ်ရာချို့ယွင်းမှုမရှိကြောင်း သိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မြစ်ဆုံတမံ၏ အမြင့်နှင့် တပ်ဆင်စက်အင်အားနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာဆွေးနွေးပွဲများစွာပြုလုပ်ခဲ့ပြီး တမံအမျိုးအစား Concrete Face Rock Fill Dam (CFRD) ကွန်ကရစ်မျက်နှာ ကျောက်ဖြည့်တမံအမျိုးအစား အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

## မြစ်ကြမ်းပြင်ထိန်းညှိရေးလုပ်ငန်းများလည်း ဤစီမံကိန်းတွင်ပါဝင်

ထို့ပြင် မြစ်ကြီးနားမြို့တွင် ရေကြီးရေလျှံမှုကို ကာကွယ်ရန်အတွက် မြစ်ကြမ်းပြင်ထိန်းညှိရေးလုပ်ငန်းများလည်း ဤစီမံကိန်းတွင် ပါဝင်သည်။ ၎င်းသည် မိုးရာသီနှင့် ခြောက်သွေ့ရာသီများတွင် ရေစီးဆင်းမှုပုံစံများကို ထိရောက်စွာ ထိန်းညှိပေးနိုင်ပြီး မြစ်အောက်ပိုင်းတွင် ရေကြောင်းသွားလာမှုအခြေအနေများကို တိုးတက်ကောင်းမွန်စေပါသည်။ မြစ်ဆုံတမံ အချိန်မီပြီးစီးခဲ့ပါက ၂၀၂၄ ခုနှစ် မိုးရာသီတွင် မြစ်ကြီးနား၌ ဖြစ်ပွားခဲ့သည့် ကြီးမားသောရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ဒီလောက်မဖြစ်စေခဲ့ပါ။ ရေအောက်ကြမ်းပြင်မှ ထွက်ရှိလာသည့် နုန်းမြေအနည်အနှစ်များကို ဧရာဝတီမြစ်ဘေးတစ်လျှောက် လုပ်ကိုင်နေကြသည့် တောင်သူများ၏ စိုက်ပျိုးမြေများအတွက် သဘာဝကပေးသည့် အဆီအနှစ်ပြည့်ဝသော မြေသြဇာကိုလည်း အသုံးပြုသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ရည်ရွယ်သည့် စီမံကိန်းဖြစ်သည်ကို ယုံကြည်နားလည်ပြီး မိမိနိုင်ငံတွင်ရှိသော အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဖွံ့ဖြိုးမှုရလဒ်ကောင်းများရရှိအောင် ဖော်ဆောင်သွားကြရမည်ဖြစ်သည်။ မည်သည့်အရင်းအမြစ်မှ ထုတ်ယူသည်ဖြစ်စေ အားသာချက်ချည်း ရရှိမည်ဟု မဆိုလိုပါ။ အားနည်းချက်များလည်း ရှိနိုင်ပါသည်။ အားနည်းချက်များကို ကျော်လွှားပြီး အားသာချက်များဖြင့် အောင်မြင်သည့် စီမံကိန်းဖြစ်စေရန်အတွက် အစိုးရနှင့် ပြည်သူ ပူးပေါင်းဖော်ဆောင်သွားကြရမည်ဖြစ်သည်။ ထို့ကြောင့် ဤအချိန်သည် ရပ်တန့်နေသည့် ရေအားလျှပ်စစ်စီမံကိန်းများကို နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ရှင်သန်အသက်ဝင်ဆောင်ရွက်ပြီး အောင်မြင်အောင် ဆောင်ရွက်ရမည့် အချိန်ကောင်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဘုရားဖူးလာရောက်သူ တစ်သိန်းခွဲကျော်ထိရှိနေ

**ညောင်ဦး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများပြားကာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ တစ်ခွင်လုံးဘုရားဖူးကားများ၊ ဘုရားဖူးသူများ၊ မီနီအိုးဝေများ၊ မြင်းလှည်းများ၊ အီးဘိုက်များဖြင့် နေရာတိုင်းတွင် ဘုရားဖူးလာသူများဖြင့် စည်ကားများပြားနေကြောင်း မြင်းကပါကျေးရွာ၊ မနုဟာဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူများထံက သိရသည်။




ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဘုရား၊ ပုထိုး၊ စေတီ၊ သာသနိကအဆောက်အုံ ၃၇၃၈ ကျော်ကျန်ရှိနေကာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထားရှိသော ဘုရားများဖြစ်သည့် ရွှေစည်းခုံဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ဓမ္မရာဇကဘုရား၊ ထီးလိုမင်းလိုဘုရား၊ အလိုတော်ပြည့်ဘုရား၊ အာနန္ဒာဘုရား၊ ဗူးဘုရား၊ မဟာဗောဓိဘုရား၊ မြစေတီဘုရား၊ မနုဟာဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ ငှက်ပစ်တောင်ဘုရား၊ ရွှေဆံတော်ဘုရား၊ သဗ္ဗညုဘုရား၊ ကန်တော့ပလ္လင်ဘုရားနှင့် ပြဿဒ်ကြီးဘုရားတို့တွင် ဘုရားဖူးများအလွန်များပြားနေကာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာလိုသည့် လေ့လာရေးဘုရားဖူးဧည့်သည်များသည်လည်း မြင်းကပါဂူပြောက်ကြီးဘုရား၊ ဂူပြောက်လေးဘုရား၊ ဝက်ကြီးအင်းဂူပြောက်ကြီး၊ ဂူပြောက်လေးဘုရား၊ ဘုရားသုံးဆူ၊ လောကထိပ်ပန်ဘုရား၊ လောကအုတ်သျှောင်ဘုရား၊ သစ္စာမဏ္ဍိုင်ဘုရား၊ ကုသဘုရား၊ သမုတိဘုရား၊ တောင်တဝက်ဂူဘုရား၊ ဆင်များရှင်ဘုရား၊ ရွှေဂူကြီးဘုရား၊ ဂရို့ချိုးဘုရား၊ စိုးမင်းကြီးအုတ်ကျောင်း၊ နဂါးရုံဘုရား၊ အပါယ်ရတနာဘုရား၊ အရှေ့ဖက်လိပ်၊ အနောက်ဖက်လိပ်ဘုရား၊ တောင်ဂူနီမြောက်ဂူနီဘုရားတို့တွင်လည်း ဘုရားဖူးလာပြည်သူများ၊ ဘုရားတည်ဆောက်ပုံဗိသုကာလက်ရာများ၊ နံရံပန်းများ၊ မင်စာများ၊ ကျောက်စာများနှင့် ကျောက်ဆက်ပန်းဆွဲများကို လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် ပြည့်ငါးပြည့်ဘုရားတို့တွင်လည်း ဘုရားဖူးများဖြင့် စည်ကားနေပြီး ညနေပိုင်း တောင်ကုန်းတုများပေါ်မှ နေဝင်ဆည်းဆာကြည့်ရှုခြင်းများနှင့် နံနက်ပိုင်း Balloons စီး၍ ပုဂံအလှအား ကောင်းကင်မှ ကြည့်ရှုသူများဖြင့် စည်ကားနေကြောင်း ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ တာဝန်ရှိသူများထံမှ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ပိတ်ရက်ရှည်ခြင်းကြောင့် ဘုရားဖူးလာရောက်သူများပြားခြင်းနှင့် အတူ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများပြည့်နေပြီး မြင်းလှည်း၊ အီးဘိုက်၊ မီနီအိုးဝေ၊ အငှားကားလိုက်သူများ အဆင်ပြေလျက်ရှိသည်။ လက်အလှပန်းချီရေးဆွဲသူများ၊ စားသောက်ဆိုင်များ၊ ဒေသထွက်ကုန်အရောင်းဆိုင်များ၊ ပုံးရည်ကြီးအရောင်းဆိုင်များ ရောင်းအားကောင်းကြပြီး ပြည်တွင်း ဧည့်လမ်းညွှန်များလည်း အလုပ်အကိုင်အခွင့်လမ်းရရှိနေကြကာ ဝင်ငွေတွက်ခြေကိုက်လျက်ရှိကာ တစ်ရက်လျှင် ဘုရားဖူးခရီးသွား တစ်သိန်းခွဲကျော် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

# မင်းဘူး(စကု)မြို့နယ်ရှိ သမိုင်းဝင်မန်းရွှေစက်တော် ပါဒခြေတော်ရာနှစ်ဆူအား လာရောက်ဖူးမြော်ကြည်ညိုနိုင်



**မင်းဘူး ဖေဖော်ဝါရီ ၁၄**

မန်းရွှေစက်တော် ဘုရားသည် မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်တွင် တည်ရှိကာ အနောက်ရိုးမ၏ အရှေ့ဖျား တောင်စွယ် တောင်တန်းများ ဖြစ်သော မကုဋ္ဌတောင် (ခေါ်) သစ္စဗန္ဓတောင်ထိပ်တွင် မြတ်စွာဘုရားရှင်၏ ဝဲဘက်ခြေတော်ရာ တစ်ဆူကို အထက်စက်တော်ရာ ဟူ၍လည်းကောင်း၊ နမ္မဒါမြစ် ယခု မန်းချောင်းဘေး ဝဲဘက်တောင်ခြေမှ ခြေတော်ရာတစ်ဆူအား အောက်စက်တော်ရာဟူ၍ လည်းကောင်း ခေါ်ဆိုကြသည်။

ရှေးခေတ် မင်းအဆက်ဆက်မှစ၍ ပူဇော်ကျင်းပမြဲဖြစ်သော မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးကို နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ၈၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ကျောင်းသား ကျောင်းသူများနှင့် ရုံးဝန်ထမ်းများလည်း စနေ၊ တနင်္ဂနွေပိတ်ရက်များ၊ အခါကြီးရက် ပိတ်ရက်များတွင် လာရောက်အနားယူ ညအိပ်တည်းခိုနိုင်ရန် တည်းကျောင်းများ သောင်ပြင်တွင် ဆောက်လုပ်ပေးထားသည်။ ဈေးဆိုင်တန်းများတွင်လည်း ဝက်မြေဥ၊ လေးပင်ဆီးသီး၊ ပါပလာ၊ မရွှေးပွ၊ ပဲပွပဲရှုကြော်စသော ဒေသထွက်စားသောက်ဖွယ်ရာ ကုန်ပစ္စည်းများ၊ ချည်ဖြင့်ပြုလုပ်သော အဝတ်အထည်များ၊ တောတန်းတောင်တန်းများမှရသော သစ်ဥ၊ သစ်ဖုနှင့်ဆေးမြစ်များ၊ သနပ်ခါးတုံးများစသော ဒေသထွက်ကုန်ပစ္စည်းအမျိုးမျိုးကို ဈေးဆိုင်များတွင် ခင်းကျင်းကာ ဈေးနှုန်းချိုသာစွာ ရောင်းချလျက်ရှိပြီး စားသောက်ဖွယ်ရာ ဆိုင်အများအပြားရှိကြောင်း သိရသည်။

ကလေးများအတွက် ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဥယျာဉ်မှ ရွှေသမင်ခြံ၊ ကြယ်လိပ်ခြံတို့တွင် လေ့လာကြည့်ရှုနိုင်သည်။ မန်းချောင်းအပန်းဖြေဆင်စခန်းတွင် ဆင်များစီးပြီး တောတောင်ရေမြေနှင့် ညနေဆည်းဆာ သဘာဝရှုခင်းအလှအပများကိုလည်း ကြည့်ရှုခံစားနိုင်ကြသည်။ ထို့ကြောင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအတွက် ရွှေစက်တော် ဘုရားပွဲရာသီတွင် မကွေးမြသလွန်၊ စက္ကိန်းတဲစေတီတော်မြတ်ကြီး၊ ရှင်မင်းဘူး၊ သမုတ္တဂီရိမြစေတီတော်မြတ်ကြီး၊ ထေရ်ကြီးစေတီ၊ မှန်ကင်းရုပ်စုံကျောင်း၊ သုံးထပ်ရုပ်စုံကျောင်းများ၊ စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားများသည် လမ်းကြောတစ်ဆက်တစ်စပ်တည်း ဖြစ်နေသော မင်းဘူး(စကု)မြို့နယ်ရှိ သမိုင်းဝင် မန်းရွှေစက်တော် ပါဒစေတီတော်နှစ်ဆူအား စိတ်ချမ်းမြေ့ကြည်လင်စွာ လာရောက်ဖူးမြော် ကြည်ညိုနိုင်ကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# ရွှေသောင်ယံမြို့ ကမ်းခြေသို့ ရုံး၊ ကျောင်းပိတ်ရက်များအတွင်း လာရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကား



**ရွှေသောင်ယံ ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ ကမ်းခြေများဖြစ်သည့် ရွှေသောင်ယံကမ်းခြေ၊ Sea&Lake ကမ်းခြေ၊ ကျောက်မောင်နှမကမ်းခြေတို့တွင် ယခုကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များအတွင်း လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

အဆိုပါ ရွှေသောင်ယံကမ်းခြေသို့လာရောက်လည်ပတ်ကြသောသူများမှာ ကိုယ်ပိုင်ကားများ၊ မှန်လုံကားကြီးများ၊ Light truck ယာဉ်များ၊ Hijet ယာဉ်များ၊ အိုးဝေများစသည်ဖြင့် ယာဉ်အမျိုးမျိုးဖြင့်လာရောက်လည်ပတ်ကြပြီး ရွှေသောင်ယံမြို့ရှိ အထင်ကရနေရာများတွင် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ရွှေသောင်ယံကမ်းခြေသည် အေးချမ်းတည်ငြိမ်မှုရှိခြင်း၊ သာယာလှပခြင်း၊ ကမ်းခြေရှည်လျားခြင်း၊ ကမ်းခြေတွင်ဓာတ်ပုံရိုက်စရာ သဘာဝအလှနေရာများစွာရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ Sea&Lake ကဲ့သို့သော အပန်းဖြေဥယျာဉ်ရှိခြင်း အဆိုပါဥယျာဉ်တွင် လည်ပတ်စရာများ၊ စားစရာများ၊ ညအိပ်တည်းခိုရန်နေရာများဖြင့် ပြည့်စုံသည့်အတွက် ယခုလို ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် လာရောက်အပန်းဖြေအနားယူသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်၊ ရွှေသောင်ယံ(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း အင်္ဂပူမြို့နယ်နှင့် မြန်အောင်မြို့နယ်ရှိ နေကြာစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**ပုသိမ် ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အင်္ဂပူမြို့နယ် ကြို့ကုန်းကျေးရွာ တောင်သူဦးရာဇာအောင်၏ ဆင်းရွှေကြာ (၂) ဆောင်းနေကြာစိုက်ခင်းကို ကြည့်ရှုပြီး စနစ်တကျ ရိတ်သိမ်းရေး၊ စိုက်ခင်းများသို့ ပိုးမွှားများမကျရောက်စေရေး ကြိုတင်ကာကွယ် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မြန်အောင်မြို့နယ် ဆင်သေကျေးရွာ တောင်သူဦးအောင်ဌွေး၏ Super Sun-41 ဆောင်းနေကြာစိုက်ခင်းများကို လည်းကောင်း၊ ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျွန်းပတ်တာ ကျုံကဒွန်း-အမာ လက်ယာမြောင်း အပိုင်း(၂)တူးဖော်ခြင်း လုပ်ငန်း အလျား ပေ ၁၂၀၀၀၊ အကျယ် ၂၄ ပေ၊ အောက်ခြေအကျယ် ၁၂ ပေ၊ ပျှမ်းမျှအနက် ခြောက်ပေ တူးဖော်နေမှုကိုလည်းကောင်း၊ ဖျာပုံမြို့နယ် ဝါးချောင်းကျေးရွာ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါး ဆားငန်ခံစံပြကွက် ၁၅ ဧက စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး ရေငန်ဝင်ရောက်မှု နည်းပါးစေရေး ရေငန်တားလုပ်ငန်းများ ဆောင်ရွက်ပေးရန်၊ ရေငန်တားရေချိုထိန်း ရေတံခါး ဝါးချောင်းရေတံခါးနှင့် ဖလက်ရေတံခါးတို့ကို ပြုပြင်ရန်အပါအဝင် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖျာပုံမြို့နယ် ငုတောကျေးရွာ ၂၀၂၅-၂၀၂၆ ခုနှစ် ရက် ၉၀ နွေစပါး ၁၅ ဧကစံပြကွက်ကို ကြည့်ရှုအားပေးပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာအချိုးကျ ထည့်သွင်းသုံးစွဲရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ချောင်းဆုံမြို့နယ် ကော့မုပွန်ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ခုနှစ် နေကြာမျိုးရွေးချယ်မြှင့်တင်ခြင်း ကွင်းသရုပ်ပြပွဲ တက်ရောက်

**မော်လမြိုင် ဖေဖော်ဝါရီ ၁၄**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ကျောင်းဝင်းနှင့် ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ မြက်များနှင့် အမှိုက်များကို ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက ကျောင်းအကျိုးပြုစုပေါင်းသန့်ရှင်းရေး ဝိုင်းဝန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

**တက်ရောက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချောင်းဆုံမြို့နယ် ကော့မုပွန်ကျေးရွာ ကွင်းအမှတ် (၆၃၇)ရှိ တောင်သူ ဦးထွန်းခင်၏ နေကြာနှင့် ဆီထွက်သီးနှံစိုက်ခင်း၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ခုနှစ်



နေကြာမျိုး ရွေးချယ်မြှင့်တင်ခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ချောင်းဆုံမြို့နယ် ဦးစီးမှူးက မြို့နယ်အတွင်း နွေစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ် မျိုးစေ့တာဝန်ခံက တောင်သူများ ပူးပေါင်းပါဝင်သော နေကြာမျိုး ရွေးချယ်မြှင့်တင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေးနှင့် ဆီထွက်သီးနှံများ အထွက်နှုန်းမြင့်မားပြီး ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး၊ မိုးစပါး၊ နွေစပါး အပြင်၊ အခြားဆောင်းသီးနှံ (ဆီထွက်သီးနှံ) များကိုလည်း အောင်မြင်ဖြစ်ထွန်းစေရေး အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ ယခု ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဆောင်းမြေပဲသီးနှံ ၂၀၅၄၆ ဧက၊ နှမ်းသီးနှံ ၁၅၃၂ ဧကနှင့် နေကြာသီးနှံ ၁၃၃၀၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ တောင်သူများအတွက် ရေ၊ မြေ၊ ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်နှင့် မြေဩဇာများရရှိရေး၊ သီးနှံအထွက်နှုန်း ကောင်းမွန်စေရေးတို့ကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့၏ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရန်နှင့် ပြည်နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် အရေးပါသော စိုက်ပျိုးရေးထွက်ကုန်များကို ရည်မှန်းချက်ပြည့်မီရေး၊ ဆီထွက်သီးနှံများ မြေပြင်တွင် ဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံတောင်သူများ၏ လိုအပ်ချက်များ ဖြစ်သော ကုန်ထုတ်လမ်း ဖောက်လုပ်ပေးနိုင်ရေး၊ စိုက်ပျိုးရေများကို နည်းလမ်းပေါင်းစုံမှ ရရှိရေး၊ သွင်းအားစုများ အချိန်မီရရှိစေရေး တင်ပြမှုအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆောင်းသီးနှံ (ဆီထွက်သီးနှံ) နေကြာနှင့်မတ်ပဲများစိုက်ပျိုး အောင်မြင် ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ချောင်းဆုံမြို့နယ် အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ ၃၆၆၄ ဧက စိုက်ပျိုးနိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ဆီထွက်သီးနှံနေကြာ ဧက ၃၅၅၀၊ မြေပဲ ၁၀၁ ဧကနှင့် နှမ်း ၃၃ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၃၆၈၄ ဧက စိုက်ပျိုးပြီးစီးပြီး ဖြစ်ကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ဆီထွက်သီးနှံ ၃၆၈၄ ဧက၊ နွေစပါး ၁၀၅ ဧက၊ ပဲမျိုးစုံ ၅၈၆၄ ဧက ဆောင်းသီးနှံ စုစုပေါင်း ၉၆၅၆ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်းနှင့် တောင်သူများ လိုအပ်သည်များကို တာဝန်ရှိသူများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၄**

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ မိုးကြိုးကွက်သစ် ဇေယျာသီရိခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြင်ဦးလွင်မြို့ မိုးကြိုးကွက်သစ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး အမှတ်(၉၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးခင်မောင်မြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများနှင့် ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ တပ်ကြပ်ကြီး အေးစိုး(ဇင်ယော်)က "လမ်းမများပေါ်မှ အသံထွက်လူသတ်သမားများ"ခေါင်းစဉ်ဖြင့် ဟောပြောသည်။ အဆိုပါ ဟောပြောပွဲသို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမှ တာဝန်ရှိသူများ၊ ပြင်ဦးလွင်မြို့ မိုးကြိုးကွက်သစ်မှ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များနှင့် ဆီသိုလှောင်ကန်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများထားရှိမှုကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက လိုက်လံစစ်ဆေးစဉ်။** ဖြိုးစန္ဒာ(ဆိပ်ကမ်း)





**သန်လျင်မြို့နယ် အတွင်း စက်သုံးဆီ အရောင်းဆိုင်များကို ဖေဖော်ဝါရီ ၁၄ ရက်က မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မျိုးဝင်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေး ကြိုတင် ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

သန်းဝင်း(သန်လျင်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

# သူနာပြုတက္ကသိုလ်(မန္တလေး) ပထမနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (၁၁/၂၀၂၅)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၄**

သူနာပြုတက္ကသိုလ်(မန္တလေး) ပထမနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (၁၁/၂၀၂၅)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါတက္ကသိုလ် ပင်မ(၆) ထပ်ဆောင် Multipurpose Hall ၌ ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆေးရုံအုပ်ကြီးများ၊ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ သူနာပြုအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သူနာပြုပညာရှင်များသည် ပြည်သူလူထုအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် သူနာပြုတက္ကသိုလ်နှစ်ခုနှင့် သူနာပြု၊ သားဖွားသင်တန်းကျောင်း ၅၃ ကျောင်းတို့မှ သူနာပြုအတတ်ပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိကြောင်း၊ သူနာပြုတက္ကသိုလ်(မန္တလေး)အနေဖြင့် စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၈ ခုနှစ် နိုဝင်ဘာမှ ယနေ့အချိန်အထိ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)သင်တန်း၊ သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)သင်တန်း၊ အထူးပြုသူနာပြုဒီပလိုမာသင်တန်း၊ သူနာပြုမဟာသိပ္ပံဘွဲ့သင်တန်းနှင့် သူနာပြုပါရဂူဘွဲ့ သင်တန်းများ ဖွင့်လှစ်ပြီး ဘွဲ့ရမောင်မယ် စုစုပေါင်း ၅၈၉၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုသာမက ကျင့်ဝတ်သိက္ခာများနှင့်ညီညွတ်ပြီး ခံယူချက်ကောင်းသည့်၊ ပြည်သူလူထုအားကိုးယုံကြည်သည့် နှလုံးလှသူနာပြုများဖြစ်အောင် ကြိုးစားနေကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သူနာပြုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်ဝင်းစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (၁/၂၀၂၆) သင်တန်းမှ ကျောင်းသားတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ပထမနှစ်သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်) (၁၁/၂၀၂၅)မှ ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာရည်ချွန်ဆု ရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကိုကြည့်ရှုအားပေးကာ ဂုဏ်ပြုငွေများပေးအပ်၍ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# သွေးဖောင်ဒေးရှင်း(ကချင်ပြည်နယ်)၌ အကြိမ်(၂၀)နှင့်အထက် စေတနာသွေးလှူရှင်များအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံသွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် သွေးဖောင်ဒေးရှင်း (ကချင်ပြည်နယ်)က အကြိမ် (၂၀)နှင့်အထက် စေတနာသွေးလှူရှင်များအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း နိုင်ငံ့ဂုဏ်ရည်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အားပေးချီးမြှင့်သည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က စေတနာ့ဝန်ထမ်းသွေးလှူရှင်များ၏ ကိုယ်ကျိုးမဖက်သော ဇီဝိတဒါနလှူဒါန်းခြင်းကို အထူးပင်ကျေးဇူးတင်အသိအမှတ်ပြုသည့် အနေဖြင့် ယခုကဲ့သို့ ဂုဏ်ပြုပွဲများကို ကျင်းပပေးခြင်းဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါကြောင်း၊ ထို့ပြင် ပုံမှန်သွေးလှူဒါန်းခြင်း၊ သွေးလှူဒါန်းပွဲများ ကျင်းပခြင်းဖြင့် လူ့အသက်ကယ်နိုင်သော ဘေးကင်းသည့် သွေးနှင့် သွေးရည်ကြည်များကို လိုအပ်သည့်အချိန်တွင် လူတိုင်းလက်လှမ်းမီရရှိနိုင်မည်ဖြစ်သည့်အတွက် မိမိတို့ကိုယ်တိုင်စေတနာအလျောက် လှူဒါန်းသကဲ့သို့ အခြားသူများကိုလည်း တိုက်တွန်းစည်းရုံးကြရန် လိုအပ်ကြောင်း ဂုဏ်ပြုပြောကြားသည်။

ထို့နောက် သွေးဖောင်ဒေးရှင်း (ကချင်ပြည်နယ်)၏ အလုပ်အမှုဆောင်က သွေးဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖောင်ဒေးရှင်း ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စေတနာသွေးလှူရှင်များအား ဂုဏ်ပြုချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က သွေးလှူဒါန်းသည့်အကြိမ်ရေ ၁၀၀ နှစ်ဦးအပါအဝင် အကြိမ် ၂၀ နှင့်အထက် စေတနာသွေးလှူရှင် ၆၈ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကြားဝင်စေ့စပ်ဖြေရှင်းနှင့်အနုညာတစီရင်ဆုံးဖြတ်ခြင်း သင်တန်းဆင်းအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာအပြည်ပြည်ဆိုင်ရာအနုညာတခုံရုံးအသင်း(M I A C) တရားဝင်တည်ထောင်ထားသော Myanmar International Arbitration Center(MIAC)Incorporated အသင်းကြီးက ဖွင့်လှစ်သင်ကြားပို့ချသော ကြားဝင်စေ့စပ်ဖြေရှင်းနှင့်အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာ သင်တန်း (An Introduction to Mediation and Arbitration Course) သင်တန်းအမှတ်စဉ်(၁၀) ဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သပြေညိုလမ်းရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ MIAC(ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းဆရာ ဆရာမကြီးများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် ဗဟိုဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူတစ်ယောက်ချင်းစီသို့ အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သျှင်ဝင်းသျှင်**



# ညောင်ရွှေမြို့နှင့် ဆီဆိုင်မြို့တို့၌ ဆောင်းနေကြာစိုက်ပျိုးထားရှိမှုနှင့် သမဝါယမရုံးသစ်ဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး



**တောင်ကြီး ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာရှိ ရောင်နီဦး စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်နှင့် မိုင်းသောက်ကျေးရွာရှိ ပင်မြင့်စံ ငွေစုငွေချေးသမဝါယမအသင်းတို့မှ ဆောင်းနေကြာ ရေဆင်း(၁)မျိုးနှင့် ရှုရှားနေကြာ (Makhaon) မျိုး စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ရှိ မြို့နယ်သမဝါယမဦးစီးဌာနရုံး အသစ်ဆောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၁၃ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာနမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ဆောင်းနေကြာ အပင်ပေါက်နှုန်း ကောင်းမွန်စေရေး၊ လိုအပ်သည့်အစိုဓာတ်ရရှိစေရေး စိုက်နည်းစနစ်နှင့်အညီ စိုက်ပျိုးထားရှိမှုရှိ/မရှိ ကြည့်ရှုပြီး ဆီဆိုင်မြို့နယ်သမဝါယမဦးစီးဌာန အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို သတ်မှတ်ထားသည့်ရက်အတိုင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်ထားသည့် စံချိန်၊ စံနှုန်းများနှင့်အညီ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

# ရထားလက်မှတ်များ လွယ်ကူအဆင်ပြေစွာဝယ်နိုင်ရေး အွန်လိုင်းပေါ်မှလက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်းစနစ်ကို ရှေ့ပြေးအစီအစဉ်အဖြစ် စတင်မိတ်ဆက်ခြင်း

ညီညီ(ရထား)

**လက်ရှိ ရထားစီးခရီးသွားပြည်သူများအနေဖြင့် မြန်မာ့မီးရထား၌ ရထားလက်မှတ်ဝယ်ယူရသည့်စနစ်မှာ ခရီးသွားမည့်သူ (သို့မဟုတ်) ကိုယ်စားလှယ်ဖြစ်သူက ရထားလက်မှတ်ဝယ်ယူရန်အတွက် ဘူတာရုံ/လက်မှတ်ရုံရှိရာသို့ သွားရောက်ဝယ်ယူရသည့်အတွက် အချိန်ကုန်ခြင်း၊ ခရီးစရိတ်ကုန်ကျခြင်း၊ တန်းစီ၍ စောင်ရေအကန့်အသတ်ဖြင့်သာ ဝယ်ယူရခြင်းနှင့် ငွေအကြွေရရှိမှုအခက်အခဲကြောင့် လက်မှတ်ခ ပြန်အမ်းငွေကိုလည်း အတိအကျပြန်အမ်းနိုင်ရန် အခက်အခဲရှိခြင်းများ ကြုံတွေ့နေရပါသည်။**




မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်ကို ပိုမိုအဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်စေရေးအတွက် နိုင်ငံတကာမှ ရထားလုပ်ငန်းများကဲ့သို့ အွန်လိုင်းပေါ်မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း (Online Railway Ticketing and Payment System – ORTP) စနစ်ကို အကောင်အထည်ဖော်နိုင်ရန် လွန်ခဲ့သည့် နှစ်များစွာကတည်းက ကြိုတင်လေ့လာပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါသည်။

## လုပ်ငန်းစာချုပ် ချုပ်ဆိုနိုင်ရေး ညှိနှိုင်းပြင်ဆင် ဆောင်ရွက်ဆဲဖြစ်

ယခုအခါ ORTP စနစ်ကို အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Public Private Partnership – PPP Scheme) နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၄ ခုနှစ် ဇူလိုင်လက သတ်မှတ်တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်း ပြည်ပ ပုဂ္ဂလိက IT ကုမ္ပဏီ၊ အဖွဲ့အစည်းများကို ဖိတ်ခေါ်ခဲ့ပြီး စိတ်ပါဝင်စားမှုဖော်ပြချက် (Expression of Interest – EOI) တင်ပြစေခြင်းနှင့် အရည်အချင်းပြည့်မီသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများကို ပဏာမရွေးချယ်ပြီး တင်ဒါအဆိုပြုလွှာ (Request For Proposal – RFP) ကို တင်ပြစေခဲ့ပါသည်။ တင်ဒါအောင်မြင်သူကို ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်းက ရွေးချယ်ခဲ့ပြီး စနစ်အား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစာချုပ် ချုပ်ဆိုနိုင်ရေး ညှိနှိုင်းပြင်ဆင် ဆောင်ရွက်ဆဲဖြစ်ပါသည်။

အဆိုပါလုပ်ငန်းစာချုပ် ချုပ်ဆိုပြီးပါက ပုဂ္ဂလိက ကုမ္ပဏီအနေဖြင့် ORTP စနစ်ကို ပထမအဆင့်အဖြစ် ရန်ကုန်–မန္တလေး၊ ရန်ကုန်–မော်လမြိုင်နှင့် ရန်ကုန်–ပြည်–ပုဂံ ရထားလမ်းပိုင်း သုံးခုတွင်ရှိသည့် ဘူတာများ၌ စနစ်အတွက်လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်တပ်ဆင်ခြင်းနှင့် Software ရေးဆွဲခြင်းတို့ကို သတ်မှတ်တည်ဆောက်ရေးကာလ ခြောက်လအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယခုအခါ လုပ်ငန်းစာချုပ် ချုပ်ဆိုနိုင်ရေး ညှိနှိုင်းပြင်ဆင် ဆောင်ရွက်နေဆဲကာလနှင့် တစ်ပြိုင်တည်း ကြိုတင်ရေးဆွဲပြုစုထားသည့် ORTP စနစ်အား **ရှေ့ပြေးစမ်းသပ်အစီအစဉ် (Pilot Project )**အဖြစ် ရန်ကုန် – နေပြည်တော် – မန္တလေး ရထားလမ်းပိုင်းအတွင်း ပြေးဆွဲပေးလျက်ရှိသည့် လူစီးအမြန်ရထားများ၏ ရထားလက်မှတ်များကို အွန်လိုင်းမှ ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ORTP စနစ်ကို ရှေ့ပြေးစမ်းသပ်မှုအစီအစဉ် (Pilot Project) အဖြစ် ရန်ကုန်–မန္တလေး ရထားလမ်းပိုင်းအတွင်း ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပြေးဆွဲပေးမည့် အမှတ်(၁၁)အဆန်/(၁၂)အစုန် (ရန်ကုန်–မန္တလေး–ရန်ကုန်) လူစီးအမြန်ရထား၊ အမှတ်(၇)အဆန်/(၈)အစုန် (ရန်ကုန်–နေပြည်တော်–ရန်ကုန်) DEMU အမြန်ရထား၊ အမှတ်(၃၁)အဆန်/(၃၂)အစုန် (ရန်ကုန်–နေပြည်တော်–ရန်ကုန်) DEMU အမြန်ရထားနှင့် အမှတ်(၂၇)အဆန်/(၂၈)အစုန် (မန္တလေး–နေပြည်တော်–မန္တလေး) လူစီးအမြန်ရထားခရီးစဉ်များ၏ ရထားလက်မှတ်များကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က စတင်ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

အွန်လိုင်းမှ လက်မှတ်များ ဝယ်ယူရာမှာ ခရီးစဉ်အစအဆုံး စီးနင်းလိုက်ပါလိုပါက ခရီးသွားမည့် နေ့ရက်မတိုင်မီ ခုနစ်ရက်အလိုကတည်းက ကြိုတင်ဝယ်ယူနိုင်ပါသည်။ စီးနင်းလိုက်ပါလိုသည့် တွဲအတန်းအစား၊ ထိုင်ခုံနေရာနှင့် အရေအတွက်များကို ခရီးသည်ကိုယ်တိုင် စိတ်ကြိုက်ဆုံးဖြတ်ရွေးချယ်နိုင်သည့် စနစ်လည်းဖြစ်ပါသည်။ ထိုင်ခုံနေရာလွတ်များ ကျန်ရှိနေပါကလည်း ရထားမထွက်ခွာမီ နာရီဝက်အလို အချိန်အထိ အဆိုပါ ORTP စနစ်ကိုသာ အသုံးပြုရောင်းချပေးသွားရန် စီစဉ်ထားခြင်းဖြစ်ပါသည်။ **ခရီးသွားမည့်နေ့ရက်မတိုင်မီ ခုနစ်ရက်အတွင်း ကြိုတင်လက်မှတ်ဝယ်ယူထားသူက ရထားထွက်ခွာမည့် နေ့ရက်/ အချိန် နီးကပ်မှဝယ်ယူသူခရီးသည်များထက် တွဲအတန်းအစားနှင့် ထိုင်ခုံနေရာတို့ကို ဆောလျင်စွာ ဆုံးဖြတ်ရွေးချယ်နိုင်မည့် အခွင့်အရေး ပိုမိုရရှိမည်ဖြစ်ပါသည်။**

ရထားပို့ဆောင်ရေးလုပ်ငန်း၏သဘာဝမှာ ခရီးသည်နှင့်ကုန်စည်ပမာဏများစွာကို ခရီးဝေးဝေးသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း အစုလိုက်အပြုံလိုက် ပို့ဆောင်ပေးနိုင်စွမ်းရှိသဖြင့် နိုင်ငံ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို သိသာထင်ရှားစွာအထောက်အကူဖြစ်စေသည့် ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ပါသည်။ သို့သော်လည်း ကနဦးတည်ဆောက် ရင်းနှီးမြှုပ်နှံခြင်း၊ ရထားပြေးဆွဲခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ၏ အဆင့်တိုင်းအတွက်မှု ကြီးမားသောဘဏ္ဍာငွေအသုံးစရိတ်လိုအပ်သကဲ့သို့ ကုန်ကျစရိတ်ကို ကာမိစေရန်အတွက် လက်မှတ်ခနှင့် ကုန်တန်ဆာခများမှ ဝင်ငွေပြန်လည်ရရှိမှုကိုလည်း အမြဲတစေ ချိန်ထိုးနေရန် လိုအပ်ပါသည်။

## ခရီးစဉ် အစမှအဆုံးအထိ လိုက်ပါလိုသည့် ခရီးသည်များကို ကြိုတင်ဝယ်ယူနိုင်ခွင့် ဦးစားပေးအဖြစ် သတ်မှတ်

ခရီးသည် လက်မှတ်ခအား သတ်မှတ်ရာတွင် ခရီးသည်တစ်ဦး၏ အကွာအဝေးတစ်မိုင်ပေါ် အခြေခံသတ်မှတ်ကျသင့်ခနှုန်းကို ဘူတာနှစ်ခုအကြား ခရီးမိုင်အကွာအဝေးဖြင့်မြှောက်၍ တွက်ချက်ကောက်ခံရခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ လမ်းပိုင်းအတွင်း ခရီးစဉ် အစမှအဆုံးအထိ စီးနင်းလိုက်ပါကြသည့် ခရီးသည် အရေအတွက်များများရရှိမှသာ ရထားပြေးဆွဲခုတ်မောင်းရသည့် ကုန်ကျစရိတ်ကို ကာမိစေနိုင်ပါသည်။ ထို့ပြင် ခရီးအကွာအဝေးတိုအတွင်း ခရီးသွားရောက်လိုသည့် ခရီးသည်များအနေဖြင့် လော်ကယ်/ စာပို့ရထားများ၊ မော်တော်ယာဉ်လိုင်းများဖြင့်လည်း ရွေးချယ်လိုက်ပါနိုင်သည့် အခွင့်အလမ်းများစွာရှိပါသည်။ သို့ဖြစ်၍ မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းပိုင်းအတွင်း ခရီးစဉ်အစမှအဆုံးအထိ လိုက်ပါလိုသည့် ခရီးသည်များကို ကြိုတင်ဝယ်ယူနိုင်ခွင့် ဦးစားပေးအဖြစ် သတ်မှတ်ခဲ့ပြီး **ကြားဘူတာများမှ စီးနင်းလိုက်ပါလိုသည့် ခရီးသည်များအတွက်ကိုမူ သုံးရက် ကြိုတင်ဝယ်ယူနိုင်ရန် သတ်မှတ်ခွင့်ပြုထားပါသည်။**

ခရီးသွားပြည်သူများအနေဖြင့် အွန်လိုင်းမှ လက်မှတ်များဝယ်ယူရန် အခက်အခဲတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာဘူတာရုံ/လက်မှတ်ရုံများသို့ လာရောက်ပြီး အဆိုပါစနစ်အသုံးပြု၍ ဝယ်ယူရရှိနိုင်ရန် စီစဉ်ပေးထားပါသည်။ ရထားထွက်ခွာဆိုက်ရောက်ချိန်၊ ရထားရပ်တန့်ဘူတာများ၊ လက်မှတ်ခနှုန်းထားများမှာလည်း ယခင်သတ်မှတ်ထားသည့်အတိုင်း ဖြစ်ပါသည်။

လတ်တလောဆောင်ရွက်နေသည့် ရှေ့ပြေးစမ်းသပ်အစီအစဉ် (Pilot Project) အဆင့်တွင် မိမိအသုံးပြုသည့် Browser တစ်ခုခုမှတစ်ဆင့် **ortp.railways.gov.mm** ကို ရိုက်နှိပ်ပြီး **ORTP Website Link** ကို ဝင်ရောက်နိုင်ပါသည်။ ထို့ပြင် သတ်မှတ်ပေးထားသည့် QR Code ကို Scan ပြုလုပ်၍လည်း အဆိုပါ **ORTP Website Link** ကို ဝင်ရောက်နိုင်ပါသည်။

## Mobile Application တစ်ခုကို တည်ဆောက်နေဆဲဖြစ်

မြန်မာ့မီးရထား၏ ORTP Team အနေဖြင့် **Mobile Application တစ်ခုကို တည်ဆောက်နေဆဲ**ဖြစ်ပါသည်။ နောင်တွင် မိမိကိုင်ဆောင်သည့် လက်ကိုင်ဖုန်းထဲသို့ အဆိုပါ Application အား Download ပြုလုပ်ထည့်သွင်းထားပြီးပါက ရထားလက်မှတ်ဝယ်ယူရန်အတွက် ပိုမိုလွယ်ကူစွာအသုံးပြုနိုင်မည်လည်းဖြစ်ပါသည်။ အထက်ပါ **ORTP Website Link** သို့ ဝင်ရောက်ပြီးသည်နှင့် ORTP စနစ်၏ အွန်လိုင်းလက်မှတ် ဝယ်ယူနိုင်မည့် ပင်မစာမျက်နှာကို မြင်တွေ့ရပါမည်။ ထိုစာမျက်နှာတွင် မိမိသွားလိုသည့်ခရီးစဉ်ကို စတင်ရွေးချယ်နိုင်မည်ဖြစ်ပြီး ORTP စနစ်နှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များ၊ အွန်လိုင်းက လက်မှတ်ဝယ်ယူသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များကို မြင်တွေ့ရမည်ဖြစ်ပါသည်။

ထို့နောက် အသွားတစ်ကြောင်းလား၊ အသွားအပြန်ခရီးလား ရွေးချယ်ရပါမည်။ စတင်လိုက်ပါမည့်ဘူတာ၊ ဆိုက်ရောက်လိုသည့်ဘူတာ၊ စီးနင်းလိုက်ပါလိုသည့် နေ့/ရက်၊

**စာမျက်နှာ ၂၁ သို့** ❍

> **❝ ယခုဆောင်ရွက်သည့်အဆင့်မှာ ကြိုတင်ပြင်ဆင်ထားသည့် ORTP စနစ်အား ရှေ့ပြေးစမ်းသပ်ခြင်း ပြုလုပ်သည့်အဆင့်သာဖြစ်ပါသည်။ စနစ်အား စမ်းသပ်ပြီးနောက် ထွက်ပေါ်လာသည့် အကျိုး / အပြစ်များအပေါ် ပြန်လည်ဆန်းစစ်ပြီး ခရီးသွားပြည်သူများအနေဖြင့် ရထားလက်မှတ်များကို အဆိုပါစနစ်အားအသုံးပြု၍ ပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် စနစ်အား မွမ်းမံပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြန်လည်မွမ်းမံပြင်ဆင်မှုများ ပြည့်စုံပြီဆိုပါက အခြားရထားလမ်းပိုင်းများဖြစ်ကြသည့် ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်း၊ ရန်ကုန်-ပြည်ရထားလမ်းပိုင်းများတွင် ပြေးဆွဲပေးလျက်ရှိသည့် လူစီးအမြန်ရထားများ၌ အဆိုပါ ORTP စနစ်ကို အသုံးပြုပြီး အွန်လိုင်းက လက်မှတ်ရောင်းချပေးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ❞**

# ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများသင်ကြားပို့ချနေမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး စခန်းသွင်းလေ့ကျင့်နေမှု ကြည့်ရှုအားပေး



လွိုင်ကော် ဖေဖော်ဝါရီ ၁၄

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အခြေခံစာတတ်မြောက်ရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် လွိုင်ကော်မြို့နယ်အတွင်းရှိ ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံ စာတတ်မြောက်ရေး စာသင်ဝိုင်းများ၌ တိုင်းရင်းသားပြည်သူများ စာသင်ကြားနေမှုကို ယမန်နေ့မွန်းလွဲပိုင်းက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါတမရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိပြီး အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများ၌ သင်ကြားမှု၊ သင်ယူမှုများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး နည်းပြများအနေဖြင့် စာသင်သားများ၏ ဘဝများကို ပညာအလင်းရောင်ဖြင့် ထွန်းလင်းနိုင်အောင် စေတနာအပြည့်ဖြင့် သင်ကြားပေးရန် မှာကြားပြီး အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခြေခံပညာ မူလတန်းလွန်ကျောင်း နမ့်ဘော်ဝမ်(ခါး)၌ အခြေခံ စာတတ်မြောက်ရေး သင်ကြားမှု၊ သင်ယူမှုများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး စာသင်သားများ အနေဖြင့် သင်တန်းအောင်မြင် ပြီးဆုံးပါက အခြေခံမြန်မာစာ၊ သင်္ချာဘာသာ အရေး၊ အဖတ်၊ အတွက်များကို ကျွမ်းကျင် တတ်မြောက်လာမည်ဖြစ်၍ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားသင်ယူကြရန် အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့သည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) လောဓမ္မသို့ ရောက်ရှိပြီး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စခန်းသွင်း လေ့ကျင့်နေမှုကိုကြည့်ရှုအားပေးသည်။ ကျောင်းသားကျောင်းသူများ ကျန်းမာရေးအထူးဂရုပြုကြရန်နှင့် မိမိတို့၏ ရည်မှန်းချက် ပန်းတိုင်များသို့ အရောက်ကြိုးစားကြရန် မှာကြားပြီး တိုင်းရင်းသားပြည်သူများ ကျောင်းပြင်ပပညာရေး အခြေခံစာတတ်မြောက်ရေး သင်ကြားမှု၊ သင်ယူမှုများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ နည်းပြနှင့် သင်တန်းသား သင်တန်းသူများအား အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့သည်။

အခြေခံ စာတတ်မြောက်ရေး လုပ်ငန်းကို ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် လွိုင်ကော်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ စုရပ်ပေါင်း ၁၅ နေရာ စာသင်ဝိုင်း ၁၈ ဝိုင်း၌ ဖေဖော်ဝါရီ ၂ ရက်မှ မတ် ၁၃ ရက်အထိ ရက်ပေါင်း ၄၀ ကြာ သင်ကြားချိန် နာရီပေါင်း ၁၂၀ ဖြင့် သင်တန်းသား သင်တန်းသူ ၁၉၈ ဦးအား သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သို့ တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်မှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၂) သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား အသုံးအဆောင်ပစ္စည်းပေးအပ်ပြီး ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၂၀ မှ

ထိုင်ခုံလက်မှတ်ဝယ်ယူမည့်ဦးရေ၊ ကလေး/လူကြီး ခွဲခြားပေးခြင်း စသည်တို့ကို ရွေးချယ်ထည့်သွင်းပေးရမည်ဖြစ်ပါသည်။ ဖော်ပြထားသည့် ရထားခရီးစဉ်များအနက်မှ မိမိသွားရောက်လိုသည့် ရထားထွက်ခွာချိန်အလိုက် စီးနင်းလိုက်ပါလိုသည့် ရထားခရီးစဉ်အား ရွေးချယ်ရပါမည်။ ဆက်လက်၍ ရထားတွဲအတန်းအစားများနှင့် လက်မှတ်နှုန်းထားခများအား မြင်တွေ့ရမည်ဖြစ်ပြီး မိမိနှစ်သက်ရာ တွဲအတန်းအစားနှင့် ထိုင်ခုံနေရာတို့ကို ရွေးချယ်နိုင်ပါသည်။

ဆက်လက်ပြီး ခရီးသည်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (သို့မဟုတ်) Passport အမှတ်တို့ကို ဖြည့်သွင်းဖော်ပြခြင်း၊ ကျား/မ ရွေးချယ်ဖော်ပြခြင်း၊ ဖုန်းနံပါတ်နှင့် အီးမေးလ်တို့ကို ဖြည့်သွင်းပေးရမည်ဖြစ်ပါသည်။ ခရီးသည်များ သတိပြုရမည့်အချက်မှာ ခရီးသွားမည့်သူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို တိတိကျကျ ဖြည့်သွင်းရန်လိုအပ်ပါသည်။ ရထားပေါ်ရောက်သည့်အခါ သက်ဆိုင်ရာ ရထားလက်မှတ်စစ် ဝန်ထမ်းက ခရီးသည်၏ နိုင်ငံသားစိစစ်ရေးကတ် မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးသည့်အခါ ကွဲလွဲနေကြောင်း စိစစ်တွေ့ရှိရပါက ဒဏ်ကြေးအဖြစ် လက်မှတ်ခ၏ နှစ်ဆ ပေးဆောင်ရမည်ဖြစ်ပါသည်။ အချက်အလက်များ ဖြည့်သွင်းရန် အချိန် ၁၅ မိနစ် သတ်မှတ်ပေးထားပြီး ၁၅ မိနစ်ထက် ကျော်လွန်ပါက စနစ်မှ အလိုအလျောက် ပယ်ဖျက်သွားမည်ဖြစ်ပါ၍ အဆိုပါအချက်အလက်များအား ပင်မ စာမျက်နှာမှစ၍ အသစ်ပြန်လည်ထည့်သွင်းရမည်ဖြစ်ပါသည်။

ဆက်လက်၍ ကြိုတင်လက်မှတ်ဝယ်ယူနိုင်ရန်အတွက် အွန်လိုင်းမှ ငွေပေးချေခြင်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျသင့်လက်မှတ်ခကို MPU Card ဖြင့် ပေးချေလိုပါက ကတ်၏ အချက်အလက်များ ဖြည့်သွင်းပေးရပါမည်။ MMQR နှင့် ချိတ်ဆက်ထားသည့် မည်သည့် Wallet ဖြင့်မဆို ငွေပေးချေနိုင်ပြီး ထွက်ပေါ်လာသည့် QR ကို Scan ဖတ်၍ လွယ်ကူစွာ ငွေပေးချေနိုင်မည်ဖြစ်ပါသည်။ ခရီးသည်များ သတိပြုရမည့်အချက်မှာ ထွက်ပေါ်လာသည့် QR နှင့်အတူ ဖော်ပြထားသည့် အချိန်သတ်မှတ်ချက် ငါးမိနစ်အတွင်း ငွေပေးချေရန်လိုအပ်ပါသည်။ ငွေပေးချေမှုအောင်မြင်ပါက e–Ticket ထွက်ပေါ်လာပါမည်။

အဆိုပါ e–Ticket ကို Download ရယူခြင်း၊ မိမိလက်ကိုင်ဖုန်းအတွင်း Scan Shot ပြုလုပ်ထားခြင်း (သို့မဟုတ်) မိမိအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ပါက Printout ပြုလုပ်ခြင်းများ ဆောင်ရွက်ထားနိုင်ပါသည်။ မိမိစီးနင်းမည့် ရထားအချိန်မတိုင်မီ တစ်နာရီခန့် ကြိုတင်၍ ဘူတာရုံကောင်တာများ၌ စက္ကူလက်မှတ်နှင့် လဲလှယ်၍ ရထားစီးနင်းလိုက်ပါနိုင်မည်ဖြစ်ပါသည်။

အဆိုပါ ORTP စနစ်ကို ခရီးသွားပြည်သူများ အကျွမ်းတဝင်ရှိစေရေးအတွက် စနစ်အသုံးပြုပုံအဆင့်ဆင့်ကို လူမှုကွန်ရက်များပေါ်မှလည်း အသိပေး မျှဝေလျက်ရှိပါသည်။ ခရီးသွားပြည်သူများအနေဖြင့် စနစ်အသုံးပြုရာတွင် အဆင်မပြေမှုရှိပါကလည်း စုံစမ်းမေးမြန်းနိုင်ရန်အတွက် မြန်မာ့မီးရထား **Call Center ၏ Hotline ဖုန်းနံပါတ်– 1188** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နောင်တွင် ဘူတာကြီးတချို့၌ လက်မှတ်ရောင်းစက် Kiosk များကိုလည်း ချထားပေးမည်ဖြစ်၍ အဆိုပါစက်များ၌ ခရီးသွားပြည်သူများကိုယ်တိုင် လိုအပ်သည့်အချက်အလက်များ ဖြည့်သွင်းဝယ်ယူနိုင်မည်လည်းဖြစ်ပါသည်။

ယခုဆောင်ရွက်သည့်အဆင့်မှာ ကြိုတင်ပြင်ဆင်ထားသည့် ORTP စနစ်အား ရှေ့ပြေးစမ်းသပ်ခြင်း ပြုလုပ်သည့်အဆင့်သာဖြစ်ပါသည်။ စနစ်အားစမ်းသပ်ပြီးနောက် ထွက်ပေါ်လာသည့် အကျိုး/အပြစ်များအပေါ် ပြန်လည်ဆန်းစစ်ပြီး ခရီးသွားပြည်သူများအနေဖြင့် ရထားလက်မှတ်များကို အဆိုပါစနစ်အားအသုံးပြု၍ ပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် စနစ်အား မွမ်းမံပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပြန်လည်မွမ်းမံပြင်ဆင်မှုများ ပြည့်စုံပြီဆိုပါက အခြားရထားလမ်းပိုင်းများဖြစ်ကြသည့် ရန်ကုန်–မော်လမြိုင်ရထားလမ်းပိုင်း၊ ရန်ကုန်–ပြည်ရထားလမ်းပိုင်းများတွင် ပြေးဆွဲပေးလျက်ရှိသည့် လူစီးအမြန်ရထားများ၌ အဆိုပါ ORTP စနစ်ကို အသုံးပြုပြီး အွန်လိုင်းက လက်မှတ်ရောင်းချပေးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရထားလက်မှတ်များကို အွန်လိုင်းပေါ်မှ လွယ်ကူအဆင်ပြေစွာ ဝယ်ယူနိုင်မည်ဆိုပါက ပွင့်လင်းမြင်သာမှုရှိပြီး ခရီးသွားမည့်သူကိုယ်တိုင် ကြိုက်နှစ်သက်ရာ တွဲအတန်းအစား၊ ထိုင်ခုံအမျိုးအစားကို စိတ်ကြိုက်ရွေးချယ်နိုင်ခြင်း၊ Online Payment ဖြင့် လက်မှတ်ခကျသင့်ငွေကိုလည်း လွယ်ကူစွာပေးချေနိုင်ခြင်း၊ လက်မှတ်ဝယ်ယူရန် ဘူတာ/လက်မှတ်ရုံသို့ လာရောက်ရသည့် ခရီးစရိတ်၊ အချိန်ကုန်သက်သာမှုဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။ ရေးဆွဲထားသည့်စနစ်ကိုလည်း အသုံးပြုသူများအနေဖြင့် ရိုးရှင်းလွယ်ကူစွာအသုံးပြုနိုင်စေရန်နှင့် လုံခြုံမှုရှိသောစနစ်တစ်ခုဖြစ်စေရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ ရထားသွားလာရေးလုပ်ငန်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း စနစ်အတွင်း အခါအားလျော်စွာ ဖော်ပြပေးနိုင်မည်ဖြစ်သောကြောင့် ခရီးသွားပြည်သူများအတွက် များစွာအထောက်အကူဖြစ်စေပါမည်။

မြန်မာ့မီးရထားက ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ရေး စီမံကိန်းများဆောင်ရွက်မှုကြောင့် ခေတ်မီတိုးတက်ပြောင်းလဲလာသည့် ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် လိုက်လျောညီထွေဖြစ်စေပြီး ရထားလက်မှတ်များကို လွယ်ကူအဆင်ပြေစွာ ဝယ်ယူနိုင်စေခြင်းကြောင့် ရထားဖြင့် ခရီးသွားလာမှု ပိုမိုများပြားလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပဲခူးမြို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပဲခူး ဖေဖော်ဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ပဲခူးမြို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ဟံသာဝတီမြို့ဟောင်း ကျုံးမြောက်ဘက်ခြမ်း မြေထိန်းနံရံ ကျောက်စီခြင်းနှင့် သံပန်းတပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး ကျုံးအတွင်း ရေဝင်ရေထွက်စနစ် ကောင်းမွန်စေရေး၊ ကျုံးရေပြင်၌ ကြာပန်းများဖြင့် လှပတင့်တယ်စေရေး၊ တည်ဆောက်ရေး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နှစ်စဉ်ပဲခူးမြစ်ရေဝင်ရောက်သည့် ကျောက်ကြီးစုရပ်ကွက်၌ အလျားပေ ၁၃၀၊ အနံပေ ၃၀ ရှိ School Cum Shelter တည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို သက်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီက စစ်ဆေးရန်နှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ဝင်းအတွင်း ဘက်စုံအဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပဲခူးမြို့အတွင်း ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်စေရေးအတွက် အထင်ကရနေရာဖြစ်၍ သန့်ရှင်းသာယာလှပစေရေး၊ လာရောက်လေ့လာ လည်ပတ်သူများ စိတ်ချမ်းမြေ့စေရေး၊ ရှေးဟောင်း နန်းတွင်းသုံးပစ္စည်းများ ကြည့်ရှုနိုင်ရေး၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ စနစ်တကျ ဖွင့်လှစ်ရောင်းချနိုင်ရေး၊ Information Center များ ထားနိုင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းခွင်အန္တရာယ်ကင်းရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဟံသာဝတီမြို့ဟောင်း အင်းဝတံခါးပေါက်အနီး မြို့ရိုးပြန်လည်တူးဖော် ထိန်းသိမ်းထားရှိမှု၊ မြို့ရိုးနှင့်ကျုံးကြား မြေယာရှင်းအလု ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နန်းတော်ရာရပ်ကွက်အတွင်းရှိ ဥဿာမင်္ဂလာကန်တော်အား ကွင်းဆင်းကြည့်ရှုပြီး အများပြည်သူကျန်းမာရေး လေ့ကျင့်ခန်းသုံးပစ္စည်းများ ပြည့်စုံကောင်းမွန်မှုရှိစေရေးနှင့် ရေကန်ပေါင်ရှိ သံပန်းအကာများ သေသပ်လှပ ခိုင်ခံ့မှုရှိစေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။ ၎င်းနောက် ရွှေအောင်ရွှေး စေတီတော်၏ ကုန်းတော် ခိုင်ခံ့မှုရှိစေရေး၊ ရင်ပြင်တော် ဘက်စုံပြုပြင်မွမ်းမံနေမှုနှင့် ဓာတ်လှေခါး အသစ်တပ်ဆင်နိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ပွင့်လင်းရာသီအတွင်း တည်ဆောက်ရေး လုပ်ငန်းအားလုံးအချိန်မီပြီးစီးရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့၌ စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဧက ၄၀ ဖော်ထုတ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေး

**စစ်တွေ ဖေဖော်ဝါရီ ၁၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ စိုက်ပျိုးရေးဦးစီးဌာန မျိုးသန့်ခြံ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဧက ၄၀ ဖော်ထုတ်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



ဦးစွာ ရှင်းလင်းဆောင်၌ စက်မှုလယ်ယာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စက်မှုလယ်ယာ စနစ်ကျလယ်မြေဧက ၄၀ ဖော်ထုတ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြည့်စွက်ရှင်းလင်း တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးက နွေစပါး၊ မိုးစပါးနှင့်ဆောင်းသီးနှံများ စိုက်ပျိုးဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံက စနစ်ကျလယ်မြေအတွင်း စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မျိုးသန့်ခြံအတွင်းမှ မြေအောက်ရေများတူးဖော်ကာ ရေစုကန်မှတစ်ဆင့် ကန်တော်ကြီးသို့ ရေအကူဖြည့်တင်းနေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များ၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ဆောင်ရွက်ရမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်စွက်အကြံပြု ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စနစ်ကျလယ်မြေ ဧက ၄၀ ဖော်ထုတ်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်တော်ကြီးသို့ ရေအကူဖြည့်တင်းရန် ရေစုကန်တွင် ဆိုလာစနစ်ဖြင့် ရေဖြည့်နေမှုကိုလည်းကောင်း၊ မျိုးသန့်ခြံအတွင်းရှိ ရေကန်အားပြန်လည်ပြုပြင်နိုင်ရန် ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့နယ် ဒါးပိုင်ကျေးရွာ၌ ဆောင်းသီးနှံစိုက်ပျိုးနိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆိုလာစနစ်ဖြင့် ရေရရှိရေး ဆောင်ရွက်ပေးထားမှုနှင့် တောင်သူများ၏ ဆောင်းသီးနှံများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**ဓာတ်ပုံ - ဝင်းမင်းစိုး**

# ကြံခင်းမြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေး လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ဆောင်ရွက်

**ကြံခင်း ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအား မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးဘေး ကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ဝန်ထမ်းများအား မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေကာ အသိပညာပေး ဟောပြောပြီး လက်တွေ့မီးငြိမ်းသတ် ဓာတ်တိုက်လေ့ကျင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

# တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အမျိုးသား အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**



အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် တရုတ်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အမျိုးသားအမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၊ ဗိုလ်လုပွဲပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ဗဟန်းမြို့နယ် ကျိုက္ကဆံ ဘတ်စကက်ဘော အားကစားရုံ၌ ကျင်းပသည်။

ဦးစွာ 5x5 အလွတ်တန်း အမျိုးသားအမျိုးသမီးဘတ်စကက်ဘော ပြိုင်ပွဲများနှင့် 3x3 (U-16/ U-20) အမျိုးသား အမျိုးသမီး ဘတ်စကက်ဘော ဗိုလ်လုပွဲပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသား အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲများနှင့် 3x3 (U-16/ U-20)ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသည့်အသင်းများအား မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြပြီး အကောင်းဆုံးဆုရရှိကြသော အားကစားသမားများနှင့် ပထမဆုတံခွန်စိုက်ဆု ရရှိကြသော အသင်းတို့အား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဗလ**

## လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု လိုက်လံကြည့်ရှု

**မုံရွာ ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် မုံရွာမြို့အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်သာယာလှပစေရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးနှင့် ရပ်ကွက်နေပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်သွားလာနိုင်ရေးအတွက် မုံရွာမြို့ မြို့သစ်ရပ်ကွက် ဇမ္ဗူသပြေလမ်းမှ အစိုးရနည်းပညာအထက်တန်းကျောင်းဝင်းအထိ ပြည်ထောင်စုလမ်းနှင့် ရထားသံလမ်းတစ်လျှောက်အား မုံရွာမြို့ပေါ်ရှိ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၅၀၀ ကျော်တို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုခဲ့ကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများမှဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများအား တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ စားသုံးဆီများ၊ ဆန်များနှင့်ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသူများအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၆၀၀ ကျော်ဖြင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့အား မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် မုံရွာ-ရေဦးကားလမ်းမပေါ်ရှိ ကန်သာယာကန်မှ မြို့သစ်ရပ်ကွက်ရှိ ဗန္ဓုလဈေးအထိ အရှည်ပေ ၁၅၅၀၀ ကို အကျယ်လေးပေရှိ အုတ်စီရေမြောင်းနှင့် လမ်းဘေးဝဲ/ယာ ကွန်ကရစ်ခင်းခြင်း၊ ကပ်တိုးပြုလုပ်ခြင်းများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများ အပေါ် စေတနာထားကာ ပူးပေါင်းဆောင်ရွက်သွားရေးနှင့် လုပ်ငန်းများစံချိန်စံညွှန်းမီစွာဖြင့် တည်ဆောက်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါရာသီဥတုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော(၁၁)နှစ်တာကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် (၂၅၄၁၀၀)ကျော် ပျက်စီးခဲ့ပြီး၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှု အများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များ ဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း (၈၆၀၀၀)ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေးကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များလေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီးတော့်တင်း ခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(ခ) **အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ် အမြင့်၏၃ ပုံ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသော မျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ် လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်) ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ်ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော် ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မ ခန့်ခြား၍ နီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျချိတ်ဆက်ထားပါ။ နေအိမ်၏ တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သောထောက်တန်းများ ထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၅။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၆။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့်ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့်ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီ လိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ် ကူညီပေးပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**




## လယ်တီ မဟာသရဏဂုံတော် သင်တန်းပို့ချချက်များ





တက္ကသိုလ်တေဇာလင်းရေးသားသည့်လယ်တီမဟာသရဏဂုံတော် သင်တန်းပို့ချချက်များစာအုပ် ထွက်ရှိလာသည်။

လယ်တီမဟာသရဏဂုံတော်ကြီးကို ရွတ်ဖတ်ပူဇော်သည့်အခါ ပါဠိဘာသာမျှမက မြန်မာပြန်ပါဖတ်ရှုလေ့လာ၍ ရွတ်ဖတ်ကြလျှင် ပို၍သဒ္ဓါစိတ်ဖြစ်ပြီး အသိဉာဏ်အလင်းများလည်း တောက်ပလာမည်ဖြစ်သည်။ ထို့ကြောင့် ပါဠိနှင့်မြန်မာတွဲစပ်၍ ဖော်ပြထားသည်။

လယ်တီမဟာသရဏဂုံတော်ကြီးကို ရွတ်ဖတ်ပူဇော်ခြင်းအားဖြင့် ပစ္စုပ္ပန်အကျိုးတွင် အလုံးစုံသောဘေးရန်များကင်းရှင်းခြင်း၊ ကိုယ်ခန္ဓာကျန်းမာခြင်း၊ စိတ်ကြည်လင်ရွှင်လန်းခြင်းများ ဖြစ်စေသည်။ တမလွန်အကျိုးတွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးပါးသို့မရောက်ခြင်း၊ အပါယ်တံခါးပိတ်ခြင်း၊ နတ်ပြည်ခြောက်ထပ်သို့ ရောက်ရခြင်း၊ နတ်ပြည်၌ အယူမှန်ကန်သော နတ်မင်းဖြစ်ရသည်။ လောကုတ္တရာအကျိုးမှာ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာတို့ကို အမြဲရွတ်ဆိုနေရသောကြောင့် မဂ်တံခါးသို့ရောက်ခြင်း၊ မဂ်ဖိုလ်သို့မရောက်သေးသော်လည်း ကောင်းသောပုထုဇဉ် (ကလျာဏပုထုဇဉ်) ဖြစ်ခြင်းတို့ကို ဖြစ်စေသည်။

စာအုပ်ကို ကိုလတ်စာပေ၊ ဖုန်း ၀၁၈၃၉၀၄၂၁၊ အမှတ် (၂၂၀)၊ ၃၁လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်နှင့် အရဟံဖောင်ဒေးရှင်း (ဗဟို)၊ ၀၉၂၀၂၃၀၄၊ သုမင်္ဂလာလုံးချင်းအိမ်ရာဝင်း၊ ဘုရားသုံးဆူ ဓမ္မပါလစာသင်တိုက် (အတွင်း)၊ ILBC အနီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## နိပါတ်တော်လာ အချစ်ဝတ္ထုများ





ဝေမိုး(ကျွန်းလှ)ရေးသားသည့် နိပါတ်တော်လာ အချစ်ဝတ္ထုများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အချစ်ဘယ်မှာလဲ၊ ဆွဲအား၊ အစွဲရောဂါ၊ အချစ်ဆုံးရဲ့အချစ်ဆုံး၊ အတွေ့၊ ရွှေပေးလို့မရ၊ မချစ်တတ်လျှင် ချစ်အောင်သင်၊ မိန်းမမာန်၊ အချစ်သည်သေမှာမကြောက်၊ မအိုသောအချစ်၊ လောင်စာမက်တဲ့မီး၊ ပဥ္စပါပီ၊ မိန်းမသစ္စာ စသည့် ဝတ္ထုတို ၁၃ ပုဒ်ပါရှိသည်။

နိပါတ်တော်လာ အချစ်ဝတ္ထုများသည် ဇာတ်တော် နိပါတ်တော်တို့မှလာရှိသော ဗုဒ္ဓ၏အလောင်းတော်ဘဝ ဖြစ်တော်စဉ်များဖြစ်သည်။ ကိလေသာမကုန်သေးသည့် ပုထုဇဉ်မှန်သမျှ ချစ်ခြင်း၊ မုန်းခြင်းနှင့် မကင်းနိုင်ကြ၊ အစွန်းရောက်အချစ်၊ အစွန်းရောက်အမုန်းတို့သည် မိမိနှင့်တကွ မိမိနေထိုင်ရာပတ်ဝန်းကျင်တစ်ခုလုံးကို အကျည်းတန်အရုပ်ဆိုးစေပါသည်။ ၎င်းချစ်ခြင်း မုန်းခြင်းကို သတိသမ္ပဇဉ်ဖြင့် ကွပ်ကဲတည့်မတ်ပေးရန်လိုပါသည်။ မျှတသောချစ်ခြင်း၊ သင့်တင့်သော သံယောဇဉ်တရားထားရှိနိုင်ပါမှ ပုထုဇဉ်တို့မျှော်လင့်တောင့်တသော ပျော်ရွှင်ငြိမ်းချမ်းဖွယ်ကောင်းသည့် မိသားစုဘဝကို ရရှိပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။

စာအုပ်ကို သီရိရတနာစာပေ၊ ၀၉ ၇၇၇၉၃၈၈၀၈၊ ၀၉ ၅၁၂၅၂၈၅၊ ဗဟန်း(၂)လမ်းနှင့် ကိုလတ်စာပေ၊ ဖုန်း ၀၉ ၅၀၂၀၀၆၈၊ အမှတ် (၂၂၀)၊ ၃၁လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့တို့မှ တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## တတိယမြောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့် (၁၉၀၉-၁၉၇၄)




မောင်ခိုင်ခန့် (အမျိုးသားစာပေဆုရ) ရေးသားသည့် တတိယမြောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်(၁၉၀၉-၁၉၇၄) စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ကျွန်တော်ပန်းတနော်မြို့သား၊ ရန်ကုန်တက္ကသိုလ်ကျောင်းထွက် အထက်တန်းကျောင်းအုပ်ကြီး၊ ပညာရေးဝန်ကြီးအမိန့်ကို ငြင်းဆန်ခြင်းရလဒ်၊ မသိန်းတင်ကို ကျွန်တော်ချစ်သည်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလများ၊ ဗေဒင်ယတြာများနှင့် ကျွန်တော့်ဇနီး မသိန်းတင်၊ ဖြစ်ချင်သည်က မဂ္ဂဇင်းထုတ်ဝေသူ ဖြစ်လာသည်က ပြန်ကြားရေးအတွင်းဝန်၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ အတွင်းဝန်ဘဝ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လိုက်ပါခဲ့ရသောခရီးစဉ်များ၊ ကမ္ဘာကျော်ခရီးစဉ်၏ ပထမခြေလှမ်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ရွေးချယ်ပွဲ၊ ယာယီအထွေထွေအတွင်းရေးမှူးချုပ်တာဝန်နှင့် အတွေ့အကြုံများ၊ ယာယီမှ အမြဲတမ်းကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တာဝန်၊ ငါးနှစ်အတွင်းကွန်ဂိုအကျပ်အတည်းကို အောင်နိုင်ခြင်း၊ ကျူးဘားဒုံးပျံပြဿနာအစ အမေရိကန်နှင့် ဆိုဗီယက်က၊ အနောက်အီရီယန်နယ်မြေ၏ အငြင်းပွားမှု ပြဿနာ၊ ဗီယက်နမ်စစ်ပွဲများနှင့် ငြိမ်းချမ်းရေးအောင်ပွဲ၊ အာရပ်-အစ္စရေးအရှေ့အလယ်ပိုင်း ပဋိပက္ခနှင့် ခြောက်ရက်ကြာစစ်ပွဲ၊ မဆုံးနိုင်သော ပဋိပက္ခများနှင့် အနာဂတ်ကမ္ဘာအတွက် စိန်ခေါ်မှုများ၊ ကုလသမဂ္ဂအဖွဲ့ကြီးကို နှုတ်ဆက်၍ မိသားစုကိုထာဝရခွဲခွာခြင်း စသည့်အကြောင်းအရာများပါဝင်သည်။

စာအုပ်ကို မိုးကျော်စာပေ၊ ဖုန်း ၀၉ ၅၀၈၉၈၈၃၊ ၀၉ ၄၂၃၇၁၈၆၀၀၊ အမှတ် (၃၇၇)၊ လမ်း (၃၀) အပေါ်ဘလောက်ထိပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## ကျွန်မချစ်သော လူငယ်များအတွက် ကျွန်မဘဝ ကျွန်မစာ စိတ်ခွန်အားပေးစာစုများ




သူဇာနွယ် (ဖျာပုံ) ရေးသားသည့် ကျွန်မချစ်သော လူငယ်များအတွက် ကျွန်မဘဝ ကျွန်မစာ စိတ်ခွန်အားပေးစာစုများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် လူငယ်များအတွက် စာစုပေါင်း ၁၀၁ ခု ပါဝင်သည်။ ယနေ့ကမ္ဘာကြီးတွင် ရုပ်ဝတ္ထုပစ္စည်းများ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာလျက်ရှိသည်။ လူတို့က ထိုခေတ်မီဆန်းပြားသော ရုပ်ဝတ္ထုပစ္စည်းများနောက်သို့လိုက်ရင်းဖြင့် စိတ်ပိုင်းဆိုင်ရာခွန်အားများ ကျဆင်းခဲ့သည်။ ကျဆင်းနေသော စိတ်ခွန်အားများ ရှင်သန်ဖွံ့ဖြိုးလာစေရန်အတွက် စိတ်အာဟာရဖြည့်စွက်စာများ လိုအပ်လာသည်။ အထူးသဖြင့် လူငယ်များအတွက် တောက်ပသော အနာဂတ်ကို ဖြစ်ပေါ်စေရန် စိတ်ပိုင်းဆိုင်ရာအားပေးရမည့် စာကောင်းပေမွန်များ လိုအပ်လျက်ရှိသည်။

ထိုလိုအပ်ချက်ကို သူဇာနွယ်(ဖျာပုံ)က ဖြည့်ဆည်းပေးခဲ့သည်။ သူဖြတ်သန်းခဲ့ရသော စာနယ်ဇင်းလုပ်သက် (၂၅)နှစ် (ငွေရတု)အမှတ်တရအဖြစ် ဘဝအတွေ့အကြုံ၊ စာတွေ့ကိုယ်တွေ့ အတွေ့အကြုံများကို ဆင်ခြင်သတိပြုမိရာက ရသည့်အတွေးအမြင်များကို လူငယ်များအတွက် စိတ်ခွန်အားဖြစ်ဖွယ် လက်ဆင့်ကမ်းမျှဝေခြင်းဖြစ်သည်။ စာဖတ်သူများအနေဖြင့် ကျွန်မဘဝ ကျွန်မစာ စိတ်ခွန်အားပေးစာစုများ စာအုပ်ကို ဖတ်ရှုခြင်းအားဖြင့် တစ်စုံတစ်ရာအကျိုးကျေးဇူးရရှိခဲ့ပါက ဝမ်းသာပီတိဖြစ်ရပါကြောင်း စာရေးသူက ဆိုထားသည်။

စာအုပ်ကို ခေတ်မျက်ဝန်းစာပေ၊ ဖုန်း ၀၉ ၄၂၂၄၈၈၉၀၉၊ ၀၉ ၄၀၄၉၃၈၇၇၀မှ တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိသည်။

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ နိုင်ငံရေးစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ မောင်မင်းထင် (မြစ်ဝကျွန်းပေါ်)၏ “လွတ်လပ်ရေး ကြေညာစာတမ်းကို လေ့လာဖွင့်ဆိုချက်” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် နယ်ချဲ့လက်အောက်ကျွန်သပေါက်ဘဝမှ လွတ်မြောက်ခဲ့ရာ ထိုလွတ်လပ်ရေးနေ့မှာပင် သမိုင်းဝင် “လွတ်လပ်ရေးကြေညာစာတမ်း” ကို ထုတ်ပြန်ခဲ့သည်။ လွတ်လပ်ရေး ကြေညာစာတမ်းတွင် “အောင်စေသတည်း” နှင့်ဖွင့်၍ စာပိုဒ်ခြောက်ပိုဒ် ပါရှိသည်။ စာပိုဒ်တစ်ပိုဒ်ချင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဇာတိသွေး ဇာတိမာန်ထက်သန်ပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမိမြန်မာနိုင်ငံတော် အစွန့်ရှည်တည်တံ့ခိုင်မြဲရေး လှုံ့ဆော်သတိပေးခြင်းများ ပါရှိပြီး “အဆိုပါ လွတ်လပ်ရေးကြေညာစာတမ်းကို တစ်ကမ္ဘာလုံး တစ်ယောက်မကျန်ကြားသိစေသတည်း”ဟုကြွေးကြော်ထားရာ မျိုးချစ်စိတ်ဓာတ်ကို ထက်သန်နိုးကြွစေသည်။ မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းကို တစ်ကမ္ဘာလုံး တစ်ယောက်မကျန် ကြားသိစေရမည်ဟု ကြွေးကြော်ထားသော်လည်း မြန်မာနိုင်ငံသားများထဲမှ လုံးဝမသိသူ၊ မကြားဖူးသူများရှိနေလေရာ အလွန်ဝမ်းနည်းစရာပင်ကောင်းလှသည်။ ဤသည်ကို ဤစာမူပြုစုသူက ဖြည့်ဆည်းပံ့ပိုးပေးသည့် အနေဖြင့် လွတ်လပ်ရေးကြေညာစာတမ်းကို ရေးသားကြသူများ၊ လွတ်လပ်ရေးကြေညာစာတမ်းပါ အကြောင်းခြင်းရာများနှင့် မြန်မာတိုင်းရင်းသားမျိုးနွယ်များ၏ လွတ်လပ်ရေးရရှိသည်အထိ ကြိုးပမ်းလှုပ်ရှားမှုများကို အထောက်အထားများနှင့်တကွ ပြုစုရေးသားထားရာ ဇာတိသွေး ဇာတိမာန်ထက်သန်စေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၅၅၀၀ ဖြင့် အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ်(တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(ဝိဇ္ဇာ) ပထမဆုရရှိသည့် စာရေးဆရာ မြန်စာမြေ သိန်းလွင်၏ “ပျို့စာဆို ဦးနိုး၏ ဘဝနှင့် စာပေ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ပျို့စာဆို ဦးနိုး၏ ဘဝနှင့် ၎င်းရေးဖွဲ့ခဲ့သော စုစုပေါင်း ပျို့ရှစ်စောင်ရှိသည့်အနက် မာတာပီတသင်္ဂဟပျို့နှင့် ဝိဓူရပျို့နှစ်စောင်မှအပ ကိန္နရာချောင်းခြားပျို့၊ ပဋ္ဌာစာရီပျို့၊ ဝေဿန္တရာပျို့၊ မဟာမြတ်မုနိဘုရားကြီးသမိုင်းပျို့၊ မဟာဇနကပျို့၊ ရှင်မာလဲပျို့တို့ကို အသေးစိတ်လေ့လာတင်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၄၅၀၀ ဖြင့် အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိစာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှလူမျိုးတင့်မည်**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂-၁-၂၀၂၆ ရက်နေ့မှအဆက်)

ငင်းအမျိုးသမီးငယ်သည် သေခါနီးတွင် "ငါသေလျှင် ဘီလူးမဖြစ်၍ ဤမိန်းမတို့၏ သားတို့ကို စားနိုင်သူဖြစ်ရစေသား" ဟု ဆုတောင်းပြီး သေလေသည်။ ငင်းသည် ဤအိမ်၌ ကြောင်မဖြစ်လာလေသည်။ ထိုအမြုံမိန်းမ၏ မကောင်းမှုလုပ်ရပ်ကို ခင်ပွန်းဖြစ်သူကသိ၍ ငင်းအား ရိုက်ပုတ်ရာ ငင်းသည် ပြင်းထန်သောဒဏ်ရာရ၍ သေလေသော် ဤအိမ်၌ ကြက်မဖြစ်လေသည်။ ကြောင်မသည် ဤကြက်မဥဥတိုင်း သုံးကြိမ်တိုင် လာစားလေသည်။


ကြက်မကလည်း "ငါသေသော် ဤကြောင်မကို သားသမီးနှင့်တကွ စားရပါလို၏"ဟု ဆုတောင်းသည်။ ငင်းသေသောအခါ တော၌ ကျားသစ်မဖြစ်၏။ ကြောင်မသေသော် သမင်မ ဖြစ်လေသည်။ ထိုကျားသစ်မသည် သမင်မ သားဖွားချိန်၌ သုံးကြိမ်တိုင် လာရောက်၍ သားငယ်တို့ကို စားလေသည်။ သမင်မကလည်း "ငါသေသော် ကျားသစ်မကို စားရပါလို၏" ဟု ဆုတောင်းပြီးသော် "ကာဠီ" မည်သော ဘီလူးမဖြစ်လေသည်။ ကျားသစ်မကလည်း သေသော် သာဝတ္ထိပြည်၌ အမျိုးသမီးတစ်ဦး ဖြစ်လေသည်။ အမျိုးသမီးသည် အရွယ်ရောက်သော် သာဝတ္ထိပြည်အနီးရှိ ရွာတစ်ရွာ၌ အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ကျနေထိုင်လေသည်။

သူသည် သားတစ်ဦးကိုဖွားသည်။ ထိုဘီလူးမသည် သူ၏မိတ်ဆွေယောင်ဆောင်၍ သားဖွားခန်းထဲသို့ဝင်ပြီး ကလေးကိုကြည့်ရှုလေဟန်ဖြင့် ယူငင်၍ဝါးစားပစ်လေသည်။ နောက်တစ်ကြိမ်လည်း ထိုနည်းတူပင်ပြုကျင့်သည်။ ထိုအမျိုးသမီးသည် တတိယအကြိမ် ကိုယ်ဝန်ရ၍ ရင့်မာလာချိန်၌ သူ၏ ခင်ပွန်းကိုခေါ်ကာ သူ့မိဘအိမ်သို့သွားပြီး သားဖွားလေသည်။ ထိုအခါ၌ ဘီလူးမသည် ဝေဿဝဏ်နတ်မင်းကြီးထံ၌ လေး၊ ငါးလတိုင် အမှုထမ်းနေရသည်။ အမှုထမ်း၍တာဝန်ပြီးချိန်၌ ထိုအမျိုးသမီးကို စုံစမ်းရှာဖွေလေသည်။

ထိုအမျိုးသမီးသည် သားငယ်ကို အမည်ပေးပြီး ခင်ပွန်းသည် ယောကျ်ားနှင့်အတူ ပြန်လာလေသည်။ ဇေတဝန်ကျောင်းအနီးသို့ ရောက်သောအခါ သားကို ရေချိုးပြီး နို့တိုက်နေသည်။ ခင်ပွန်းသည်က ရေသွားချိုးသည်။ ထိုအချိန်၌ ဘီလူးမ သူထံသို့ လာသည်ကိုမြင်လေသော် သူ့ခင်ပွန်းအား အော်၍ခေါ်သည်။ ခင်ပွန်းက မကြား၍ မလာပါ။ ထိုအခါ အမျိုးသမီးသည် ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ တရားဟောနေရာသို့ ဝင်ပြေးလေသည်။ ဘီလူးမကလည်း ငင်းနောက်သို့လိုက်သည်။ ဘီလူးမသည် ကျောင်းတိုက်တံခါးဝ၌ စောင့်နေသောနတ်များ ဝင်ခွင့်မပေး၍ မဝင်နိုင်ပေ။ ကလေးနှင့်ဝင်ပြေးသည့် အမျိုးသမီးသည် ဘုရားရှင်၏ ခြေဖမိုးထက်၌ သားကိုအိပ်စေလျက် "မြတ်စွာဘုရား ဤကလေးအား မြတ်စွာဘုရားအား လှူပါ၏။ ကယ်တော်မူပါ" ဟု လျှောက်ထားလေသည်။

ဘုရားရှင်က အရှင်အာနန္ဒာအား ဘီလူးမကို ခေါ်ရန်အမိန့်ပေး၍ ဘီလူးမရောက်လာပြီး ရပ်နေလေသော် ဘုရားရှင်က "ကာဠီ အဘယ်ကြောင့် ဤသို့ပြုဘိသနည်း။ သင်တို့နှစ်ဦးသည် ငါဘုရားရှင်ထံသို့ မရောက်လာခဲ့လျှင် "ကျီးနှင့်ဇီးကွက်"ကဲ့သို့ သင်တို့၏ရန်ငြိုးသည် တစ်ကမ္ဘာပတ်လုံးမဆုံး တည်ပေလိမ့်မည်လတ္တံ့။ ရန်ကို ရန်ဖြင့်တုံ့ပြန်မှုသည် မဆုံးပါ။ ရန်မမူ ငြိမ်းမှသာ ငြိမ်းပေသည်"ဟု မိန့်တော်မူလေသည်။

"ဤလောက၌ ရန်တို့ကို တုံ့ပြန်ခြင်းဖြင့် ဘယ်တော့မှ မငြိမ်းပါကုန်။ ရန်ကိုမတုံ့ပြန်မှသာ ငြိမ်းကုန်၏။ ဤတရားသဘောသည် ရှေးထုံးစဉ်လာတရားပေတည်း" ဟူ၍ ဂါထာဖြင့် တရားဟောတော်မူသည်။ ဤတရားကို နာကြားပြီးသော် ကာဠီဘီလူးမသည် သောတာပန်ဖြစ်လေသည်။ အမျိုးသမီးငယ်နှင့်လည်း ချစ်ခင်သွားသောကြောင့် ရန်စငြိမ်းသွားလေသည်။



**မဟာဓနသူဌေးကြီးကို ကယ်တင်ခြင်း**

ဗာရာဏသီပြည်မှ "မဟာဓန"မည်သော သူဌေးကြီးသည် သာဝတ္ထိပြည်သို့ လှည်းငါးရာဖြင့် အဝတ်အထည်တို့ကို အပြည့်တင်လျက် ရောင်းချရန် သွားလေသည်။ သာဝတ္ထိပြည်သို့ရောက်သောအခါ မြစ်ကမ်း၌ လှည်းတို့ကိုဖြုတ်၍ စခန်းချလေသည်။ ဤနေရာ၌ အဝေးမှလာရသဖြင့် တစ်နှစ်နေထိုင်လျက် ထိုအဝတ်အထည်များကို ရောင်းချရန် ကြံစည်လေသည်။

ထိုအခါ သာဝတ္ထိပြည်တွင်း ဆွမ်းခံကြွလာသော ဘုရားရှင်သည် ဤသူဌေးကုန်သည်၏ စိတ်အကြံဖြင့် ခုနစ်ရက်အတွင်း သေအံ့သည်ကို မြင်သဖြင့် အရှင်အာနန္ဒာအား ထိုအကြောင်းကို ကုန်သည်ကြီးအား သွားပြောရန် စေခိုင်းလေသည်။ အရှင်အာနန္ဒာလည်း ဘုရားရှင်စေခိုင်းသည့်အတိုင်း ကုန်သည်ကြီးထံသို့ ဆွမ်းခံကြွလေသည်။ ငင်းတို့က ဆွမ်းဘောဇဉ်တို့ကို ကပ်လှူသည်။ ဘုရားရှင်မှာလိုက်သည့်အကြောင်းကို ကုန်သည်ကြီးအား ပြောပြသည်။ ထိုအခါ ကုန်သည်ကြီးသည် ထိတ်လန့်သွားပြီး ဘုရားအမှူးပြုသော ရဟန်းတော်များကို ခုနစ်ရက်တိုင်တိုင် အလှူကြီးပေးလှူလေသည်။ အလှူ၏အဆုံးတွင် ဘုရားရှင်သည် အနုမောဒနာတရားအဖြစ်ဖြင့် သူဌေးကုန်သည်အား "ဒါယကာပညာရှိမည်သည် ဤအရပ်၌ ဤကာလပတ်လုံးနေပေအံ့။ ဤမည်သောအမှုကို ပြုပေအံ့ဟု မကြံစည်သင့်။ မိမိ၏အသက်အန္တရာယ်ကိုသာ ကြံစည်သင့်၏"ဟု မိန့်တော်မူလေသည်။ ဆက်လက်၍ "လူမိုက်တို့မည်သည် ဤအရပ်၌ မိုးရာသီပတ်လုံး ငါနေမည်။ ထို့အတူ ဆောင်းရာသီ၊ နွေရာသီပတ်လုံး ငါနေမည်ဟူ၍ အထူးထူးအထွေထွေကြံစည်၏။ ဘယ်အခါ၊ ဘယ်အရပ်၌ ငါသေရမည်ဟု မိမိ၏အသက် အန္တရာယ်ကိုမူကား မသိရှာပေ" ဟူ၍ ဂါထာဖြင့် တရားဟောတော်မူလေသည်။

ဤတရားကို မဟာဓနကုန်သည် ကြားနာပြီးသောအခါ သောတာပန်ဖြစ်သွားလေသည်။ သူသည် ဘုရားရှင်အား လိုက်လံပို့ဆောင်ပြီးသောအခါ ရုတ်တရက်ပင် ဦးခေါင်းနာဖြစ်ပြီး သေလွန်သွားသည်။ ငင်းသည် တုသိတာနတ်ပြည်၌ သွားဖြစ်သည်။

**ကျင့်ဝတ်များကိုကြောက်သော သူဌေးသားရဟန်း**

သာဝတ္ထိပြည်၌နေသော သူဌေးသားတစ်ဦးသည် ရဟန်းပြုသည်။ ရဟန်းပြုပြီးသောအခါ ငင်းသည် မိမိ၏ နိဿရည်းဆရာနှင့် ဥပဇ္ဈာယ်ဆရာများကို ကြောက်သည်။ ငင်းတို့မှာအဘိဓမ္မာဆောင်ရဟန်းနှင့် ဝိနည်းဓိုရ်ရဟန်းများ ဖြစ်ကြပါသည်။ သူဌေးသားသည် ရဟန်းတို့ထံ၌ မပြတ်ဆည်းကပ်လျက်ရှိပြီး ဆည်းကပ်သည့်အခါတိုင်း ထိုရဟန်းအသီးသီးက ဤအမှုပြုရန်သင့်၏။ ဤအမှုကိုပြုရန်မသင့်။ အဘိဓမ္မာဆိုင်ရာ၊ ဝိနည်းဆိုင်ရာ ကျင့်ဖွယ်များကို ဟောကြားလေသည်။

**ဘုရားရှင်က "စိတ်သည် မြင်နိုင်ရန် အလွန်ခဲယဉ်း၏။ အလွန်သိမ်မွေ့လှ၏။ အလိုရှိရာအာရုံ၌ ကျရောက်ကျက်စားလျက်ရှိ၏။ ယင်းစိတ်ကို ပညာရှိတို့သည် စောင့်ထိန်းရာ၏။ စောင့်ထိန်းအပ်သော စိတ်သည် နိဗ္ဗာန်ချမ်းသာကို ဆောင်ရွက်ပေးနိုင်၏" ဟူ၍ ဂါထာဖြင့် ဟောကြားလေသည်။ ထိုသို့သော ဘုရားရှင်၏တရားကို ကြားနာပြီး သောအခါ သူဌေးသားရဟန်းသည် သောတာပန်ဖြစ်**

သူဌေးသားရဟန်းသည် ဤသို့ဆရာများ ဟောကြားသည်ကို လိုက်နာရန် ဝန်လေးသည်။ သူသည် ဆင်းရဲမှုလွတ်မြောက်လို၍ သာသနာ့ဘောင်သို့ ဝင်ခဲ့သည်။ ယခု၌ ငါသည် လက်ဆန့်စရာ နေရာပင်မရှိပေ။ အိမ်မှနေပြီး ဆင်းရဲမှုကို လွတ်မြောက်ရန် တတ်နိုင်သည်။ ငါ လူဝတ်လဲသင့်သည်ဟု အမြဲကြံစည်လျက် ဘုရားသာသနာတွင် ပျင်းရိ၊ ငြီးငွေ့နေလေသည်။ ထို့ကြောင့် ငင်းသည် ဖျော့တော့ ရောဂါစွဲကပ်၍ ခန္ဓာကိုယ် ပိန်ချုံးကာနေလေသည်။ ဤအကြောင်းကို သူ၏ ဆရာရဟန်းနှစ်ပါးကသိ၍ ငင်းအား ဘုရားရှင်ထံသို့ ခေါ်သွားပြီး အကျိုးအကြောင်းကို လျှောက်ထားလေသည်။

ဘုရားရှင်သည် ရဟန်းအား ဤသို့မိန့်တော်မူသည်။ **"ချစ်သားရဟန်း သင်သည် တစ်ခုတည်းသော တရားကို စောင့်ထိန်းနိုင်ပါမည်လော"** ဟုမေး၏။ ထိုအခါ ရဟန်းက "စောင့်ထိန်းနိုင်ပါ၏"ဟု ပြန်လျှောက်ထားသည်။ "ချစ်သားရဟန်း သင် တစ်ခုတည်းတရားကို စောင့်ထိန်းနိုင်ပါလျှင် အခြားကျန်တရားများကိုလည်း စောင့်ထိန်းနိုင်ပါမည်။ ဤတစ်ခုတည်းသော တရားဆိုသည်မှာ အခြားမဟုတ်၊ မိမိ၏စိတ်ပင်ဖြစ်ကြောင်း၊ ထိုမှလွတ်မြောက်ရန် မိမိစိတ်ကိုသာ စောင့်ရှောက်လေလော့"ဟု မိန့်တော်မူလေသည်။ ထို့နောက် ဘုရားရှင်က ဆက်၍ "စိတ်သည် မြင်နိုင်ရန် အလွန်ခဲယဉ်း၏။ အလွန်သိမ်မွေ့လှ၏။ အလိုရှိရာ အာရုံ၌ ကျရောက်ကျက်စားလျက်ရှိ၏။ ယင်းစိတ်ကို ပညာရှိတို့သည် စောင့်ထိန်းရာ၏။ စောင့်ထိန်းအပ်သော စိတ်သည် နိဗ္ဗာန်ချမ်းသာကို ဆောင်ရွက်ပေးနိုင်၏" ဟူ၍ ဂါထာဖြင့် ဟောကြားလေသည်။ ထိုသို့သော ဘုရားရှင်၏တရားကို ကြားနာပြီးသောအခါ သူဌေးသားရဟန်းသည် သောတာပန်ဖြစ်သွားလေသည်။

**ရဟန်းငါးရာတိုအား မေတ္တာလက်နက်ပေးအပ်ခြင်း**

ငါးရာသော ရဟန်းတို့သည် သာဝတ္ထိပြည်၌ နေသည်။ ငင်းသည် ဘုရားရှင်ထံမှ အရဟတ္တဖိုလ်သို့ပေါက်မြောက်သော ကမ္မဋ္ဌာန်းတရားကိုနာယူပြီး ယူဇနာ ၁၀၀ ဝေးသော ခရီးကိုသွားကာ ရွာကြီးတစ်ရွာကိုအမှီပြု၍ တောအုပ်၌ နေထိုင်ကြလေသည်။

ယင်းတောအုပ်တွင် နေထိုင်ကြသော နတ်တို့သည် ဤအရပ်၌ ထိုအရှင်မြတ်တို့နေသည်ရှိသော် သူတို့သားမယားတို့နှင့် သစ်ပင်ပေါ်တက်၍ မနေသင့်ပေ။ မြေကြီးအရပ်၌ နေရမည်ဖြစ်သည်။ အရှင်မြတ်တို့သည် ယနေ့တစ်ညတာနေ၍ မနက်ဖြန် ပြန်ကြွမည်ဟုထင်ကာ နတ်တို့သည် သစ်ပင်မှဆင်းပြီး မြေကြီး၌ နေကြလေသည်။ ရဟန်းတို့သည် နောက်တစ်နေ့နံနက်၌ ဆွမ်းခံကြွထွက်ပြီး ထိုတောသို့ပင် ပြန်ဝင်လာသည်။

နတ်တို့က ဤရဟန်းတို့သည် မနက်ဖြန် တောအုပ်မှ ပြန်ကြလိမ့်မည်ဟု ထင်မှတ်နေခဲ့ရာ တစ်လခွဲခန့်ကြာလေသည်။ ငင်းတို့သည် ဤတောမှ မပြန်ဘဲ သီတင်းသုံးနေကြလျှင် ငါတို့သည် သစ်ပင်မှဆင်း၍ သားမယားများနှင့် မြေကြီးတွင်နေရမည်။ ဆင်းရဲလှသည်ဟု ညည်းတွားကြသည်။ ရဟန်းတို့ ဤတော၌ ဝါတွင်းသုံးလပတ်လုံးနေလိမ့်မည်ဟု နတ်တို့ကထင်၍ ဤရဟန်းများကို ကြောက်မက်ဖွယ်အသံပြုခြောက်လှန့်လျှင် ရဟန်းတို့ ထွက်ပြေးလိမ့်ဟုကြံကာ ထိုထိုနေရာများ၌ ကြောက်မက်ဖွယ်အသံများ ဖန်တီးအော်ဟစ်ပြီး ရဟန်းများကို ခြောက်လှန့်လေသည်။ ထိုအခါရဟန်းတို့သည် တရားထိုင်ရသည်မှာ မချမ်းသာဖြစ်သည်ဟုစွဲထင်ပြီး ဘုရားရှင်ထံသို့သွား၍ တိုင်ပင်လျှောက်ထားကြလေသည်။

(ဆက်လက်ဖော်ပြပါမည်)

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးစံရွှေနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၂၀၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ယင်းတို့အနက်မှ ၁၃၁၁၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၀၈၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ယင်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

**❍ MNL မှ**

အနိုင်ဂိုးနှစ်ဂိုးစလုံး သွင်းယူခဲ့ခြင်းဖြစ်ပြီး သက်ဝေမိုးက ၁၁၊ ၃၂ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ဧရာဝတီယူနိုက်တက်အသင်းက Dagon Port အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဧရာဝတီယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၃၁ မိနစ်တွင် ဟိန်းထက်အောင်က သွင်းယူခဲ့သည်။

ပွဲစဉ် ၁၇ အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၄၄ မှတ်၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၄၂ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၉ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၂၆ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၄ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၂ မှတ်၊ ရတနာပုံအသင်းက ရမှတ် ၂၀၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၉ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၈ မှတ်၊ သစ္စာအားမာန်အသင်းက ၁၅ မှတ်၊ Dagon Port အသင်းက ၁၂ မှတ်၊ ရာမည‌ယူနိုက်တက်အသင်းက ခြောက်မှတ် ရရှိထားသည်။ ပွဲစဉ် ၁၅ မှ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းပွဲကို မတ် ၂ ရက်မှ ပြန်ကစားမည်ဖြစ်သောကြောင့် ယင်းနှစ်သင်းမှာ ၁၆ ပွဲစီသာကစားရသေးပြီး ကျန်အသင်းများမှာ ၁၇ ပွဲ ကစားထားပြီးဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MNL**

---

**❖ ဟားစ်စီးတီးမှ**

အဲဒီပွဲစဉ်မှာ အက်ဖ်အေဖလားကို ရှစ်ကြိမ်အထိဆွတ်ခူးထားတဲ့ ချယ်လ်ဆီးအသင်းအတွက်သွင်းဂိုးတွေကို ပွဲကစားချိန် မိနစ် ၄၀၊ ၅၁ နဲ့ ၇၁ မိနစ်တို့မှာ ပက်ဒရိုနီတိုးက သုံးဂိုး၊ ၅၇ မိနစ်မှာ အက်စ်တီဗာအိုဝီလီယံက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းနဲ့အတူ သွင်းဂိုး သုံးဂိုးသွင်းယူပေးခဲ့တဲ့ပက်ဒရိုနီတိုးဟာ ချယ်လ်ဆီးအသင်းကစားသမားဘဝမှာ ပထမဆုံးဟက်ထရစ် သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ အက်စ်တီဗာအိုကတော့ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းနဲ့အတူ သွင်းဂိုးခုနစ်ဂိုးအထိ ရှိလာခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးအသင်းဟာ အခုပွဲစဉ်မှာ ဟားစ်စီးတီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဟားစ်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားပွဲစဉ်ကိုးပွဲစလုံးအနိုင်ရရှိအောင် စွမ်းဆောင်နိုင်တဲ့ စံချိန်ကောင်းတစ်ခုကိုလည်း ပိုင်ဆိုင်ခဲ့ပြီဖြစ်ပါတယ်။

**ငွေကြယ်**

---

**✪ ကျောဖုံးမှ**

ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲတွင် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ၊ မုန့်ဈေးတန်းများ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ချားရဟတ်စီးကြသူများ၊ အမှတ်တရအလှဓာတ်ပုံရိုက်ကြသူများ၊ ကလေးကစားကွင်းများတွင် လူကြီး၊ လူငယ်၊ လူရွယ်၊ ကလေးများ လာရောက်ကြည့်ရှုသူပရိသတ်များ အထူးစည်ကားလျက်ရှိသည်။ ညပိုင်းအစီအစဉ်တွင် လူရွှင်တော် ခေါလေး၊ အာဇာနည်စန်းစန်း၊ ကျော်တိုးမျက်လှည့်အဖွဲ့များက အလှည့်ကျဂီတဖျော်ဖြေလျက်ရှိပြီး ပွဲတော်များကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ဆက်လက် ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

အဆိုပါ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဖြင့် ဂီတဖျော်ဖြေရေးနှင့် ဈေးရောင်းပွဲတော် ပျော်ပွဲရွှင်ပွဲတို့ကို အင်းစိန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းဇော်နှင့်အဖွဲ့ဝင်များ ကြီးမှူး၍ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူ လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

---


**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အမှတ် (၄/၄၁) ဟုခေါ် တွင်သော ဒေါခင်ကြည် အမည်ပေါက်မြေကွက်ပေါ်တွင်တည်ဆောက်ထားသည့် (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦရှိ (၃လွှာ/ဒုတိယအထပ်၊ ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၅ပေx ၃၈ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁၉- ၁၀-၂၀၂၄)နေ့စွဲပါ "တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်နှစ်ဖက်သဘောတူ ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ယနေ့အချိန်ထိ လက်ရှိထားပိုင်ဆိုင်ပါကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်း ပြဿနာကင်းရှင်းပါကြောင်း မွတ်ဟဝန်ခံကတိပြုလျက် လွှဲပြောင်းရောင်းချလိုကြောင်း ဒေါ်အိမာဖြိုး [၁၂/မရက(နိုင်)၁၆၆၀၁၄]မှ အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ယု**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၃၁၈/၂၀၁၇)**
**အမှတ်- ၁၀၄၊ ပထမထပ်၊ ၃၉-လမ်း ၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၀၀၃၉၀၂၈**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၇/၈A၊မြေကွက်အမှတ်-၉၊မြေကွက်တည်နေရာအမှတ်(၉)၊ရွှေပင်လုံအိမ်ရာ၊(၂၇/၈A)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဗိုလ်မှူးကြီးဝင်းမြင့်(၁၂/လကန(နိုင်)၁၃၉၄၉၆)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်-ဗိုလ်မှူးကြီးဝင်းမြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့်ဒေါ်သင်းသင်းသန်း(၁၃/ပလန(နိုင်)၀၀၀၆၂၇)မှတစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း အခြားသောဇနီးတစ်ဦးတစ်ယောက်မှုမရှိပါကြောင်း၊၎င်းတစ်ဦးတည်းသာလျှင်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့်၎င်းတစ်ဦးတည်းမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဓမ္မသကစာသင်တိုက်နှင့်သဗ္ဗညုပုထိုးတော်ကြီး (ရန်ကုန်) အလှူရှင်များအား ဖိတ်ခေါ်ခြင်း



ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းတောင်ပိုင်း သုခလမ်းနှင့် ဓမ္မပါလလမ်းတွင် တည်ရှိသော တန်ခိုးကြီး သဗ္ဗညုပုထိုးတော်ကြီး၏ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဓမ္မသက စာသင်တိုက်နှင့် သဗ္ဗညုပုထိုးတော်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့သော အဘွားလေး ဒေါ်ဓမ္မသီ၏ တပည့်ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော သဗ္ဗညုဂေါပကအဖွဲ့နှင့် ဒေါက်တာ ဒေါ်ပညာသိရီ – သာသနဓဇ ဓမ္မာစရိယ၊ Ph.D၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ပြည်တွင်းပြည်ပ သာသနာပြု၏ အောက်ပါလုပ်ငန်းစဉ်များကို ဆက်လက်၍ ဘုရားကြီး တည်လျက်ရှိပါကြောင်း ကုသိုလ်ရှင်များကောင်းမှုဖြင့်–

၁။ ရှေးဟောင်းမြတ်စွာဘုရားရှင်များ ကျောင်းဆောင်တော်မြတ် သုံးဆင့်ကိန်းဝပ်စံပယ် ပူဇော်တော်ခံလျက်ရှိပါသည်။
ပထမအဆင့်(၂ပေ)မြတ်စွာဘုရားရှင်တစ်ဆူကို ကျပ် (၁၅)သိန်း၊
ဒုတိယအဆင့် (၃ပေ၆လက်မ)မြတ်စွာဘုရားရှင်တစ်ဆူကို ကျပ်(၃၀)သိန်း၊
တတိယအဆင့် (၄ပေ၅လက်မ)မြတ်စွာဘုရားရှင် တစ်ဆူကို ကျပ် (၄၅)သိန်း ကမ္ပည်းထိုး၍ လှူဒါန်းရန်၊

၂။ သဗ္ဗညုပုထိုးတော်ကြီး၏အတွင်းပိုင်းတွင် မပြီးသေးသော အချောသပ်လုပ်ငန်းများစွာ ကျန်ရှိနေပါသေးသည်၊ အတွင်းပိုင်းတွင် နိဗ္ဗာန်ရည်မှန်း၍ ဂဏ်ဝါဠုသဲစုမက ပွင့်ထွန်းတော်မူကြကုန်သော ရှေးဟောင်းမြတ်စွာဘုရားရှင်များ ငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ကျိပ်ရှစ်ဆူ နိဗ္ဗူဇိနေ၊ သီတင်းသုံးပူဇော်တော်ခံမည်ဖြစ်ပါသည်။ ရှေ့ပုဂံခေတ်မြန်မာကြီးများသည် သာသနာ ထွန်းကားပြန့်ပွားခဲ့သည့် အစဉ်အလာ လူတိုင်းဘုရားတည်နိုင်ခွင့်ရရှိခဲ့ပါသည်။ ယခုခေတ် အခါ လူတိုင်းဘုရားတည် ကုသိုလ်ယူနိုင်ကြပါသည်။ ဘုရားရှင်အမှတ် (------)ဖြင့် တစ်ဆူကို ကျပ် (၁)သိန်း (၅)သောင်း၊ ကမ္ပည်းထိုး၍ လှူဒါန်းရန်၊

ကုသိုလ်ရှင်များအား (၆ ရက်၊ မတ်လ၊ ၂၀၂၆ ခုနှစ်)နေ့ နံနက် (၉)နာရီတွင် အလှူတော် ငွေပေးအပ်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းနှင့် ကုသိုလ်ကောင်းမှု အစုစုတို့ကို ရေစက်သွန်းချ အမျှဝေကြပြီး ကြွရောက်လာကြကုန်သော ကုသိုလ်ရှင်အားလုံးကို သဗ္ဗညုပုထိုးတော်ကြီး၏ တောင်ဘက် Royal Palace ခန်းမဆောင်ကြီးအတွင်းတွင် နေ့လယ်စာဖြင့် ကျွေးမွေးညှော့ခံမည်ဖြစ်ပါသောကြောင့် ကိုယ်တိုင်ကြွရောက် ကိုယ်ပိုင်ကုသိုလ်ကို ရွေးချယ်မှတ်တမ်းတင် ကမ္ပည်းထိုး လှူဒါန်းကြရန် နိဗ္ဗာန်အကျိုး မျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်နိုင်သော** – ဒေါက်တာ ဒေါ်ပညာသိရီဖုန်းနံပါတ် – 09 450046290, 09 452202011, +1 6266447146 ရုံးဖုန်းနံပါတ် – 09 426893640/ Viber # 09 450046290, +1 6266447146, **KPay** # 09 450046290, Daw Pinnya Siri, **Wave Money** # 09 450046290,Shin Pinnya Siri, **မရမ်းကုန်းကမ္ဘောဇဘဏ်** – PINNYA SIRI –KBZ Bank, **New Account No.** 23451107000085501, **Facebook** : သဗ္ဗညုပုထိုးတော်ကြီး (ရန်ကုန်)

မြေကွက်များဝယ်ယူလိုပါသည်
ဒဂုံမြို့သစ်(ဆိပ်ကမ်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း)
အိမ်အရောက်ငွေပေးချေသည်၊ ပွဲခပေးရန်မလိုပါ
Ph: 09-770287930
ရှာန် အိမ်ခြံမြေ

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေး(၅)လမ်း၊ ထီးတန်းအိမ်ရာ၊ တိုက်အမှတ်(ဘီ)၊ အခန်းအမှတ်(၀၀၄)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးရှု့မောင်[၄/ဟခန(နိုင်)၀၂၄၄၀၅] ထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးမြင့်စိန် [၁၂/တတန(နိုင်)၀၀၅၉၇၃]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ တင်ပြလျှောက်ထားလာခြင်းကို ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## မေတ္တာရပ်ခံပန်ကြားခြင်း

၁။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်–၄၅၅ရှိ "ဟာဂျီမဝဏ္ဏကျော်ထင် ဆရာမကြီးဒေါ်စောရွှေ" ဦးဆောင် ထူထောင်ခဲ့သော "မွတ်စ်လင်မ်အမျိုးသမီးသာသနာ့ရိပ်သာ" (ဇီနသ်အစ္စလာမ်မိန်းကလေးကျောင်း) သည် မိဘမဲ့/ခိုကိုးရာမဲ့ဖြစ်နေသည့် မွတ်စ်လင်မ်မိန်းကလေးငယ်များကို သင်ကြားပေးခြင်း၊ အစိုးရအခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှသည် တက္ကသိုလ်အဆင့်ဘွဲ့ရသည်အထိ တက်ရောက်သင်ကြားစေခြင်း စသည်ဖြင့် ၎င်းတို့၏ ဘဝလုံခြုံအေးချမ်း၍ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

၂။ ၎င်း "မွတ်စ်လင်မ်အမျိုးသမီးသာသနာ့ရိပ်သာ"ရှိ မိဘမဲ့/ခိုကိုးရာမဲ့နေသည့် မွတ်စ်လင်မ်မိန်းကလေးငယ် (၆၀)ဦး၏ လိုအပ်ချက်များအတွက် စေတနာရှင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုများ လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းတို့၏ (လိလ္လာဟ်၊ ဇကားသ်၊ ဖိသ်ရာဟ်)အလှူငွေများကို ပေးပို့လှူဒါန်းကြပါရန် လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် မွတ်စ်လင်မ်အမျိုးသမီးသာသနာ့ရိပ်သာ အုပ်ချုပ်ရေးကော်မတီ၊ အမှတ်–၄၅၅၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၁၈–၃၇၃၈၇၈၊ ၀၉–၅၁၄၁၈၅၄၊ ၀၉–၅၁၃၅၆၉၀

K–Pay No. 09–755 435952
UAB Account– 050070100002605
CB Account– 0048100900017361
MOB Account– 005601700000407

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ မလိခလမ်း၊ အမှတ်(၅/၃) ဟုခေါ်တွင်သော ဧရိယာ(၆၅ပေx၁၅၀ပေ)ရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာဝန်ခံကတိပြုရောင်းချသူ ဦးတိုးမြိုင်[၄/ပလဝ(နိုင်)၀၁၆၁၁၁] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ယင်းမြေကွက်တွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပြီး၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးစီးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သစ်သစ်မြင့်အောင်(LL.B)** — **ဒေါ်နွေးနွေးလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၇၈)** — **အထက်တန်းရှေ့နေ(စဉ်–၄၁၃၀၈)**
**ရုံး–အမှတ်–၂၂၅၊ ပထမထပ်၊ ၃၅–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09–5066561, 09–5061624**

### ဒေါ်အေးအေးမူ[၁၂/လသန(နိုင်)၀၀၈၇၇၁]အား အကြောင်းကြားတောင်းဆိုခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဇဝန)၊ မြေကွက်အမှတ်(၃၂၆)၊ အကျယ်အဝန်း(၂၅ပေx၅၀ပေ)၊ ဧရိယာ(၀.၀၂၈)ဧကအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် လူကြီးမင်း ဒေါ်အေးအေးမူအမည်ဖြင့် မှတ်သားတည်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေသည် အဆိုပါမြေနှင့်အိမ်ကို တရားဝင် အမည်ပြောင်း ဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် လိုအပ်နေပါသည်။ သို့ဖြစ်ရာလူကြီးမင်းအနေဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ကို လာရောက်ချုပ်ဆိုပေးရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ဆက်သွယ်ရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် တရားစွဲဆောင်ရွက်မည်ဖြစ်ကြောင်း လူကြီးမင်းအား အကြောင်းကြား အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၀၀)**
**အမှတ်–၁၆(ခ)၊ ရန်ကုန်လမ်း၊ ၆/၉–ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၀၅၈၅၅၃၊ ၀၉–၇၉၉၄၆၆၉၅၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစန်းလင်းနိုင်[၁၂/လကန(နိုင်)၁၇၀၃၇၄] ပိုင်ဆိုင်သော မြေတိုင်းရပ်ကွက်(၁၅၁)၊ မြေကွက်အမှတ်–၁၆၇၃(ဒဂုံဆိပ်ကမ်းမြို့နယ်)အမည်ပေါက် ဦးဘုန်းမော်(ခ) ဦးတုန်းမော် [၁၂/သကတ(နိုင်)၀၂၁၁၅၂]မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့မှ ထုတ်ပေးထားသော ပါမစ်မူရင်းစာရွက်၊ စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

**ဖုန်း–၀၉–၇၉၅၄၆၈၇၉၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၆)၊ ဦးပိုင်အမှတ်(၆၅)၊ ၃၀ လမ်း၊ ၅၇x၅၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးစိုးမင်းသိန်း[၈/ခမန(နိုင်)၀၉၈၅၉၄]၊ ဒေါ်မြင့်မြင့်စိန်[၉/ပသက(နိုင်)၀၆၇၉၉၄]တို့က အမှုတွဲအမှတ်(၅၁၅၈/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အရှေ့မင်းလမ်း၊ အမှတ်(၄)နေ ဒေါ်မြင့်မြင့်ဌေး [၉/မနတ (နိုင်) ၀၇၈၀၇၅] ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ် (စံပြ)ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၁၀)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ ½' x ၅၅')ပေရှိ (၅)ထပ်တိုက်၏ပထမအလွှာ(ခြေရင်း)တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးနိုင် [၁၁/ကဖန (နိုင်) ၀၆၅၃၃၄]မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများအနေဖြင့် စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးစိုးနိုင်၏လွှဲအပ်ချက်အရ–**
**ဦးထွန်းထွန်းဦး LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၇၇၁၂)**
**အမှတ်–၅၃၊ ၄–လွှာ(A)ဈေးလမ်း၊ ဗျိုင်း/ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၅၂၃၄၉၄၉၊ ၀၉–၉၆၇၇၉၉၉၆၃**

## သွေးသည် အသက်

### "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၂၇)၊ အမှတ်(၄)လမ်းမကြီးနှင့် လှော်ကား–ထောက်ကြန့်လမ်းမကြီးထောင့်၊ ပက်အင်းစု၊ ကွင်းအမှတ်(၅၅၅/A)၊ မြေကွက်အမှတ်(၈) မောင်ညို၊ မခို အမည်ပေါက် မြေခွန်ပြေစာ ထွက်ရှိထားသော ဧရိယာ(၅.၇၉)ဧကရှိ မြေကွက်ကြီးအနက်မှ အကျယ်အဝန်း(အလျား ၆၃ပေxအနံ ၇၄/၈၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ၏ လက်ရောက် ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆက်ခံပိုင်ဆိုင်၍ ၎င်းမှသာလက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ **ဒေါ်မြမြဝင်း[၁၂/ရပသ(နိုင်)၀၁၂၈၉၂]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးလင်းထူးလွင်[၁၂/ရပသ(နိုင်)၀၄၆၁၂၆]**က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေး တန်ဖိုးငွေအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ **(၁၄)ရက်**အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၂၇၄)**
**အမှတ်(၉၃/ခ)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၉၆၃၆၄၄၅၁၇**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ အောင်သပြေခြံလမ်း၊ အမှတ်(၄၇၂/မဒ)၊ အကျယ်အဝန်းဧရိယာ(1.056)၊ အလျား(၂၃၀)ပေxအနံ(၂၀၀)ပေရှိ မြေကွက်နှင့် အဆောက်အဦအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇန်ဟူးလွယ် [၅/ကလထ(နိုင်)၁၄၇၂၀၀] မှ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဖွင့်ဟဝန်ခံ၍ ရောင်းချရာ ဒေါ်နီယာန်ချင်းတီာလ် [၄/ဟခန(နိုင်)၀၃၈၅၇၁] မှ ဝယ်ယူရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ခြံမြေအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ဤကြော်ငြာပါရှိသည့်နေ့မှစ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများ သတ်မှတ်ရက်အတွင်းမရှိပါက အဆိုပါခြံမြေအရောင်းအဝယ်အား ဝယ်ယူသူသို့ လက်ရောက်ပေးအပ်ပြီး အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက်ပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇန်ဟူးလွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှိုင်ဝတ်ရည်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၅၅၀)**
**တိုက်အမှတ် (B/12) (102)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ၄၂–ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ Ph:09–420080524, 09–676780524**

### နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးတင်ထွန်းအောင်+ဒေါ်ယဉ်ယဉ်ဌေးတို့၏ သားဖြစ်သူ ဦးဝင့်သူအောင် [၁၂/ဥကမ(နိုင်)၂၃၂၀၉] နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးစိုးနိုင်+ဒေါ်ညွန့်ညွန့်ဦးတို့၏ သမီးဖြစ်သူဒေါ်ခိုင်မိုးသင်း [၁၂/ဥကမ(နိုင်)၂၄၅၅၉၄]တို့သည်(၁၃–၂–၂၀၂၆) ရက်နေ့တွင် နှစ်ဖက်မိဘများရှေ့သက်သေထား၍ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြရန် မိမိတို့ဆန္ဒများကို အသီးသီးထုတ်ဖော်၍ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်နှင့် ဝန်ခံကတိပြုစာချုပ်များကို ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါ၍ နောက်နောင် တစ်ဦးနှင့်တစ်ဦး လူမှုရေး၊ စီးပွားရေး၊ ကိုယ်ရေးကိုယ်တာကိစ္စများအား ဝင်ရောက်စွက်ဖက်ဟန့်တားနှောင့်ယှက်ခြင်းမပြုလုပ်ကြပါကြောင်း၊ မည်သို့မျှ ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်းနှင့် စာချုပ်များပါကတိပြုချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုပါကြောင်းတို့ကို ၎င်းတို့(၂)ဦးနှင့် နှစ်ဖက်မိဘဆန္ဒများအရ အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဝင့်သူအောင်[ ၁၂/ဥကမ(နိုင်)၂၃၂၀၉]နှင့်**
**ဒေါ်ခိုင်မိုးသင်း[၁၂/ဥကမ(နိုင်)၂၄၅၅၉၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းစိမ့်စိမ့်ဖြိုး(LL.B, LL,M, D.A.Psy)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၈၁၃/၂၀၁၆)**
**အမှတ်(၇၂၄)၊ ခေမာသီလမ်းမကြီး၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးရှေ့။**

### "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/သဘော်ကျင်း)၊ မြေကွက်အမှတ်(က/၁၃၈)၊ လူနေရပ်ကွက်အမှတ်(သဘော်ကျင်း)၊ ၁၃(၆)လမ်း၊ အမှတ်(က/၁၃၈)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်ခန်းများထဲမှ တတိယထပ်၊ (၄–လွှာ)၊ (ညာဘက်ခြမ်း)အခန်း၊ အကျယ်အဝန်း(၁၂ ½ ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** ဦးလင်းလင်းနိုင် [၁၂/တမန(နိုင်) ၀၉၄၂၃၅]မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ချစ်ချစ်ဖွဲ[၇/ဝမန(နိုင်)၁၁၃၀၉၄]မှ ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် စာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်မျိုးလင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၁၃) (၁၄–၂–၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၁၈၂၆၅၁**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃/ရန်ပြေ၊ လူနေရပ်ကွက်အမှတ်–၃/ရန်ပြေ၊ ရန်ပြေ(၁၆)လမ်းအရှေ့၊ မြေကွက်အမှတ်(၉၂၁)၊ အကျယ်အဝန်း(၄၀x၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်စန္ဒာဝင်း [၁၂/သကတ(နိုင်)၁၂၇၉၈၅]မှ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ၎င်းတို့လက်ဝယ်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်မောင်မြင့်[၁၂/ပဘတ(နိုင်)၀၀၁၄၄၀]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်မောင်မြင့်** — **ဒေါ်ယုဇနခင် (LL.B)**
**[၁၂/ပဘတ(နိုင်)၀၀၁၄၄၀]** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၂၉)**
**ဖုန်း–၀၉–၂၅၀၉၇၇၇၁၇**

## ဒေါ်ခင်သန်း
## အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ မြနန္ဒာလမ်း၊ အမှတ်-R-37 နေ ဒေါ်မွေးမွေး၊ ဦးမောင်မောင်ဇင်၊ ဦးမောင်မောင်လွင်၊ ဒေါ်တင်တင်ကြူ၊ ဦးတင်ထွန်းအောင်(ခ)ကိုပေါက်စ-ဒေါ်သန်းသန်းအောင်၊ ဒေါ်နှင်းနှင်းထွေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဇော်ဇော်၏ အဘွားသည် ၁၃-၂-၂၀၂၆(သောကြာနေ့)တွင် ဝိတိုရိယဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၅-၂-၂၀၂၆ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၂၆ (ကြာသပတေးနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ မြနန္ဒာလမ်း၊ အမှတ်-R-37 နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးပြည့်စုံ
## အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ(ဦးဘရီ-ဒေါ်တင်မေ)တို့၏ သားငယ်၊ ဒေါ်နွဲ့နွဲ့ဝင်း၏ ခင်ပွန်း၊ ကိုအောင်သန့်စင်ဦး-မကေသွယ်၊ ကိုဇေယျာလင်းမြင့်-မအောင်မိုရ်မြင့်၊ မသီရိမေ၊ ကိုဖြိုးဇင်ဟန်-မသီရိဝေတို့၏ ဖခင်ကြီး၊ မြေးမရွှေလရောင်၊ မောင်လမင်းမောင်၊ မောင်အဂ္ဂမင်းတို့၏အဘိုး ဦးပြည့်စုံသည် ၁၄-၂-၂၀၂၆ရက် နံနက် ၆:၁၅ နာရီတွင် မိုးကောင်းရတနာဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၆-၂-၂၀၂၆ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ညွန့်
## အသက် (၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပန်းဝါလမ်း၊ ခြံအမှတ်(၁၆)နေ ဦးလှဖေ-ဒေါ်မြသင်းတို့၏သမီး၊ ဦးမြင့်ဦး၏ချစ်လှစွာသောဇနီး၊ ဦးနေဝင်းအောင်-ဒေါ်နှင်းဇာခြည်ဦး၊ ဦးသက်ခိုင်ဦး-ဒေါ်မေသန္တာဦး၊ ဦးနောင်နောင်ဦး-ဒေါ်အေးမြမြကြည်တို့၏ကျေးဇူးရှင်မိခင် ဒေါ်ခင်ညွန့်သည် ၁၃-၂-၂၀၂၆ရက်(သောကြာနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်မောင်တင့်-ဒေါ်သန်းသန်းချို

## ဦးကျော်သူရ (ခ) သူသူ B.Sc(Physics)
## အသက်(၆၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်ဘူတာရုံလမ်း၊ အမှတ် (၂၄)နေ (ဦးခင်ကျော်-ဒေါ်ခင်မမ)တို့၏သား၊ ဒေါ်ခင်မြဦး၊ ဦးကျော်ချမ်းသာ၊ ဦးကျော်ဇေယျ၊ ဒေါ်ခင်ဆွေမြင့်၊ ဒေါ်ခင်စိုးမူ၊ ဦးကျော်ရန်နိုင်တို့၏ ညီ/မောင်၊ ဦးကျော်ချမ်းအေး၊ ဦးကျော်ဖြိုးအောင်တို့၏ အစ်ကိုသည် ၁၃-၂-၂၀၂၆(သောကြာနေ့) အိန္ဒိယစံတော်ချိန် နံနက် ၂:၁၅ နာရီတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အပိုလိုဆေးရုံ၌ ဘဝတစ်ပါးသို့ကူးပြောင်းသွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃၊ မြေကွက်အမှတ်(၁၇၇)၊ ဧရိယာ(၀.၀၅၈)ကေအကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃) ရပ်ကွက်၊ ရွှေဝါထွန်း(၁)လမ်း၊ အမှတ်(၁၇၇)နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဆုတင့်မွန်[၁၂/စခန(နိုင်)၀၆၆၂၂၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမိုးကျော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)**
**အခန်း(၂၇)၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**တိုက်(၃)၊ အခန်း(၂၀၃)၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၉၆၃၆**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဦးအောင်ကြီး
### [စာကြည့်တိုက်မှူး-၁၊ (ငြိမ်း)]
### တက္ကသိုလ်များဗဟိုစာကြည့်တိုက်
## အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၀)တိုးချဲ့ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၂၆၇/ခ)နေ (ဦးချစ်ထွန်း-ဒေါ်နှင်းလှ)တို့၏သားကြီး၊ ဦးဇောတိက၊ (မောင်မျိုးညွန့်အောင်)၊ မောင်မင်းစိုးမိုးနောင်-မသန်းသန်းအေး၊ မောင်စိုးထွန်းအောင်-မသိမ့်ဟေမာကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်နေဘုန်းအောင်၏ အဘိုး၊ (ဒေါ်မြင့်အေး)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၃-၂-၂၀၂၆(သောကြာနေ့) ညနေ ၆:၁၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၆(တနင်္ဂနွေနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၂၆ (ကြာသပတေးနေ့)နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်ခင်မျိုးဇင်
### လ/ထမန်နေဂျာ(ငြိမ်း)၊ မြန်မာ့အာမခံလုပ်ငန်း
## အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေလှိုင်လမ်း၊ အမှတ်(၂၀)နေ [ဦးအေးကြည်-ဒေါ်သန်းသန်း(ခ)ဒေါ်သန်းနု]တို့၏ သမီး၊ (ဦးဝင်းထွဋ်)၊ ဦးမျိုးဇင်-(ဒေါ်ခင်ဒွေးမြင့်)၊ ဦးညွန့်ဇင်-ဒေါ်ကြူကြူခင်၊ (ဒေါ်ခင်မျိုးဝေ)၊ (ဒေါ်ခင်သန်းဝေ)၊ ဒေါ်ဝင်းမိုရ်၊ ဦးတင့်နိုင်-ဒေါ်ဆုမိုရ်တို့၏ အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏ အဒေါ်၊ မြေးတစ်ယောက်၏ အဘွားဖြစ်သူ ဒေါ်ခင်မျိုးဇင်သည် ၁၃-၂-၂၀၂၆ (သောကြာနေ့) ည ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၂၆(စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၂၆ (ကြာသပတေးနေ့)တွင် ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါသောကြောင့် အမှတ်(၃၇)၊ မဟာဆိုရှယ်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေအိမ်သို့ နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အုန်းမြင့်
### (ဌာနမှူး၊ ဓာတုဗေဒဌာန-ငြိမ်း၊ ဆေးတက္ကသိုလ်- ၁၊ ရန်ကုန်)
## အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ အမှတ်(၃၈)၊ ဝေဠုဝန်လမ်းကျယ်၊ စမ်းချောင်းနေ(ဦးမောင်ကြီး-ဒေါ်ဘီ)တို့၏သမီး၊ ဒေါ်ခင်စန်းဝင်း၊ ဦးတင်ထွဋ်-ဒေါ်သန်းသန်းဝင်း၊ (ဦးကျော်သက်လွင်)-ဒေါ်တင်တင်ဌေးတို့၏ညီမ/အစ်မ၊ မဇင်မာထွဋ်၊ မောင်မျိုးထွန်းအောင်-မစုနန္ဒာလွင်၊ မောင်သီဟသက်လွင်၊ မရည်မွန်လွင် တို့၏ အဒေါ် ဒေါ်ခင်အုန်းမြင့် (ဌာနမှူး၊ ဓာတုဗေဒဌာန-ငြိမ်း၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)သည် ၁၃-၂-၂၀၂၆(သောကြာနေ့) ညနေ ၆:၀၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၇-၂-၂၀၂၆(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့၊ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၂၆ (ကြာသပတေးနေ့)နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပေးပါရန် ညှိုးငယ်စွာဖြင့်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထက်အောင် (B.Sc, DSA)
## အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ ဦးသန်းအောင်-ဒေါ်တင်ဦးကြည် တို့၏သားလတ် ဦးထက်အောင် အသက်(၅၂)နှစ်သည် ၁၄-၂-၂၀၂၆ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၈)မှ သူငယ်ချင်းများ**

## “ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ နယ်မြေ(၁၂)ရွှေညောင်ပင်လမ်း၊ အမှတ်(၁၂/၅၀) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx၆၀ပေ)မြေနှင့် အိမ်အရောင်းအဝယ်အား ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း”

အထက်အမည်ပါ အိမ်နှင့်မြေအား လက်ဝယ်ထား ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးမြမိုး[၁၂/ဒဂမ(နိုင်)၀၀၂၈၀၃]ထံမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေများက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးအပ်ထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ခိုင်မာသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင်မြင်သည်အထိ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်သူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဦးထွန်းမြင့်နိုင် [၆/ကသန(နိုင်)၀၈၃၂၆၂]** | **ဒေါ်ခင်ခင်ဆု (LL.B)** |
| **မဇာခြည်ထွန်း [၆/ကသန(နိုင်)၀၈၃၂၆၄]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၇၉၆၇)** |

**အမှတ်(၂၆၆)၊ စံပြ(၃)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၄၃၁၈၂၉၈၊ ၀၉-၇၉၄၃၁၈၂၉၈**

# အထူးဝမ်းနည်းကြေကွဲခြင်း
## တန်မွေအင်း (ခ) ဒေါ်မြင့်သန်း
### ကျော်ကျော်-ထွန်းထွန်း စပို့ရှပ်ဆိုင်၊ ယုဇနပလာဇာ
### ကျော်စိန်ပွဲရုံ (ဘုရင့်နောင်)
## အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၃၀)၊ (၂၁)လမ်းနှင့် ကျောက်တံတားမြို့နယ်၊ အမှတ်(၁၉၇)၊ လမ်း(၄၀)နေ [ဦးတန်ကျင်စိန် (ခ) တန်ချင်စင်-ဒေါ်တေရှူ့ရောင် (ခ) ဒေါ်စိန်]တို့၏သမီး၊ [တန်ဘွန်ဟိုက် (ခ) ဦးတင်ဦး]-ဒေါ်အေးအေးမော်၊ တန်ဘွန်ချွမ်း(ခ)ဦးကျော်ညွန့်-ဒေါ်ရင်ရင်၊ တန်ဘွန်လိန်း(ခ) ဦးအောင်ခင်-ဒေါ်မာမာ၊ [တန်ဘွန်စွမ်း (ခ) ဒေါ်ဘေဘီတန်]၊ တန်ဘွန်ခွန်း (ခ) ဒေါ်အေးအေးသန်း၊ တန်ဘွန်ပို့(ခ)ဦးဇော်မျိုးထက်-ဒေါ်လွင်လွင်ချို(ခ)ဒေါ်ကြူကြူ၊ တန်ဘွန်တျန်း(ခ)ဦးကျော်ကျော်-ဒေါ်မြင့်မြင့်သန်း၊ တန်ဘွန်ကီး(ခ)ဒေါ်ရီရီဝင်း-ဦးမျိုးဝင်း၊ တန်ဘွန်ဝမ်(ခ)ဦးထွန်းထွန်း-ဒေါက်တာသီတာဝင်းတို့၏အစ်မကြီး၊ တူ/တူမ ၁၈ ယောက်တို့၏ အဒေါ်၊ မြေး/မြေးမ ခြောက်ယောက်တို့၏အဘွားသည် ၆-၂-၂၀၂၆ (သောကြာနေ့) ည ၁၁:၀၉ နာရီတွင် ဘန်ကောက်မြို့၊ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘန်ကောက်ဆေးရုံကြီး မြန်မာပြည်ရုံး**
**Sea Lion Medical Travel**

**ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၃၀)၊ (၆)ထပ်တိုက်၏ (၆)လွှာ(ခြေရင်းခန်း)ကို ဒေါ်ရီရီမြင့် ပိုင်ဆိုင်သည့် တိုက်ခန်းနှင့်ပတ်သက်၍**

## “အများသိစေရန်ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းယု[၁၂/လမန(နိုင်) ၁၅၂၃၀၄]သည် အထက်ဖော်ပြပါ တိုက်ခန်းအား အပြီးအပိုင် လွှဲပြောင်းပေးအပ်ခြင်းစာချုပ် ပိုင်ဆိုင်ထားသည့် တိုက်ခန်းပိုင်ဆိုင်သူ ဒေါ်ရီရီမြင့် [၁၂/မရက(နိုင်)၀၅၇၆၅၄]ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ဦးသူ (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၄)**
**အမှတ်(၂၃)၊ တရုတ်ကျောင်းလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၈၉၀၉၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁အေ/အပိုင်း၂)၊ ချမ်းသာရွှေပြည်အိမ်ရာ၊ စံပယ်လမ်း၊ မြေကွက်အမှတ်(၄၃)၊ အကျယ်အဝန်း(၇၅ပေx၇၅ပေ)၊ ဧရိယာ(၅၆၂၅)စတုရန်းပေ၊ ၀.၁၂၉ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်စန်းစန်းဌေး [၁၂/မရက(နိုင်)၀၂၅၁၂၃]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မဥ္ဇူသကလမ်း၊ မြေကွက်အမှတ်(၁၁၆၁)၊ မြေအကျယ်အဝန်း(၄၀ပေ၈လက်မx၆၀ပေ)၊ ဧရိယာ ၀.၀၅၆ဧက၊ (၂၄၄၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်ဝင်းမာအေး[၁၁/ကဖန(နိုင်)၀၀၀၁၅၆]အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | | |
|---|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄**

# ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❖ **မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာလည်း ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံမှုရှိသည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားပြီး အဆိုပါအချက်ပေါ်တွင် အလေးအနက်ထားစဉ်းစားပြီး ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၊ ဖက်ဒရယ်နိုင်ငံတည်ဆောက်ရေးများကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လို...**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀) နှစ်ပြည့်နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲနှင့် ဈေးရောင်းပွဲတော် ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေရေးအစီအစဉ်များဖြင့် ပျော်ပွဲရွှင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၄ နာရီမှစတင်၍ အမှတ်(၇)ရပ်ကွက် ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန်-ညောင်တုန်းလမ်းထောင့် ဘုရင့်နောင်တိုးချဲ့ပန်းခြံတွင် ရောင်စုံမီးပန်းအလှများထွန်းလင်းလျက် ဂီတဖျော်ဖြေရေးပွဲတော်၊ ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများအား စည်ကားသိုက်မြိုက်စွာကျင်းပသည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**

**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဘုရားဖူးလာရောက်သူ တစ်သိန်းခွဲကျော်ထိရှိနေ**
စာမျက်နှာ » ၁၇

**ရထားလက်မှတ်များ လွယ်ကူအဆင်ပြေစွာ ဝယ်နိုင်ရေး အွန်လိုင်းပေါ်မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်းစနစ်ကို ရှေ့ပြေးအစီအစဉ်အဖြစ် စတင်မိတ်ဆက်ခြင်း**
စာမျက်နှာ » ၂၀

**၁၄-၂-၂၀၂၆ ရက်နေ့ အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ် ရလဒ်များ**

| | | |
|---|---|---|
| ဘာတန် | ၀ - ၁ | ဝက်စ်ဟမ်း |
| ဘန်လေ | ၁ - ၂ | မန်စ်ဖီးလ် |
| မန်စီးတီး | ၂ - ၀ | ဆဲလ်ဖို့ဒ် |
| နော့ဝှစ် | ၃ - ၁ | ဝက်စ်ဘရွန်း |
| ဆောက်သမ်တန် | ၂ - ၁ | လက်စတာ |



ဟားစ်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ဟားစ်စီးတီးကိုအနိုင်ရပြီး ချယ်လ်ဆီးအသင်း အက်ဖ်အေဖလားပဉ္စမအဆင့် တက်လှမ်း

ဟားစ်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက ဟားစ်စီးတီးအသင်းကို လေးဂိုးပြတ် အနိုင်ရပြီး ပဉ္စမအဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၂၆ ကော်လံ ၅ သို့ ❖

## MNL ပွဲစဉ် ၁၇ ပွဲကျန်တွင် ရှမ်းယူနိုက်တက်နှင့် ရောဝတီယူနိုက်တက်အသင်းတို့ အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၇ လက်ကျန်နှစ်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်ကကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့သည်။

သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုအတွက် အမှားခံ၍မရသည့် အခြေအနေဖြစ်သောကြောင့် ပွဲတိုင်းကို အာရုံစိုက်ကစားနေပြီး နိုင်ပွဲထပ်မံရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ပွဲထွက်ခွင့်ပြန်လည်ရရှိခဲ့သည့် တောင်ပံကစားသမား သက်ဝေမိုး၏ သွင်းဂိုးများဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းကတည်းက

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❍



ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။